# အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်–

## ပြည်သူ့ဆန္ဒကိုယ်စားပြုအခြေခံဥပဒေပေါ်ထွန်းရေးအတွက် ပြည်သူများ ထိမ်းချုပ်နိုင်သော အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ဖေါ်ထုတ်ရေး

အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီနိုင်ငံရေးစနစ် အခြေခိုင်ပြီးဖြစ်သော နိုင်ငံ တခုတွင် အခြေခံဥပဒေတရပ်ကို ပြင်ဆင်ရေးဆွဲလျှင်သော်လည်းကောင်း၊ အသစ်ရေး ဆွဲလျှင်သော်လည်းကောင်း သာမန်ပြည်သူများအနေဖြင့် ထိုအခြေခံဥပဒေ၏ စာသား များကိုသာ အဓိကထား အာရုံစိုက်လေ့လာကာ ဝေဖန်ထောက်ပြမှုများ ပြုလုပ်သွား နိုင်ပေမည်။ သို့သော် အာဏာရှင်စနစ် ပုံစံတမျိုးမျိုးဖြင့်အုပ်ချုပ်ခဲ့ရာမှ ဒီမိုကရေစီသို့ အသွင်ပြောင်းသွားမည့် နိုင်ငံများတွင်မူ ဥပဒေစာသားများကို မလေ့လာ မဆွေးနွေးမီ အ ခြေခံဥပဒေကို မည်သူများက မည်သို့ရေးဆွဲသနည်းဆိုသောအချက်ကို ဦးစွာ ဝေဖန်ပိုင်းခြားရန် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုနိုင်ငံများ၏ အခြေခံဥပဒေ ရေး ဆွဲရေးလုပ်ငန်းစဉ် အတွေ့အကြုံများအရ အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ကို ထိမ်းချုပ်သူများက ပြည်သူများအတွက် အကျိုးရှိမည့် အခြေခံဥပဒေပေါ်ထွက်ရေးထက် ရေး ဆွဲသူများအကျိုး သို့မဟုတ် ရေးဆွဲသူများကို ထိမ်းချုပ်သူများ အကျိုးအတွက် အခြေခံ ဥပဒေစာသားများကိုထည့်သွင်းကာ အတည်ပြုခဲ့သည်ကို ထင်ထင်ရှားရှား မြင်တွေ့နေ ရ၍ဖြစ်သည်။

ဖိလစ်ပိုင်၊ ထိုင်း၊ တောင်အာဖရိက၊ ကမ္ဘောဒီယားနိုင်ငံတို့မှ နိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များကို နှိုင်းယှဉ်လေ့လာခြင်းသည် ပြည်သူ့ဆန္ဒ (the will of the people) ကိုထင်ဟပ်သည့် ပြည်သူ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတရပ်ကို မည်သို့ရေးဆွဲသင့်သည် ဟူသော အဖြေကို ကောင်းစွာပေးနိုင်သည်။

အခြေခံဥပဒေတရပ်၏ ဥပဒေစာသား ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ရာနိုင်ငံ၏ လို အပ်ချက်ကိုလိုက်၍ ခြားနားမှုများရှိနိုင်သည်။ ထို့ကြောင့် နိုင်ငံတခု၏အခြေခံဥပဒေ စာသားပြဋ္ဌာန်းချက်များကို ထိုနိုင်ငံ၏နိုင်ငံသားများကသာ အကောင်းဆုံး ဝေဖန်နိုင်မည်ဖြစ်သည်။ သို့ရာတွင် အခြေခံဥပဒေရေး ဆွဲရေးလုပ်ငန်းစဉ်တရပ်လုံးကို မရိုးမသား ထိမ်းချုပ်သူများကြောင့် ပြည်သူ့ဆန္ဒနှင့်ဆန့်ကျင်သော သို့မဟုတ် ထပ်တူမဖြစ်သော အခြေခံဥပဒေ ပြဋ္ဌာန်းချက်များကိုသာ ထွက်လာစေသည်မှာ နိုင်ငံအားလုံးတွင် ရောဘုံယျတူညီသော အတွေ့အကြုံဖြစ်သည်။ ထို့အတူ ပြည်သူများထိမ်းချုပ်မှုရှိသော အခြေ ခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကသာ ပြည်သူများအတွက်အကျိုးရှိမည့် အခြေ ခံဥပဒေ စာသားပြဋ္ဌာန်းချက် များရရှိရေးကို အကောင်အထည် ဖေါ်ပေးနိုင်သည်ကို လည်း အထင်အရှားပင် တွေ့မြင်ရသည်။ အောက်ဖေါ်ပြပါ နိုင်ငံများ၏ အခြေခံဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်အတွေ့ကြုံများက သက်သေပြလျက်ရှိသည်။

# ဖိလစ်ပိုင်

ဖိလစ်ပိုင်နိုင်ငံ၏ လက်ရှိအခြေခံ ဥပဒေကို ၁၉၈၇ခုနှစ်က အတည်ပြုခဲ့ရာ ထိုဥပဒေကို ၁၉၈၇ခုနှစ်အခြေခံဥပဒေဟု လူသိများသည်။ ထိုအခြေခံဥပဒေကို ဖိလစ်ပိုင်အာဏာရှင် ဖာဒီနမ်မားကို့(စ) (Ferdinand Marcos, 1917-89) အား ဖိလစ်ပိုင်ပြည်သူများက ၁၉၈၆ ခုနှစ်က ပြည်သူ့အာဏာတော်လှန်ရေး (People Power Revolution) ဟု ဖိလစ်ပိုင်သမိုင်းတွင် ကဗ္ဗည်းတင်ခဲ့သော ပြည်သူ့တော်လှန်ရေးတရပ်ဖြင့် ဖယ်ရှားအပြီးတွင် ရေးဆွဲအတည်ပြုခဲ့ခြင်းဖြစ်သည်။

## ၁၉၈၇ခုနှစ်အခြေခံဥပဒေနှင့် နိုင်ငံရေးသမိုင်းနောက်ခံ

၁၉၈၇ခုနှစ် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို တရားအမျှတဆုံးရရှိအောင် လုပ်ဆောင်နိုင်ခဲ့ခြင်းသည် ဖိလစ်ပိုင်ပြည်သူများ၏အတိတ်က ခါးသီးသောသမိုင်းအတွေ့အကြုံများမှ သင်ခန်းစာများပေါ်တွင် မူတည်သည်။ ဖိလစ်ပိုင်နိုင်ငံ လွတ်လပ်ရေး ရလာစဉ်တွင် စတင်ကျင့်သုံးသည့် အခြေခံဥပဒေဖြစ်သော ၁၉၃၅ခုနှစ်အခြေခံဥပဒေကို အမေရိကန်၏ကိုလိုနီအဖြစ်မှ အသွင်ကူးပြောင်းရေးကာလအတွင်း အတည်ပြုခဲ့သည်။ ၁၉၃၅ ခုနှစ်အခြေခံဥပဒေရေးဆွဲရန် အခြေခံဥပဒေရေးဆွဲရေး ညီလာခံ (Constitution Convention) တရပ်ကို အမေရိကန်ပြည်ထောင်စု သမတ ရူစဗက် လက်ထက်၌ အတည်ပြုပေးခဲ့သော လွတ်လပ်ရေးအက်ဥပဒေ (Independence Act) ဖြင့် ဖေါ်ဆောင်ပေးခဲ့သည်။ ထိုအခြေခံဥပဒေရေးဆွဲရေး ညီလာခံက ရေးဆွဲပေးသော ဥပဒေမူကြမ်းကို ဖိလစ်ပိုင်ပြည်သူများက အတည်ပြုပေးခဲ့သည်။ မည်သို့ဖြစ်စေ ၁၉၃၅ ခုနှစ် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်သည် ကိုလိုနီဘဝ၌ ရေးဆွဲခဲ့ရစေကာမူ ဖိလစ်ပိုင်ပြည်သူများ အတိုင်းအတာတခုအထိ လွတ်လပ်စွာ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သည်။

အာဏာရှင် မားကို့(စ)၏ လက်စွဲတော် အခြေခံဥပဒေဖြစ်သော ၁၉၇၃ခုနှစ် အခြေခံဥပဒေသည် ၁၉၇၀ ခုနှစ်များမှ စတင်ခဲ့သော ဖိလစ်ပိုင်နိုင်ငံရေး ရှုတ်ထွေးမှုကာလတွင် ပေါ်ထွက်လာသည်။ ၁၉၆၅ ခုနှစ်ကတည်းက သမတဖြစ်ခဲ့သူ မားကို့(စ)၏ နိုင်ငံရေးအတိုက်အခံများက ဥပဒေပြုလွှတ်တော်ဖြစ်သော ကွန်ကရက်လွှတ်တော်အတွင်း၌ အင်အားအများစုရရှိလာခဲ့သည်။ ၁၉၆၇ ခုနှစ်မှစ၍ သမတမားကို့(စ)သည် ၁၉၃၅ ခုနှစ်အခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲရန် ကြံစည်လာခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် အခြေခံဥပဒေရေးဆွဲရေးညီလာခံတရပ်ကျင်းပရန် ဖိလစ်ပိုင်ကွန်ကရက်မှလည်း အတည်ပြုထားခဲ့သည်။ သမတ ဖာဒီနန်မားကို့(စ)သည် ၁၉၇၁ခုနှစ်တွင်ကျင်းပသော ကွန်ကရက်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည်။ မားကို့(စ)၏ နိုင်ငံရေးအတိုက်အခံနှင့် နိုင်ငံရေးပြိုင်ဖက်ဖြစ်သော နင်နွိုင်အကွီနို (၁၉၈၆ ခုနှစ်၌ သမတဖြစ်လာသူ ကိုရာဇန်အကွီနို၏ ခင်ပွန်းနှင့် ၁၉၈၃ ခုနှစ်၌လုပ်ကြံခံရသူ) ကိုထောက်ခံမှု များလာသောအခါ အာဏာရှင်သမတမားကို့(စ) အနေဖြင့်အာဏာလက်လွှတ်ရမည့်အရေးကိုတွေးပြီး အာဏာဆက်မြဲရေးကိုအာမခံမည့် အခြေခံဥပဒေအဖြစ်ပြင်ဆင်ရန် အာရုံစိုက်လုပ်ဆောင်လာခဲ့သည်။

၁၉၇၂ ခုနှစ် စက်တင်ဘာလ (၂၃)ရက်နေ့တွင် သမတမားကို့(စ)က စစ်အုပ်ချုပ်ရေးထုတ်ပြန်ကြေညာပြီး နိုင်ငံရေးအတိုက်အခံအများအပြားကို ဖမ်းဆီးခဲ့သည်။ ထို့အပြင် အစိုးရအတွင်း အကြီးအကျယ်အပြောင်းအလဲများပြုလုပ်ပြီး သတင်းစာနယ်ဇင်းတခုလုံးကိုလည်း ထိမ်းချုပ်ခဲ့သည်။ မားကို့(စ)၏လုပ်ဆောင်ချက်များအနက် အထူးကဲဆုံးမှာ ၁၉၃၅ ခုနှစ်အခြေခံဥပဒေအရ တောက်လျှောက်ကျင့်သုံးလာခဲ့သော သမတဦးဆောင်အစိုးရစနစ် (Presidential Government) အစား ပါလီမန်အစိုးရစနစ် (Parliamentary Government) အဖြစ်သို့ပြောင်းလဲရန် အားထုတ်မှုဖြစ်သည်။ ၁၉၇၁ ခုနှစ် ကွန်ကရက်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခြင်း၊ အတိုက်အခံခေါင်းဆောင် နင်နွိုင်အကွီနို၏ ထင်ပေါ်ကျော်ကြား လူကြိုက်များမှု ပိုပိုတိုးလာခြင်းများသည် အာဏာရှင် မားကို့(စ)အဖို့ နောက်တကြိမ် သမတရွေးကောက်ပွဲတွင် ရှုံးနိမ့်လိမ့်မည်ဟု သေချာပေါက်တွက်ချက်ရန် လုံလောက်သည့်အချက်များဖြစ်သည်။ ထို့ကြောင့် သမတမားကို့(စ)သည် သမတဦးဆောင်အစိုးရစနစ်မှ ပါလီမန်အစိုးရစနစ်သို့ အခြေခံဥပဒေတွင် ပြောင်းလဲခြင်းဖြင့် သမတအဖြစ် လူထုကတိုက်ရိုက်မဲပေးခြင်းမရှိစေကာမူ အာဏာဆက်လက်ချုပ်ကိုင်နိုင်မည့်အရေးတွက်ဆကာ ပါလီမန်အစိုးရစနစ်သို့ ပြောင်းလဲရေးလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

သို့ဖြင့် နိုင်ငံရေးအတိုက်အခံများကိုလည်းဖမ်းဆီးထားစဉ် သမတ မားကို့(စ)၏ အပြည့်အဝ ထိမ်းချုပ်မှုအောက်တွင် ၁၉၇၃ အခြေခံဥပဒေကို ရေးဆွဲအတည်ပြုခဲ့သည်။ ၁၉၇၃ အခြေခံဥပဒေအရ မားကို့(စ)သည် သမတနှင့်ဝန်ကြီးချုပ် ရာထူးနေရာနှစ်ခုစလုံးကို ရယူထားသည်။ သူ၏ဇနီး အာမီဒယ်မားကို့(စ)အား မနီလာမြို့တော်ဝန်၊ အစိုးရအဖွဲ့ဝန်ကြီး၊ သားကို သမတ၏လက်ထောက် စသည်ဖြင့် မိသားစုအစိုးရပုံစံဖြင့် အုပ်ချုပ်ခဲ့သည်။ ပိုဆိုးသည်မှာ မားကို့(စ)အနေဖြင့် ရွေးကောက်ပွဲဝင်စရာ မလိုတော့ပဲ ၁၉၈၅–၈၆ လူထုအာဏာတော်လှန်ရေးဖြင့် ဖယ်ရှားခံရသည့်အချိန်အထိ အုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။

အာဏာရှင်မားကို့(စ)က အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို စိတ်တိုင်းကျ ထိမ်းချုပ်ကာ အာဏာရှင်အုပ်ချုပ်ရေး သက်ဆိုးရှည်ခဲ့သည်ကို ဖိလစ်ပိုင်ပြည်သူများ ကောင်းစွာသဘောပေါက်ထားသည့်အလျောက် ၁၉၈၆ ခုနှစ် လူထုအာဏာတော်လှန်ရေးအပြီး အခြေခံဥပဒေတရပ် ပြန်လည်ရေးဆွဲရန် လိုအပ်လာသောအခါ မည်သို့လုပ်ဆောင်ရမည်ကို ကောင်းစွာသဘောပေါက်ထားသည့်အလျောက် ပြည်သူတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ရသော အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

## ၁၉၈၇ အခြေခံဥပဒေ ရေးဆွဲပုံ

၁၉၈၇ အခြေခံဥပဒေသည် ပြည်သူတို့၏ဆန္ဒကို အကောင်းဆုံးထင်ဟပ်နိုင်သော အခြေခံဥပဒေဖြစ်ကြောင်း ပြည်သူများကယုံကြည်သည်။ ထိုသို့ယုံကြည်ရခြင်းမှာ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို ပြည်သူများ၏ အပြည့်အဝပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ အာဏာရှင်သမတ ဖာဒီနန်မားကို့(စ) ကို ဖယ်

ရှားပြီးနောက် အာဏာရလာသည့် ပြည်သူတို့အပြည့်အဝထောက်ခံသော သမတ ကို ရာဇန်အကွီနိုလက်ထက် ၁၉၈၆ ခုနှစ်ဧပြီလ(၂၃)ရက်နေ့တွင် အဖွဲ့ဝင်(၅၀) ပါဝင်သော အခြေခံဥပဒေရေးဆွဲရေး ကောက်မရှင်တရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ထိုကော်မရှင်က အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တရပ်လုံးတွင် ပြည်သူများ ၏ သဘောထားဆန္ဒများ၊ လိုလားတောင့်တချက်များ၊ အကြံဉာဏ်များ၊ ပူးပေါင်းဆောင် ရွက်မှုများကို ဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်တလျှောက်လုံး စနစ်တကျစုဆောင်းလုပ် ဆောင်ခဲ့သည်။ ထိုသို့လုပ်ဆောင်နိုင်ရန် –

- သက်ဆိုင်ရာ အကြောင်းအရာလိုက် အထူးအာရုံစိုက်ဆောင်ရွက်ပေးရန် ဆပ် ကော်မတီ(၁၈)ခုကို ထပ်မံဖွဲ့စည်း၍ ပြည်သူများ၏လိုလားတင်ပြချက်များ၊ အကြံ ဉာဏ်များကို နားထောင်ခြင်း၊ စုဆောင်းခြင်း၊
- လူထုကြားနာပွဲ (public hearing) များ နိုင်ငံအနှံ့ စီစဉ်ပေးခြင်း၊
- ပြည်သူလူထုထံ ပြန်လည်၍ရှင်းပြပေးသော အစည်းအဝေးများ ကျင်းပပေးခြင်း၊

စသည့်လုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်။ တနည်းအားဖြင့် ပြည်သူ့ဆန္ဒကို အမှန်တကယ်ကိုယ်စားပြုသည့် အခြေခံဥပဒေတရပ်ရရှိရေးအတွက် ပြည်သူများကိုယ်တိုင် ပါဝင်လုပ်ဆောင်နိုင်သော အခြေခံဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ် ကို အစိုးရက ကမကထပြုပေးခြင်းသာဖြစ်၍ အစိုးရကထိမ်းချုပ်ခြင်းသော်လည်း ကောင်း၊ လွှမ်းမိုးခြင်းသော်လည်းကောင်း မပြုခဲ့ပေ။ အခြေခံဥပဒေကိစ္စနှင့်ပတ်သက်၍ ပြည်သူများ လွတ်လပ်စွာလုပ်ဆောင်ခွင့်ကို အစိုးရကအားပေးသည်။ ထို့ကြောင့်ဖိလစ် ပိုင် ပြည်သူများက ၁၉၈၇ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်သည် ၎င်းတို့၏ နိုင်ငံရေး သမိုင်းတွင် တရားမျှတမှုအရှိဆုံး အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်အဖြစ် ရှုမြင်ကြ သည်။

## မှတ်သားဖွယ်အချက်များ

၁။ အာဏာရှင်မားကို့(စ)သည် ၎င်းစိတ်တိုင်းကျ အာဏာဆက်လက်ချုပ်နိုင် ရေးအတွက် ၁၉၇၃အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို ထိမ်းချုပ်ကာ အစိုးရ စနစ်တရပ်ကို လိုသလိုထည့်သွင်းခဲ့သည်။ တနည်းအားဖြင့် အာဏာဆက်လက် ချုပ်ကိုင်ရေးကို အခြေခံဥပဒေအရ တရားဝင်မှုရအောင်လုပ်ယူခဲ့သည်။

၂။ ဖိလစ်ပိုင်နိုင်ငံ၏ ၁၉၈၇ခုနှစ်အခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်နှင့်ပတ် သက်၍ မှတ်သားဖွယ်ကောင်းသောအချက်မှာ ထိုဥပဒေကို အာဏာရှင်အုပ်ချုပ် ရေးစနစ် ထိမ်းချုပ်မှုအောက်မှ ကင်းလွတ်သော အချိန်သို့မဟုတ် ပြည်သူ့ခေါင်း ဆောင် ကိုရာဇန်အကွီနို အုပ်ချုပ်ခွင့်ရသောအချိန်တွင်မှ ရေးဆွဲခြင်းဖြစ်သည်။

၃။ ထိုအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ပေါ်လာရေးအတွက် အာဏာရှင် မားကို့(စ) နှင့် ယှဉ်ပြိုင်ရသည့်လူထုခေါင်းဆောင် ကိုရာဇန်အကွီနိုအား ဖိလစ် ပိုင်ပြည်သူများက အပြည့်အဝထောက်ခံမှုပေးလိုက်သည့်အတွက် အာဏာရှင်

ဖြုတ်ချရေး အောင်ပွဲခံသွားသည့် ၁၉၈၇ အခြေခံဥပဒေရေးဆွဲရန် လမ်းပွင့်သွားခဲ့သည်။

## ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံ၏ လက်ရှိအခြေခံဥပဒေကို ၁၉၉၇ခုနှစ်ကအတည်ပြုခဲ့သဖြင့် ထိုဥပဒေကို ၁၉၉၇ခုနှစ်အခြေခံဥပဒေဟုခေါ်သည်။ ထိုအခြေခံဥပဒေသည်လည်း ပြည်သူများကိုယ်တိုင်ကိုယ်ကျ ပါဝင်ရေးဆွဲရသည့်အလား ပြည်သူများအနေဖြင့် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ရခဲ့သည်။ ရလဒ်အနေဖြင့်ပြည်သူ့ဆန္ဒကိုအကောင်း ဆုံးထင်ဟပ်နိုင်သော အခြေခံဥပဒေတရပ် ထိုင်းနိုင်ငံရေးသမိုင်းတွင် ဂုဏ်ယူဝင့်ကြွားစွာ ပေါ်ထွန်းလာခဲ့သည်။

### ၁၉၉၇ခုနှစ် အခြေခံဥပဒေနှင့် နိုင်ငံရေးသမိုင်းနောက်ခံ

၁၉၉၇ ခုနှစ်တွင် အတည်ပြုခဲ့သောအခြေခံဥပဒေသည် ထိုင်းနိုင်ငံတွင် ၁၉၃၂ ခုနှစ် စည်းမျဉ်းခံဘုရင်စနစ် (constitutional monarchism) ကျင့်သုံးခဲ့သော အနှစ် ၆၀ ကျော်ကာလအတွင်း ၁၆ ခုမြောက် အခြေခံဥပဒေဖြစ်သည်။ ထိုမျှများပြားလှသော အခြေခံဥပဒေများ ထိုင်းနိုင်ငံရေးသမိုင်းတွင် ပေါ်ပေါက်ခဲ့သည်ကို ထောက်ရှုခြင်းဖြင့် ထိုင်းနိုင်ငံတွင် အခြေခံဥပဒေနှင့်ပတ်သက်၍ ရှုတ်ထွေးပွေလီမှု မည်မျှများခဲ့ကြောင်း ခန့်မှန်းနိုင်သည်။ သို့သော် ယခင်ကကျင့်သုံးခဲ့ဘူးသော အခြေခံဥပဒေများရေးဆွဲရာတွင် လူထုပါဝင်ပတ်သက်မှုသည် ၁၉၉၇ အခြေခံဥပဒေရေးဆွဲရာတွင် လူထုပါဝင်ခဲ့ပုံနှင့် များစွာခြားနားသည်။

ပြည်သူ့ဆန္ဒကိုအများဆုံးထင်ဟပ်သော ၁၉၉၇ ခုနှစ်အခြေခံဥပဒေ ပေါ်ထွန်းရေးအတွက် လတ်တလောအကျဆုံး သမိုင်းကြောင်းကိုပြန်ကြည့်လျှင် Black May 1992 ဟုလူသိများသော ၁၉၉၂ခုနှစ်က နိုင်ငံရေးမိုးမှောင်ကျမှုကို ပြန်ပြောင်းကြည့်ရပေမည်။ ၁၉၉၂ခုနှစ် ထိုင်းနိုင်ငံတွင်ကြုံတွေ့ခဲ့ရသော ထိုနိုင်ငံရေးမိုးမှောင်ကျမှုသည် ၁၉၉၇ အခြေခံဥပဒေပေါ်ထွန်းရေးအတွက် တွန်းအားပေးသည့် အဓိကအကျဆုံးနိုင်ငံရေးပြဿနာလည်းဖြစ်သည်။

၁၉၉၁ခုနှစ် ဖေဖော်ဝါရီလ၌ ထိုင်းစစ်တပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆူချင်းဒါးကာပလာယွန် ဦးဆောင်သောစစ်အာဏာသိမ်းမှုတရပ် ဖြစ်ပွါးခဲ့သည်။ ၎င်းတို့ စစ်အာဏာသိမ်းအဖွဲ့ကို National Peace Keeping Coincil (NPKC) ဟုခေါ်တွင်သည်။ ထိုအာဏာသိမ်းအဖွဲ့ NPKC သည် ထိုင်းနိုင်ငံတွင်အရှည်သဖြင့် လက်ခံကျင့်သုံးမည့် အခြေခံဥပဒေတရပ်ရေးဆွဲရန်အတွက် အခြေခံဥပဒေရေးဆွဲရေးကော်မရှင်တရပ်ကို စိတ်ကြိုက်ရွေးချယ်တာဝန်ပေးခဲ့သည်။ ထိုကော်မရှင်ကရေးဆွဲသော အခြေခံဥပဒေကို ထိုင်းနိုင်ငံရေးသမိုင်းတွင် NPKC အခြေခံဥပဒေဟုလူသိများသည်။

NPKC အခြေခံဥပဒေတွင် ထိုင်းပြည်သူများလက်မခံနိုင်သော အငြင်းပွါးဖွယ်ပြဋ္ဌာန်းချက်မြောက်များစွာကို ထည့်သွင်းထားခဲ့သည်။ ထိုအထဲတွင်ရွေးချယ်တင်မြှောက်

ပွဲဝင်စရာမလိုပဲ တဦးတယောက်ကိုဝန်ကြီးချုပ်အဖြစ် ခန့်အပ်နိုင်သောပြဋ္ဌာန်းချက်နှင့် စစ်တပ်ကိုယ်စားလှယ်အများအပြားပါဝင်သော ဥပဒေပြုအထက်လွှတ်တော် ဆီးနိတ် ၏ လုပ်ပိုင်ခွင့်အာဏာတိုးမြှင့်ပေးထားခြင်း၊ ထိုအခြေခံဥပဒေအရဖွဲ့စည်းလိုက်သော ပထမဆုံးလွှတ်တော်ဥက္ကဋ္ဌများကို NPKC က ခန့်အပ်နိုင်ခြင်း၊ ဝန်ကြီးချုပ်ရွေးချယ်မှု တွင် အောက်လွှတ်တော်နှင့်အတူ အထက်လွှတ်တော်ဆီးနိတ်ကလည်း ပါဝင်လုပ် ဆောင်နိုင်ခြင်း စသောပြဋ္ဌာန်းချက်များပါဝင်သည်။ ထိုအခြေခံဥပဒေကို NPKC ထိမ်း ချုပ်မှုအောက်တွင် အတားအဆီးမရှိအတည်ပြုနိုင်ခဲ့သည်။

New Aspiration, Palang Dhama, Democrat, Solidarity, Prachakorn Thai စသော နိုင်ငံရေးပါတီများက NPKC အခြေခံဥပဒေပါ ဒီမိုကရေစီ နည်းလမ်းမကျသော ပြဋ္ဌာန်းချက်များကိုတိုက်ဖျက်ရန် သဘောတူခဲ့သည်။ ကျောင်းသားများ နှင့်အလုပ်သမားသမဂ္ဂများကလည်း NPKC အခြေခံဥပဒေ တိုက်ဖျက်ရေး အတွက် လက်တွဲပါဝင်လာသည်။ ထိုအတောအတွင်း ၁၉၉၁ခုနှစ် နိုဝင်ဘာလ (၁၉) ရက်နေ့တွင် စစ်အာဏာသိမ်းခေါင်းဆောင်ဗိုလ်ချုပ်ကြီးဆူချင်းဒါးက ၎င်းအနေဖြင့် ဝန်ကြီးချုပ်လုပ်မည်မဟုတ်ကြောင်း အများသိထုတ်ပြန်ကြေညာခဲ့သည်။ တပြိုင်နက်တည်း တွင် ကျောင်းသားများ၊ အလုပ်သမားများဦးဆောင်သော ပြည်သူ့ကန့်ကွက်ဆန္ဒပြ ပွဲများ အရှိန်အဟုန်ဖြင့် ကြီးထွားလာခဲ့သည်။

NPKC လက်ထက်အတည်ပြုခဲ့သော အခြေခံဥပဒေသည် ရေးဆွဲရေးလုပ်ငန်းစဉ်တွင် စစ်အာဏာသိမ်းအဖွဲ့က အပြည့်အဝထိမ်းချုပ်ထားရုံသာမက အတည်ပြုရေး လုပ်ငန်းစဉ်တွင်လည်း ပြည်သူများပါဝင်ခွင့်ကို ဥပက္ခာပြုထားခဲ့သည်။ ဒီမိုကရက်ပါတီခေါင်းဆောင်ချွမ်လိပိုင်က ထိုအခြေခံဥပဒေအရကျင်းပမည့် အထွေးထွေးရွေးကောက်ပွဲပြီးပါက ဒီမိုကရေစီနည်းလမ်းမကျသော ထိုအခြေခံဥပဒေမှပြဋ္ဌာန်းချက်များကို ပြင်ဆင်ရာ၌လက်တွဲပါဝင်ရန် အခြားနိုင်ငံရေးပါတီများနှင့် ပြည်သူလူထုထံမေတ္တာရပ်ခံခဲ့သည်။

၁၉၉၂ ခုနှစ် မတ်လတွင်ကျင်းပသော ပရိယယ်ဆင်မှုများဖြင့် ပြည့်နှက်နေသည်ဟု သတင်းလောကက သတ်မှတ်သည့်အထွေထွေရွေးကောက်ပွဲတွင် စစ်တပ်လိုလားသောပါတီများက မဲအနည်းငယ်အသာဖြင့်အနိုင်ရခဲ့သည်။ Smakkhitham ပါတီခေါင်းဆောင်နရမ်းဝန်ဝမ်းကို ဝန်ကြီးချုပ်အဖြစ် အမည်အစာရင်းတင်သွင်းရာ အမေရိကန် အစိုးရက နရမ်းဝန်ဝမ်းသည်ဘိန်းကုန်ကူးမှုနှင့် ပတ်သက်မှုရှိသည်ဟုစွပ်စွဲသဖြင့် ဝန်ကြီးချုပ်နေရာအတွက် အမည်စာရင်းတင်သွင်းမှုကိုပယ်ချခဲ့ရသည်။ ထို့နောက်စစ်တပ်ဦး စီးချုပ်အဖြစ်မှ ပူပူနွေးနွေးနုတ်ထွက်လာသော စစ်အာဏာသိမ်းခေါင်းဆောင်ဗိုလ်ချုပ် ကြီးဆူချင်းဒါးမှာ ဝန်ကြီးချုပ်အဖြစ် စစ်တပ်လိုလားသော ပါတီများ လွှမ်းမိုးထားသည့် ပါလီမန်မှ ရွေးကောက်ခြင်းခံခဲ့ရသည်။ ၁၉၉၂ ခုနှစ် ဧပြီ၊ မေလအတွင်း ဘန်ကောက်နေလူ ထုထောင်ပေါင်းများစွာ ဆူချင်းဒါးကန့်ကွက်ရှုတ်ချပွဲ၌ ပါဝင်ခဲ့သည်။ မေလ (၈)ရက်နေ့တွင်စစ်တပ်မှဆန္ဒပြပွဲများကို အကြမ်းဖက်နှိပ်ကွပ်ခဲ့သည်။ မေလ (၁၇) ရက်နေ့တွင် လူတသိန်းကျော်တို့ဘန်ကောက်မြို့ ဆနန်းမလောင်လူထုစုဝေးကွင်းကြီး၌ စုဝေးခဲ့ကြပြန်သည်။ စစ်တပ်က နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာကာ အင်အားသုံး၍ ဆန္ဒပြပွဲကိုဖြိုခွင်းခဲ့သည်။ မေလ (၂၄) ရက်နေ့သို့ရောက်သောအခါ ထိုင်းရှင်ဘုရင်မင်းမြတ်က ကြားဝင်ဖြန်ဖြေပေးလိုက်မှသာ အကြမ်းဖက်မှုကြီးပြီးဆုံးခဲ့ရသည်။

အခြေခံဥပဒေမှ အချို့အချက်များကိုပြင်ဆင်၍ ၁၉၉၂ ခုနှစ် စက်တင်ဘာလတွင် အထွေထွေရွေးကောက်ပွဲများ ထပ်မံကျင်းပပြီး အစိုးရသစ်ကို ပြန်လည်ဖွဲ့စည်းစေ သည်။ ဤတကြိမ်တွင် ချွမ်လိပိုင်ဦးဆောင်သည့် ဒီမိုကရက်ပါတီက အများစုအနိုင်ရ သဖြင့် ဒီမိုကရက်တို့ဦးဆောင်သော ညွန့်ပေါင်းအစိုးရတရပ်ပေါ်လာသည်။ ၁၉၉၄ ခုနှစ် သို့ ရောက်သောအခါ အခြေခံဥပဒေ ပြင်ဆင်ရေးလှုပ်ရှားမှုများ တဖန်အားကောင်း လာသည်။ ဆက်တိုက်လိုလို ဖြစ်ပေါ်လာခဲ့သော ထိုလှုပ်ရှားမှုများကြောင့် သီးသန့် လွတ်လပ်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့ကို ခန့်အပ်ကာ ၁၉၉၇ အခြေခံဥပဒေ ပေါ်ထွန်းလာသည်အထိ လုပ်ဆောင်နိုင်ခဲ့သည်။

## ၁၉၉၇ခုနှစ်အခြေခံဥပဒေ ရေးဆွဲပုံ

၁၉၉၇ အခြေခံဥပဒေကို တနှစ်ကျော်အချိန်ယူကာ သီးသန့်လွတ်လပ်သော အခြေခံဥပဒေရေးဆွဲရေးအဖွဲ့ (Constitution Drafting Assembly) က တာဝန်ယူရေးဆွဲခဲ့သည်။ ထိုအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်တာဝန်ယူသူများမှာ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသူများဖြစ်သည်။ အခြေခံဥပဒေရေးဆွဲရေးအဖွဲ့က လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရာတွင် တနိုင်ငံလုံးအနှံ့ ပြည်သူများ၏ အကြံဉာဏ်များကို ရယူခဲ့သည်။ ထိုသို့ လုပ်ဆောင်ရာတွင် ဖိလစ်ပိုင်နိုင်ငံတွင် လုပ်ဆောင်ခဲ့သည့်ပုံနှင့် နည်းနာပိုင်းအရ အနည်းငယ်ခြားနားမှုရှိသော်လည်း အနှစ်သာရမှာ အတူတူပင်ဖြစ်သည်။

အခြေခံဥပဒေရေးဆွဲကော်မတီမှ ရေးဆွဲပြီးသော အခြေခံဥပဒေကို ထိုင်းပါလီမန်သို့တင်ပြ၍ အတည်ပြုရန်၊ အကယ်၍ ပါလီမန်က အတည်မပြုပဲပယ်ချပါက ပြည်သူလူထုက လူထုဆန္ဒခံယူပွဲဖြင့်အတည်ပြုချက်ပေးရန်ဟူသော အတည်ပြုရေးနည်းလမ်းကို အခြေခံဥပဒေ စတင်ရေးဆွဲစဉ်ကတည်းက ရှင်းလင်းပြတ်သားစွာ ပြဋ္ဌာန်းထားပြီးဖြစ်သည်။ အကျင့်ပျက်နိုင်ငံရေးသမားများကို အရေးယူအပစ်ပေးနိုင်မည့် ပြဋ္ဌာန်းချက်များ စွာပါဝင်သည့် အခြေခံဥပဒေရေးဆွဲရေးကော်မတီက ရေးဆွဲပြီးသော အခြေခံဥပဒေမူ□ ကမ်းကို ထိုင်းပါလီမန်လွှတ်တော်သို့ တင်ပြခါနီးအချိန်တွင် အကျင့်ပျက်နိုင်ငံရေးသမားအချို့က အတည်မပြုလိုသည့်သဘောဖြင့် အမျိုးမျိုးဝေဖန်ချက်များပေးခဲ့ကြသည်။ ၁၉၉၇ အခြေခံဥပဒေကို အတည်ပြုရမည့်အချိန်သည် ထိုင်းနိုင်ငံ၌ စီးပွါးရေးကဒ်ကြီးနှင့် ရင်ဆိုင်နေရချိန်ဖြစ်သည်။ ထိုစီးပွါးရေးကဒ်ကြီးသည် နိုင်ငံရေးသမားများ၏ အားနည်းချက်ကြောင့်ဖြစ်ရသည်ဟု ထိုင်းပြည်သူများက ယူဆထားသည်။ အကယ်၍သာ ၁၉၉၇ အခြေခံဥပဒေကို ထိုင်းနိုင်ငံရေးသမားများက ပယ်ချလိုက်ပါက ထိုဥပဒေကိုအတည်ပြုရေးသည် ပြည်သူလူထုလက်ထဲသို့ ရောက်ရှိသွားပေလိမ့်မည်။ ထိုအခါ အကျင့်ပျက်နိုင်ငံရေးသမားများကို မုလကတည်းကနာကျည်းနေသော ထိုင်းပြည်သူများနှင့် အကျင့်ပျက် နိုင်ငံရေးသမားများအကြား တင်းမာမှုတရပ်ပေါ်လာပေလိမ့်မည်၊ နောက်ဆုံးတွင် ပြည်သူများကလည်း အခြေခံဥပဒေကို အတည်ပြုသွားပေလိမ့်မည်၊ စသည်ဖြင့် တွက်ချက်မိသော ထိုင်းပါလီမန်မှနိုင်ငံရေးသမားများက နောက်ဆုံးတွင် အခြေခံ ဥပဒေရေးဆွဲရေးကော်မတီမှတင်ပြသော အခြေခံဥပဒေအတိုင်းပင် အတည်ပြုလိုက်လေသည်။

သို့ဖြင့် ၁၉၉၇ အခြေခံဥပဒေသည် ပြည်သူများ၏ဆန္ဒကို အပြည့်အ၀ထင်ဟပ်သော၊ အကျင့်ပျက်နိုင်ငံရေးသမားများကို ဆုံးမနိုင်သော၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အများဆုံး အကာအကွယ်ပေးနိုင်သော အခြေခံဥပဒေတရပ်အဖြစ် ပေါ်ထွန်းလာခဲ့ သည်။

**မှတ်သားဖွယ်အချက်များ**

၁။ ထိုင်းနိုင်ငံအတွေ့အကြုံများအရ စစ်အာဏာသိမ်းအဖွဲ့၏ အပြည့်အ၀ ထိမ်းချုပ်မှုအောက်တွင်ရေးဆွဲသော အခြေခံဥပဒေ ပြဋ္ဌာန်းချက်များသည် စစ် အာဏာသိမ်းခေါင်းဆောင်များ အကျိုးကိုသာ အဓိကထားခဲ့သည်မှာ ထင်ရှား သည်။ ထိုသို့ စစ်အာဏာသိမ်းခေါင်းဆောင်များ လက်ဝါးကြီးအုပ်မှုကို တန်ပြန်တော်လှန်ရသောအခါ ပြည်သူများ ရာချီ၍သေဆုံးခြင်း၊ ပျောက်ဆုံးခြင်း၊ ထောင်ချခံရခြင်းများ နောက်ဆက်တွဲအနေဖြင့် ကြုံရသည်။ ထိုသင်ခန်းစာရလိုက်ပြီးမှ ၁၉၉၇ ခုနှစ်အခြေခံဥပဒေ ပေါ်ထွန်းအောင်လုပ်ဆောင်ရာတွင် ပြည်သူများ၏ဆန္ဒကို အမှန်တကယ်ထင်ဟပ်နိုင်ရန် အာဏာအတွက်လုပ်နေသော နိုင်ငံရေးသမားမဟုတ်သည့် မျိုးချစ်ပြည်သူ့ကိုယ်စားလှယ်များဖြင့် အခြေခံဥပဒေရေးဆွဲရေးကို လုပ်ဆောင်စေခဲ့သည်။

၂။ ထိုင်းပြည်သူများအနေဖြင့် ပြည်သူ့ဆန္ဒကိုကိုယ်စားပြုနိုင်သော အခြေခံဥပဒေတရပ်ပေါ်ထွန်းရေးအတွက် အခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်တရပ် ပေါ်လာအောင် စစ်အာဏာသိမ်းအဖွဲ့ကို အောင်မြင်စွာအံတုနိုင်ခဲ့သည်။ ရလဒ်အနေဖြင့် ၁၉၉၇ ခုနှစ်အခြေခံဥပဒေ ရေးဆွဲရာတွင် အာဏာရအစိုးရကသော်လည်းကောင်း၊ စစ်တပ်ကသော်လည်းကောင်း၊ အခြားအာဏာရှိ အဖွဲ့တခုတခုကသော်လည်းကောင်း၊ နိုင်ငံရေးပါတီတခုခုက သော်လည်းကောင်း လုံးဝစွက်ဖက်ခြင်း မပြုနိုင်ခဲ့ပေ။ ထို့အပြင် ဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်တလျှောက်လုံးတွင်လည်း ပြည်သူများက မိမိတို့ဆန္ဒသဘောထားများကို လွတ်လပ်စွာတင်ပြခွင့်ရှိခြင်းဖြင့် ပြည်သူတို့၏ပူးပေါင်းဆောင်ရွက်မှုကို လမ်းဖွင့်ပေးထားခဲ့သည်။

၃။ ထို့အပြင် ထိုင်းနိုင်ငံလူ့အဖွဲ့အစည်းအတွင်းရှိ အားလုံးသောနိုင်ငံရေးအဖွဲ့များ၊ လူ့အခွင့်အရေးအဖွဲ့များ၊ တသီးပုဂ္ဂလအဖွဲ့များ (Non-governmental Organisation) သည် ဥပဒေစာသားများအပေါ် သဘောထားကွဲလွဲမှု ရှိသော်လည်း ပြိုင်ဘက်အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များမဖော်ဆောင်ပဲ တခုတည်းအပေါ်တွင်သာ အာရုံစိုက်လုပ်ဆောင်ခဲ့သည်။ တနည်းအားဖြင့် ရေးဆွဲရေးလုပ်ငန်းစဉ်တခုတည်းအပေါ် ပြည်သူအားလုံးက ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းသည် ပြည်သူ့ဆန္ဒကို အကောင်းဆုံးထင်ဟပ်နိုင်သော အခြေခံဥပဒေပေါ်ထွန်းရေးကို အဓိကအထောက်အကူဖြစ်စေသည်။

၄။ စစ်အာဏာသိမ်းအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီးဆူချင်းဒါး အနေဖြင့် ဝန်ကြီးချုပ်မလုပ်ပါ (တနည်းအားဖြင့် ထိပ်တန်းနိုင်ငံရေးရာထူးမယူပါ) ဟုကတိပေး ပြီးမှ စစ်ဗိုလ်ဝတ်လဲ၍ ပေးထားသောကတိနှင့် ပြောင်ပြောင်တင်းတင်း ဆန့်ကျင် ကာ ဝန်ကြီးချုပ်လုပ်လာခြင်းသည် စစ်ဗိုလ်ချုပ်တဦးကပေးသော ကတိကို သတိနှင့်သာ နားထောင်သင့်သည်ဟူသော သင်္ခန်းစာ ရရှိစေသည်။

## တောင်အာဖရိက

တောင်အာဖရိကနိုင်ငံတွင် အာဏာရှင်အုပ်ချုပ်ရေးစနစ်တမျိုးပင်ဖြစ်သော အသားအရောင်ခွဲခြားမှု အုပ်ချုပ်ရေးစနစ်မှ နိုင်ငံသားတိုင်း သာတူညီမျှ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နိုင်သော ဒီမိုကရေစီနိုင်ငံရေးစနစ်သို့ အသွင်ကူးပြောင်းရေးလုပ်ဆောင်ရာတွင် နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အခန်းကဏ္ဍမှာ မြင့်မြင့်မားမား ပါဝင်လျက်ရှိသည်။ အသားအရောင်ခွဲခြားမှုကို တရားဝင်အဆုံးသတ်သောအချိန် ဖြစ်လင့်ကစား အရှည်သဖြင့်လက်ခံကျင့်သုံးသွားမည့် နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံတရပ်ကို ချက်ခြင်းအတည်ပြုနိုင်ခြင်းမရှိသေးမီ အဆင့်ဆင့်လုပ်ဆောင်ခဲ့ပုံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ဆောင်နေသော နိုင်ငံများအဖို့ လေ့လာဖွယ်တခုပင်ဖြစ်သည်။

တောင်အာဖရိကနိုင်ငံ၏ လက်ရှိအခြေခံဥပဒေကို ၁၉၉၆ခုနှစ်က အတည်ပြုခဲ့သည်။ ထိုဥပဒေကိုရေးဆွဲရန်အတွက် ကြားဖြတ်ယာယီအခြေခံဥပဒေတရပ်ရှိခဲ့သည်။ ထိုကြားဖြတ်ယာယီအခြေခံဥပဒေပြဋ္ဌာန်းချက်များက ၁၉၉၆ ခုနှစ်အခြေခံဥပဒေ အတည်ပြုနိုင်ရေးနည်းလမ်းများကို ပြဋ္ဌာန်းထားသည်။ တနည်းအားဖြင့် နိုင်ငံတွင် ရေရှည်လက်လက်ခံကျင့်သုံးမည့် အခြေခံဥပဒေကို မည်သို့ရေးဆွဲရမည်ဟူသော နည်းလမ်း များကို ကြားဖြတ်ယာယီအခြေခံဥပဒေတရပ်ဖြင့် ပြဋ္ဌာန်းထားရာ မည်သည့်အုပ်စုကမျှ ထိုလုပ်ငန်းစဉ်ကို ထိမ်းချုပ်ခြင်းမပြုနိုင်အောင် ကာကွယ်နိုင်သည့်အပြင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် အခြေခံဥပဒေတရပ်ကို စနစ်တကျ အတည်ပြုသွားနိုင်ရန် စီမံမှုများဟုလည်း ဆိုနိုင်သည်။

### ၁၉၉၆ခုနှစ်အခြေခံဥပဒေနှင့် နိုင်ငံရေးသမိုင်းနောက်ခံ

၁၈၄၆၊ ၁၉၁၂၊ ၁၉၃၆ ခုနှစ်ဥပဒေပြဋ္ဌာန်းချက်များဖြင့် စတင်ခဲ့ပြီး ၁၉၅၀ ခုနှစ် မျိုးနွယ်စုများအတွက်နယ်မြေသတ်မှတ်ချက်ဥပဒေ (1950 Group Areas Act) ဖြင့် တောင်အာဖရိကနိုင်ငံတွင် မင်းမူလာခဲ့သော အသားအရောင်ခွဲခြား အုပ်ချုပ်ရေး (apartheid) သည် သမတ ဒီကလပ်၊ အာဖရိကအမျိုးသားကွန်ကရက် (African National Congress) ခေါင်းဆောင် နယ်ဆင်မန်ဒဲလားနှင့် အင်ကာသာလွတ်မြောက်ရေးပါတီ (Inkatha Freedom Party) ခေါင်းဆောင် ဘူသာလေဇာတို့ ၁၉၉၁ခုနှစ် စက်တင်ဘာလ (၁၄)ရက်နေ့တွင် လက်မှတ်ရေးထိုးသော သဘောတူညီချက်ဖြင့် တရားဝင်အဆုံးသတ်ခဲ့သည်။ တပြိုင်နက်တည်းတွင် နိုင်ငံသာအားလုံး အသားအရောင်

မခွဲခြားပဲ နိုင်ငံရေးတန်းတူမှုဖြင့် နိုင်ငံခေါင်းဆောင်ရွေးချယ်မှုနှင့် နိုင်ငံရေးစနစ်သစ် တရပ်ပေါ်ဆောင်နိုင်ရန်အတွက် ရွေးကောက်ပွဲများကို အမြန်ဆုံးကျင်းပရန်လည်း လိုအပ်နေသည်။ ထိုလိုအပ်ချက်အရ အသားအရောင်ခွဲခြားမှုခေတ်လွန် ပထမဦးဆုံးသော သမတရွေးကောက်ပွဲနှင့် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများ ကျင်းပနိုင်ရန်အတွက် ၁၉၉၃ ခုနှစ်တွင် ကြားဖြတ်ယာယီအခြေခံဥပဒေတရပ်ကို အတည်ပြုကာ ၁၉၉၄ ခုနှစ် ဧပြီလတွင် စတင်အာဏာသင် သက်ရောက်စေခဲ့သည်။

ထိုကြားဖြတ်ယာယီအခြေခံဥပဒေအရ ၁၉၉၄ခုနှစ်ဧပြီလတွင် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ အာဖရိကအမျိုးသား ကွန်ကရက်ခေါင်းဆောင် နယ်ဆင်မန်ဒဲလား သမတဖြစ်လာပြီး ကြားဖြတ်ဥပဒေပြုပါလီမန်လည်း ပေါ်ပေါက်လာခဲ့သည်။ ထိုပါလီမန်၏ အဓိကအကျဆုံးတာဝန်တခုမှာ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတခုကို နှစ်နှစ်အ တွင်း အပြီးရေးဆွဲရန်ဖြစ်သည်။ ထိုပါလီမန်၏လွှတ်တော်နှစ်ရပ်ပေါင်းသည် အခြေခံ ဥပဒေပြုလွှတ်တော် (Constitutional Assembly) အဖြစ်ဖွဲ့စည်းသည်။ တောင်အာ ဖရိကပြည်သူများ လိုလားသည်မှာ မိမိတို့နိုင်ငံအတွက် အခြေခံဥပဒေရေးဆွဲမည့်သူ များသည် ရွေးချယ်တင်မြှောက်ခံထားရသူစစ်စစ်များဖြစ်ရေးဆိုသော စံသတ်မှတ်ချက် ဖြစ်သည်။ ထိုအခြေခံဥပဒေပြုလွှတ်တော်က ၁၉၉၆ ခုနှစ်အခြေခံဥပဒေကို ရေးဆွဲသည်။

## ၁၉၉၆ခုနှစ် အခြေခံဥပဒေရေးဆွဲပုံ

အခြေခံဥပဒေပြုလွှတ်တော်က သတ်မှတ်ကာအတွင်း လုပ်ငန်းတာဝန်များကို ပြီးဆုံးအောင်ထမ်းဆောင်နိုင်ရေး အထောက်အကူပြုလုပ်ငန်းဆောင်ရွက်ပေးနိုင်ရန် အတွင်းရေးမှူးအဖွဲ့တခုကို တည်ထောင်လိုက်သည်။ သက်ဆိုင်ရာလုပ်ငန်းများကို အ ကောင်အထည်ဖေါ်ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းနှင့်ပြည်ပမှ ပညာရှင်များပါဝင်သော ကော်မတီခြောက်ခုကိုလည်း ဖွဲ့စည်းစေသည်။ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တလျှောက်လုံးတွင် တာဝန်ရှိသူများသည် ပြည်သူများ၏ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ပူးပေါင်းဆောင်ရွက်မှု ရရှိရေးအတွက် အောက်ပါလုပ်ငန်းဆောင်တာများကို လုပ်ကိုင်ခဲ့သည်။

- လူထုအတွက် ကြားခံဆက်သွယ်ပေးရေးအစီအစဉ် (community liaison programme)
- သတင်းလောကမှ လှုံ့ဆော်စည်းရုံးပညာပေးရေး (a media campaign)
- လူထုထံမှ ရေးသားထားသော အကြံပြုလွှာတောင်းခံရေး (an invitation for written submission from the people)

လူထုအတွက် ကြားခံဆက်သွယ်ရေးစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ တိုတောင်းလှသောအချိန်ကာလပင်ဖြစ်လင့်ကစား အခြေခံဥပဒေရေးဆွဲရေးတွင် ပြည်သူများအားလုံး တတ်နိုင်သမျှကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ခွင့်ရစေရေးဖြစ်သည်။ ထိုအတွက် လူထုစုဝေးပွဲများ တနိုင်ငံလုံးအနှံ့ ပြုလုပ်ခဲ့ကြသည်။ တနိုင်ငံလုံးမှ ထိုလူ ထုအစည်းအဝေးများသို့ စုစုပေါင်းပြည်သူ့အခွင့်အရေးအဖွဲ့အစည်း (၇၁၇)ခု တက်ရောက်ခဲ့သည်ဟု မှတ်တမ်းက ဖေါ်ပြသည်။

သတင်းလောကမှ လှုံ့ဆော်ရေးအစီအစဉ်၏အဓိကရည်ရွယ်ချက်မှာ အခြေခံဥပ

ဒေနှင့်ပတ်သက်၍ ပြည်သူများကို သတင်းပေးရန်၊ ပညာပေးရန်၊ လူထုအကျိုးစီးပွါးကို ဖေါ်ထုတ်တတ်စေရန်၊ လူထုပါဝင်ဆောင်ရွက်နိုင်သော နည်းနာများပေးရန် စသည်တို့ အတွက်ဖြစ်သည်။ အခြေခံဥပဒေရေးဆွဲရေး၌ လူထုပါဝင်ဆောင်ရွက်ခွင့်ရစေရေး အ ကောင်းဆုံးနည်းလမ်းမှာ လူထုထံမှအကြံပြုလွှာများ ရေးသားပေးပို့ရန် တောင်းခံခြင်း ဖြစ်သည်။ လူထုအကြံပြုလွှာစုစုပေါင်း နှစ်သန်းကျော်လက်ခံရရှိသည်ဟု မှတ်တမ်း များ ကဖေါ်ပြသည်။ အခြေခံဥပဒေပြုလွှတ်တော်မှ ရေးသားပြီးသောအခြေခံဥပဒေမူကြမ်းကို မိတ္တူလေးသန်းအထိရိုက်နှိပ်ပြီး အိမ်ထောင်စုအားလုံး၏လက်ဝယ်သို့ ပို့ဆောင်ပေး ခဲ့သည်။ အခြေခံဥပဒေမူကြမ်းကို အရှင်းလင်းဆုံးအင်္ဂလိပ်စကားဖြင့် ရေးသားထား သည်။ ထို့အပြင် အသုံးများသော အခြားတိုင်းရင်းသား ဘာသာစကားများ ဖြင့်လည်း ရေးသားကာ သက်ဆိုင်သူများထံသို့ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အခြေခံဥပဒေရေးဆွဲရေးနည်းလမ်းများဖြင့် ပြည်သူလူထု၏ဆန္ဒကို အ များဆုံးထင်ဟပ်နိုင်မည့် အခြေခံဥပဒေတရပ်ကို အစစ်အမှန်ရွေးချယ်ခံထားရသော ပြည် သူ့ကိုယ်စားလှယ်များက တာဝန်ခံရေးဆွဲခဲ့သည်။

### မှတ်သားဖွယ်ရာအချက်များ

တောင်အာဖရိကနိုင်ငံ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်မှ မှတ်သားဖွယ်ရာ ကောင်းသော အချက်များအနက် အောက်ပါတို့ ပါဝင်သည်။

၁။ အရှည်သဖြင့်ကျင့်သုံးမည့်အခြေခံဥပဒေတရပ်ကို စနစ်တကျရေးဆွဲနိုင်ရန် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဦးစွာလုပ်ဆောင်သည်။ ထိုသို့လုပ်ဆောင် ရာတွင် ကြားဖြတ်အခြေခံဥပဒေတရပ် အတည်ပြုကာ၊ ထိုဥပဒေနှင့်အညီ အသွင် ကူး ပြောင်းရေးကာလတွင် အုပ်ချုပ်မည့်အစိုးရနှင့် ဥပဒေပြုလွှတ်တော်ကို ဒီမို ကရေစီနည်းကျ ရွေးချယ်ဖွဲ့စည်းသည်။ ထိုအစိုးရဦးဆောင်မှုနှင့် လွှတ်တော်၏ တာဝန်ယူမှုတို့ဖြင့် အရှည်သဖြင့်လက်ခံကျင့်သုံးမည့် နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအ ခြေခံဥပဒေကို ရေးဆွဲသည်။

၂။ အသွင်ကူးပြောင်းရေးကာလအတွက် ရွေးချယ်တင်မြှောက်ခံရသော ပါလီ မန် (လွှတ်တော်နှစ်ရပ်)သည် သာမန်လွှတ်တော်များကဲ့သို့ ဥပဒေပြုရေးအာဏာ ကျင့်သုံးနိုင်သည့်အပြင် အဓိကတာဝန်ဖြစ်သော အရှည်သဖြင့် တိုင်းပြည်တွင် ကျင့်သုံးမည့် အခြေခံဥပဒေတရပ်ကို ပြီးပြည့်စုံအောင်ရေးဆွဲသည်။ ထို့ကြောင့် တောင်အာဖရိကတွင် အခြေခံဥပဒေရေးဆွဲမည့် တိုင်းပြုပြည်ပြုလွှတ်တော်နှင့် ဥ ပဒေပြုလွှတ်တော်တို့၏ တာဝန်နှစ်ရပ်စလုံးကိုထမ်းဆောင်ရန် ၁၉၉၄ခုနှစ်ကြား ဖြတ်အခြေခံဥပဒေအရ ရွေးချယ်တင်မြှောက်ခံရသော ပြည်သူ့ကိုယ်စားလှယ် များကို တာဝန်ပေးသည်။

၃။ တောင်အာဖရိကနိုင်ငံမှ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို တာဝန်ခံ

ဆောင်ရွက်သူများမှာ ပြည်သူတို့ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်စစ်စစ်များသာဖြစ်သည်။ ပညာရှင်များ၏ အကူအညီရယူရန်အတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက်ကော်မတီများဖွဲ့စည်း၍ အကြံပြုချက်များ ရယူသည်။

၄။ အများသုံးအင်္ဂလိပ်ဘာသာစကားအပြင် လူနည်းစုဘာသာစကားများဖြင့်လည်း အခြေခံဥပဒေမူကြမ်းကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေဖြန့်ချိပေးသဖြင့် ဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားအားလုံး ကျယ်ပြန့်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုရရှိစေသည်။

## ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံ၏ လက်ရှိအခြေခံဥပဒေကို ၁၉၉၃ခုနှစ်ကတည်ပြုခဲ့သည်။ ကမ္ဘောဒီးယား၏ ၁၉၉၃ခုနှစ်အခြေခံဥပဒေကို ပြည်သူများက ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များကသာ ရေးဆွဲခဲ့သည်ဆိုသောအချက်မှာ ငြင်းပယ်၍မရပေ။ သို့သော် ပြည်သူ့တို့ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ် စစ်စစ်များက ရေးဆွဲသည်ဆိုသော်ငြားလည်း နောက်ဆက်တွဲပြဿနာအများအပြားကို ထိုကိုယ်စားလှယ်များကပင် ဖန်တီးထားခဲ့သည်။ ထို့သို့သော အလားတူပြဿနာများ ထပ်မံဖြစ်ပွါးခြင်းမျိုးမှရှောင်ရှားရန် လေ့လာသင်ခန်းစာယူစရာ အများအပြား တွေ့ရှိရသည်။

### ၁၉၉၃ခုနှစ်အခြေခံဥပဒေနှင့် နိုင်ငံရေးသမိုင်းနောက်ခံ

ကမ္ဘောဒီးယား၏ ရှုပ်ထွေးပွေလီလှသော ပြည်တွင်းပြဿနာများတွင် လတ်တလောအကျဆုံးဖြစ်သောပြဿနာများအနက် လူသတ်ကွင်း (killing filed) ဟု ကမ္ဘောဒီးယားပြည်တွင်းသမိုင်းတွင်သာမက ကမ္ဘာ့သမိုင်းတွင်ပါ ကဗ္ဗည်းထိုးခဲ့သော ၁၉၇၅ မှ ၁၉၇၉ ခုနှစ်အထိ လေးနှစ်ကြာမြစ်ခဲ့သော ခမာနီ (Khmer Rouge) အုပ်ချုပ်မှုမှာ အဓိကအခန်းကဏ္ဍမှ နေရာယူထားသည်။ ထိုခမာနီအုပ်ချုပ်မှုကာလအတွင်း ကမ္ဘောဒီးယားပြည်သူ တစ်သန်းလေးသိန်းမျှ အသတ်ခံခဲ့ရကြောင်း အနောက်တိုင်းသမိုင်းမှတ်တမ်းများက ဆိုသည်။ ထိုခမာနီ အုပ်ချုပ်ရေးကာလအတွင်းတွင်ပင် ကျေးရွာများကို အတင်းအဓမ္မပြောင်းရွှေ့ခြင်း၊ နိုင်ငံအမည်ကို ကမ္ဘောဒီးယားမှ ကမ်ပူးချား အဖြစ်သို့ ပြောင်းလဲခြင်းများ လုပ်ဆောင်ခဲ့သည်။

ခမာနီများကို ကမ္ဘောဒီးယား နိုင်ငံရေးအာဏာမှ ဖယ်ရှားရာတွင် ဗီယက်နမ်များ ၏ အခန်းကဏ္ဍမှာလည်း အရေးပါလှပေသည်။ ဗီယက်နမ်များအကူအညီဖြင့် ခမာနီ များကို မောင်းထုတ်ပြီးနောက်တွင်လည်း ကမ္ဘောဒီးယားနိုင်ငံရေးတွင် အုပ်စုများအ ခြင်းခြင်းအကြား အားပြိုင်မှုများ အတောမသတ်တည်ရှိနေဆဲဖြစ်သည်။ ၁၉၉၁ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂကြီးကြပ်မှုဖြင့် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ သဘောတူညီချက်တခုကို

ကမ္ဘောဒီးယားမှ အားပြိုင်အုပ်စုများအားလုံး လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထို့ပြင် ပဲရစ်သဘောတူညီချက်အရ ၁၉၉၃ခုနှစ်တွင် အန်းတက်ခေါ် ကုလသမဂ္ဂ၏ကမ္ဘောဒီးယား အသွင်ကူးပြောင်းရေးဆိုင်ရာအာဏာပိုင်အဖွဲ့ (United Nations Transitional Authorities in Cambodia, UNTAC) ၏ ကြီးကြပ်မှုအောက်တွင် အထွေထွေရွေးကောက်ပွဲတရပ်ကျင်းပရန် အစီအစဉ်ချမှတ်ခဲ့သည်။ ထိုရွေးကောက်ပွဲမှ ရွေးချယ်ခံရသူတို့သည် အခြေခံဥပဒေတရပ်ကိုရေးဆွဲ၍ စုစုပေါင်းကိုယ်စားလှယ် သုံးပုံနှစ်ပုံ ထောက်ခံမှုဖြင့် အတည်ပြုရမည်ဟု ပဲရစ်သဘောတူညီချက်တွင် ဖေါ်ပြထားခဲ့သည်။ သာမန်အားဖြင့်ဆိုလျှင် အခြေခံဥပဒေတရပ်ကို ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံမဲဖြင့် အတည်ပြုခြင်းသည် အငြင်းပွါးဖွယ်ရာမဟုတ်ပေ။ သို့သော် ကမ္ဘောဒီးယားတွင်ကား ထိုပြဋ္ဌာန်းချက်ကြောင့် နောက်ဆက်တွဲနိုင်ငံရေးပြဿနာများစွာကို ဖြစ်ပေါ်စေခဲ့သည်။

၁၉၉၃ခုနှစ်တွင် အန်းတက်၏ကြီးကြပ်မှုအောက်၌ ကျင်းပခဲ့သော ရွေးကောက်ပွဲများတွင် မည်သည့်နိုင်ငံရေးပါတီကမျှ အပြတ်အသတ်မဲဖြင့်အနိုင်ရခြင်းမရှိခဲ့ပေ။ ထိုအချိန်က ကမ္ဘောဒီးယားနိုင်ငံကို အုပ်ချုပ်နေသောအစိုးရမှာ ဟွန်ဆန်းဦးဆောင်သော ကမ္ဘောဒီးယားပြည်သူ့ပါတီ အစိုးရဖြစ်သည်။ ရွေးကောက်ပွဲတွင် မဲအပြတ်အသတ် မဟုတ်သော်လည်း မဲအများစုဖြင့် မင်းသားကြီး နာရာဒွန်ရာနာရစ် ဦးဆောင်သော ဖန်စီပက်ပါတီ (FUNCINPEC) က အနိုင်ရသောအခါ ဟွန်ဆန်းသည် အာဏာလက်လွှတ်ရမည့်အရေးကို အကြောင်းပြချက်အမျိုးမျိုးဖြင့် ငြင်းဆန်လာသည်။ ရွေးကောက်ပွဲမှာ တရားမျှတမှုမရှိဟုတမျိုး၊ နိုင်ငံတော်မှခွဲထွက်မည်ဟုတဖုံ အမျိုးမျိုးပြောဆိုလာသည်။ နောက်ဆုံးတွင် မင်းသားရာနာရစ်နှင့် ဟွန်ဆန်းတို့အကြား အပေးအယူတခု ပြုလုပ်ခဲ့ရသည်။ ထိုအပေးအယူကို ကုလသမဂ္ဂပြဋ္ဌာန်းချက်ဖြစ်သော အခြေခံဥပဒေကို ကိုယ်စားလှယ် သုံးပုံနှစ်ပုံဖြင့်အတည်ပြုရမည်ဟူသော အချက်ပေါ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အခြေခံဥပဒေကို အတည်ပြုရန်အတွက် လိုအပ်သောသုံးပုံနှစ်ပုံမဲကို မင်းသားရာနာရစ် ပါတီတခုတည်းက မရရှိသဖြင့် ဟွန်ဆန်း၏ ကမ္ဘောဒီးယားပြည်သူ့ပါတီနှင့် ပေါင်းရန်လိုအပ်သည်။ အပြန်အလှန်အားဖြင့် ဟွန်ဆန်းကိုပါ ဝန်ကြီးချုပ်အဖြစ် နေရာရစေမည့် ထုံးစံမရှိဘူးသော ပြဋ္ဌာန်းချက် (ဝန်ကြီးချုပ်နှစ်ဦးစနစ်) ကို မင်းသားရာနာရစ်က လက်ခံရသည်။ (ကမ္ဘောဒီယားအခြေခံဥပဒေ ပုဒ်မ–၁၃၈) ထိုသဘောတူညီချက်ကို အကောင်အထည်ဖေါ်ရန် လွှတ်တော်ကိုယ်စားလှယ် သုံးပုံနှစ်ပုံထောက်ခံမှုရှိမှ အစိုးရဖွဲ့စည်းနိုင်သည့် နိုင်ငံရေးသဘောတူညီချက်များ ဖန်တီးလာရသည်။ (ပါလီမန်အစိုးရ စနစ်ရှိသည့် အခြားသောနိုင်ငံများတွင် အများစု –ရံဖန်ရံခါထက်ဝက်ကျော်၊ ရံဖန်ရံခါ ထက်ဝက်မကျော်သည့်တိုင် အောင်အများဆုံးထောက်ခံမှု– ရသည့်အခါ အစိုးရဖွဲ့နိုင်ကြောင်း ပြဋ္ဌာန်းချက်ရှိသည်။) ထိုနိုင်ငံရေးသဘောတူညီချက်များအရ သုံးပုံနှစ်ပုံမဲ အရေအတွက်ရရှိအောင် ဟွန်ဆန်းကိုပါ ပူတွဲဝန်ကြီးချုပ်အဖြစ် လက်ခံလိုက်ရသည်။ ထိုဝန်ကြီးချုပ်နှစ်ဦးစနစ်ကြောင့် ကမ္ဘောဒီးယားနိုင်ငံရေးတွင် အားပြိုင်မှုများ တောက်လျှောက်ဖြစ်နေခဲ့ရသည်။

ထိုအခြေခံဥပဒေအတည်ပြုပြီးနောက် ပထမဦးဆုံးကျင်းပသည့် ၁၉၉၈ ခုနှစ် ရွေးကောက်ပွဲ (မတိုင်မီနှင့်ပြီးနောက်) ကာလများတွင် နိုင်ငံရေးပြဿနာအများအပြား ပေါ်

ပေါက်ခဲ့ရသည့်အထဲတွင် အစိုးရဖွဲ့စည်းရန် လွှတ်တော်အမတ် သုံးပုံနှစ်ပုံထောက်ခံ ချက်ရှိရမည်ဟူသော ပြဋ္ဌာန်းချက်ကြောင့်ဖြစ်ရသောပြသနာလည်း အပါအဝင်ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်ကြောင့် ၁၉၉၈ ခုနှစ်ရွေးကောက်ပွဲတွင် လွှတ်တော်အမတ်နေရာ အများဆုံးအနိုင်ရထားသော ဟွန်ဆန်၏ CPPပါတီကလည်း ၁၉၉၃ခုနှစ်က မင်းသားရာ နာရစ်ကြုံတွေ့ခဲ့ရသော အစိုးရဖွဲ့စည်းရေးအကြပ်အတည်းမျိုး ကြုံရသည်။

**မှတ်သားဖွယ်ရာအချက်များ**

၁။ အထွေထွေရွေးကောက်ပွဲမှ ရွေးချယ်တင်မြှောက်ခံလိုက်ရသူများ၏ ပထမတာဝန်မှာ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းဖြစ်သည်။ ထိုတာဝန်ကိုထမ်းဆောင်စဉ်တွင် ရွေးချယ်တင်မြှောက်ခြင်းခံရသူများသည် တိုင်းပြုပြည်ပြုလွှတ်တော် ဝါအခြေခံဥပဒေပြုလွှတ်တော်အဖြစ် ဖွဲ့စည်းသည်။ ထို့နောက် သာမန်ဥပဒေပြုလွှတ်တော်အဖြစ် ပြောင်းလဲ၍ လွှတ်တော်အမတ်များထဲမှ အစိုးရတရပ်ကို ရွေးချယ်ဖွဲ့စည်းခြင်းနှင့် ဥပဒေပြုခြင်းတာဝန်ကို ဆက်လက်ထမ်းဆောင်သည်။ ထို့ကြောင့် ၁၉၉၃ ခုနှစ်က ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲသည် တိုင်းပြုပြည်ပြုလွှတ်တော်နှင့် ဥပဒေပြုလွှတ်တော်နှစ်ရပ်စလုံး၏ တာဝန်များကို တပြိုင်နက်တည်းထမ်းဆောင်မည့် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်သော ရွေးကောက်ပွဲဖြစ်သည်။

၂။ အခြေခံဥပဒေရေးဆွဲမည့်သူများနှင့် ထိုဥပဒေအရ အစိုးရဖွဲ့မည့်သူများ ခွဲခြားမရပဲဖြစ်နေသောကြောင့် အခြေခံဥပဒေ ရေးဆွဲရာတွင် ပြည်သူများဆန္ဒကို အမှန်တကယ်ကိုယ်စားပြု၍ ရေးဆွဲရေးကိစ္စထက် မိမိတို့ပါတီ အစိုးရအဖွဲ့တွင် ပါဝင်နိုင်ရေးကိစ္စက ပို၍လွှမ်းမိုးနေရာယူခဲ့သည်။ ဤအချက်မှာ တောင်အာဖရိက နိုင်ငံမှ ပြည်သူ့ကိုယ်စားလှယ်များ၏ လုပ်ဆောင်ချက်နှင့် ခြားနားသော အချက်ဖြစ်သည်။

၃။ အခြေခံဥပဒေရေးဆွဲသူများအကြား အချင်းချင်းနိုင်ငံရေးအားပြိုင်မှုရှိခြင်း သို့မဟုတ် နိုင်ငံရေးဩဇာလွှမ်းမိုးခံနေရခြင်းကြောင့် ထိုအားပြိုင်မှု သို့မဟုတ် ဩဇာလွှမ်းမိုးမှုကိုတုံ့ပြန်ရန် လိုအပ်ချက်အပေါ်တွင်သာအခြေခံ၍ အခြေခံဥပဒေပြဋ္ဌာန်းချက်များကို ဦးစားပေးထည့်သွင်းတော့သည်။ ထို့ကြောင့် နိုင်ငံအတွက် အရှည်သဖြင့်လက်ခံကျင့်သုံးနိုင်သော အခြေခံဥပဒေတရပ်အဖြစ် ရရှိရန်ခက်ခဲသည်။ အကယ်၍သာ ထိုအခြေခံဥပဒေသည် ကြားဖြတ်ကာလအတွက် ယာယီအခြေခံဥပဒေဆိုလျှင် အရှည်သဖြင့်ကျင့်သုံးမည့် အခြေခံဥပဒေရေးဆွဲသောအခါမျိုးတွင် ထိုအားပြိုင်မှုမျိုးကို ရှောင်ရှားသွားနိုင်ပေမည်။

၄။ ကမ္ဘောဒီးယားနှင့် တောင်အာဖရိက နှစ်နိုင်ငံစလုံးတွင် အခြေခံဥပဒေပြုလွှတ်တော်နှင့် သာမန်ဥပဒေပြုလွှတ်တော် နှစ်ရပ်စလုံး၏ အာဏာများကို ရွေးချယ်ခံပြည်သူ့ကိုယ်စားလှယ်များက ကျင့်သုံးခြင်းအရာ၌တူသော်လည်း ကွာခြား

ချက်များရှိသည်။ ထိုအချက်များအနက် အဓိကအချက်မှ တောင်အာဖရိက ပြည်သူ့ကိုယ်စားလှယ်များက အစိုးရဖွဲ့စည်းရေးကိစ္စကို အခြေခံဥပဒေရေးဆွဲနေစဉ် စဉ်းစားစရာမလိုပဲ၊ ကမ္ဘောဒီးယားနိုင်ငံတွင်မူ အစိုးရဖွဲ့ရေးမပြေလည်လျှင် အခြေခံဥပဒေရေးဆွဲ၍ မရလောက်အောင်ပင် အခြေခံဥပဒေရေးဆွဲရေးတွင် အစိုးရဖွဲ့စည်းရေး (တနည်းအားဖြင့် အာဏာနိုင်ငံရေး)က လွှမ်းမိုးနေခဲ့သည်။

## မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် ၁၉၈၈ခုနှစ် စစ်တပ်အာဏာသိမ်းမှုဖြစ်ပွါးချိန်မှ လက်ရှိအချိန်အထိ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမရှိပဲ အုပ်ချုပ်လျက်ရှိသည်။ ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းစဉ်က ၁၉၉၀ ခုနှစ်တွင် ရွေးကောက်ပွဲများကျင်းပပေးပြီး အနိုင်ရနိုင်ငံရေးပါတီကို အာဏာလွှဲပေးမည်ဟု ကမ္ဘာသိကြေညာခဲ့သောစစ်အစိုးရသည် ရွေးကောက်ပွဲတွင် ၎င်းတို့ထောက်ခံအားပေးသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ရှုံးနိမ့်သောအခါ အာဏာလွှဲပေးရန်ငြင်းဆန်ခဲ့သည်။ ၁၉၉၀ ရွေးကောက်ပွဲ၌ အရွေးခံရသူများသည် နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ် ရေးဆွဲရန်အတွက်သာ တာဝန်ရှိသည်ဟု ရွေးကောက်ပွဲအနှစ်သာရကို တမျိုးပြောင်းပစ်ကာ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံတရပ်ကို စစ်အစိုးရ၏တင်းကြပ်သောထိမ်းချုပ်မှုအောက်တွင် ၁၉၉၃ခုနှစ် ဇန်နဝါရီလကတည်းက ကျင်းပခဲ့သည်။ ယခုအချိန်တွင် ခြောက်နှစ်ကျော်နေပြီဖြစ်သော်လည်း ထိုအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်မှာ မပြီးဆုံးနိုင်သေးသည့်အပြင် မည်သည့်အချိန်တွင်ပြီးဆုံးမည်နည်းဆိုသည်ကို မည်သူကမျှ မသိရှိပေ။

စစ်အစိုးရကဦးဆောင်ကျင်းပသော အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် စစ်အစိုးရနှင့်အမြင်မတူညီမှုများ တင်ပြခွင့်မရစေရန်နှင့် ပြည်သူများပါဝင်ဆောင်ရွက်ခွင့်မရစေရန် တင်းကြပ်သောတားမြစ်ချက်များ၊ အမိန့်များ၊ ဥပဒေများ ချမှတ်ထားသည်။ တပြိုင်နက်တည်းတွင် မြန်မာနိုင်ငံတွင် စစ်အစိုးရ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်နှင့်အပြိုင် အတိုက်အခံများဦးစီးသော အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်နှစ်ရပ်တွေ့ရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ကမကထပြုသော အခြေခံဥပဒေရေးဆွဲရေးလမ်းကြောင်းနှင့် ၁၉၉၀ခုနှစ် ရွေးကောက်ပွဲ အနိုင်ရပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှကြီးမှူးသည့် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တို့ဖြစ်သည်။ အမျိုးသားကောင်စီမှရေးဆွဲသော အခြေခံဥပဒေမူကြမ်းသည် အနာဂတ်ကာလ မြန်မာနိုင်ငံတွင်ပေါ်လာမည့် စစ်မှန်သည့်အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ် တရပ်ရှိလာပါက အဆင်သင့်တင်ပြဆွေးနွေးနိုင်ရန် ပြင်ဆင်ထားသည့်သဘော၊ နိုင်ငံရေးအဖွဲ့အစည်းအမျိုးမျိုးအကြား အခြေခံဥပဒေနှင့်ပတ်သက်၍ အမြင်ကွာဟမှုများကို ကြိုတင်ညှိနှိုင်း သဘောတူညီမှုရယူထားသည့်သဘော ပို၍ဆောင်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှဦးဆောင်သည့် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်သည် ပြည်သူများက အပ်နှင်းလိုက်သောတာဝန်အရ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်သည်။

အထက်၌တင်ပြခဲ့သော နိုင်ငံတချို့မှ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များနှင့် နှိုင်းယှဉ်၍သော်လည်းကောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်း ဖြစ်စဉ်များအရသော်လည်း ကောင်း၊ မြန်မာနိုင်ငံ၌ကျင့်သုံးခဲ့ဘူးသော အခြေခံဥပဒေဓလေ့ထုံးတမ်းများအရသော် လည်းကောင်း၊ မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရေးနှင့်ပတ်သက်၍ အောက်ပါသုံးသပ်ချက်များကို ထုတ်နှုတ်နိုင်သည်။

## အခြေခံဥပဒေပြုလွှတ်တော်နှင့် ဥပဒေပြုလွှတ်တော်

၁၉၉၀ ခုနှစ်က အထွေထွေရွေးကောက်ပွဲများမကျင်းပမီက တည်ရှိခဲ့သော နိုင်ငံရေးအနေအထားများနှင့် အာဏာသိမ်းစစ်အစိုးရ နဝတ က ပေးထားသောကတိများအရ ၁၉၉၀ခုနှစ်ရွေးကောက်ပွဲသည် နဝတထံမှ နိုင်ငံတော်အာဏာလွှဲပြောင်းရယူမည့် နိုင်ငံရေးခေါင်းဆောင်များ (ဝါ) ပြည်သူ့ကိုယ်စားလှယ်များကိုရွေးချယ်ရန် ကျင်းပသော ရွေးကောက်ပွဲဖြစ်သည်။ ထိုရွေးကောက်ပွဲမှ ရွေးချယ်ခံရသူများသည် ပြည်သူ့လွှတ်တော်ကိုဖွဲ့စည်းပြီး အစိုးရတရပ်ရွေးချယ်ဖွဲ့စည်းကာ နဝတထံမှ အာဏာလွှဲပြောင်းရယူရန်ဖြစ်သည်။ ထို့အပြင် ထိုလွှတ်တော်၏ အဓိကကျသောတာဝန်ဝန်တရပ်မှာ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရန်ဖြစ်သည်။ ၁၉၉၀ ရွေးကောက်ပွဲမှ ရွေးချယ်ခံရသူများသည် အခြေခံဥပဒေရေးဆွဲရန်တာဝန်ရှိသည်ဟု နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်ကလည်း အတိအကျထုတ်ဖေါ်ပြောဆိုဖူးသည်။ ထို့ကြောင့် ၁၉၉၀ ရွေးကောက်ပွဲမှ ရွေးချယ်ခံရသော ပြည်သူ့လွှတ်တော်သည် အသွင်ကူးပြောင်းရေးကာလ၌ အခြေခံဥပဒေပြုလွှတ်တော်တာဝန်နှင့် (သာမန်ကာလများမှာကဲ့သို့) ဥပဒေပြု လ
ွတ်တော်နှစ်ရပ်စလုံး၏ တာဝန်များထမ်းဆောင်ရန်ဖြစ်သည်။ ထိုတာဝန်ထမ်းဆောင်ခြင်းကို တားမြစ်သောအမိန့်၊ ဥပဒေ စသောပြဋ္ဌာန်းချက်များသည် တရားမဝင်၊ ထို့အပြင် တားမြစ်သူများသည်လည်း ဥပဒေချိုးဖေါက်သူများသာ ဖြစ်သည်။

## တရားဝင်မှုရှိသော အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တခုကိုသာ အသိအမှတ်ပြုရန်

အထက်၌တင်ပြခဲ့သကဲ့သို့ မြန်မာနိုင်ငံတွင် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တခုထက်ပို၍ရှိနေသည်။ ထိုသို့ ရှိနေခြင်းသည် လတ်တလောနိုင်ငံရေးပြဿနာများကို ပြေလည်အောင်ဖြေရှင်းရာတွင် အဟန့်အတားဖြစ်သည့်အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်ရာတွင်လည်း အထောက်အကူရရှိမည်မဟုတ်ပေ။ စစ်အစိုးရက အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို ၎င်းတို့၏ အပြည့်အဝထိမ်းချုပ်မှုအောက်တွင် လုပ်ဆောင်နေရခြင်း၏ရည်ရွယ်ချက်ကို မြန်မာပြည်သူများအားလုံး သိရှိပြီးဖြစ်သည်။ ပြည်သူများအနေနှင့် ထိုလုပ်ငန်းစဉ် ရပ်တန့်သွားအောင် လုပ်နိုင်ချင်မှလုပ်နိုင်ပေမည်။ သို့သော် ပြည်သူများအနေနှင့် စစ်အစိုးရမှပြဋ္ဌာန်းမည့် အခြေခံဥပဒေကို လက်ခံ–လက်မခံ သို့မဟုတ် အသိအမှတ်ပြု–မပြု ပုံစံတမျိုးမျိုးဖြင့် ဆုံးဖြတ်ရမည့်အ ချိန်မလွဲမသွေရောက်ရှိလာပေလိမ့်မည်။ စစ်အစိုးရအခြေခံဥပဒေကိုလက်ခမခံကြောင်း သို့မဟုတ် အသိအမှတ်မပြုကြောင်း ဆုံးဖြတ်ခြင်းသည် တနည်းအားဖြင့်ပြည်သူများက လုပ်ပိုင်ခွင့်အာဏာအပ်နှင်းခံရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဆောင်လုပ်

ကိုင်သည့် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို ထောက်ခံအသိအမှတ်ပြုပေးရာလည်းရောက်သည်။

ထိုင်းနိုင်ငံတွင် နိုင်ငံရေးအုပ်စုများ အားပြိုင်မှုရှိနေလင့်ကစား အားလုံးက အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ် တခုတည်းအပေါ်တွင် အာရုံစိုက်လုပ်ဆောင်နိုင်ခဲ့ခြင်း ကြောင့် ပြည်သူများအနေဖြင့် လုပ်ငန်းစဉ်တခုတည်းအောက်၌ လိုက်ပါပူးပေါင်း၊ အကြံပြုနိုင်ခဲ့သည့်အတွက် ပြည်သူ့ဆန္ဒကို အကောင်းဆုံးထင်ဟပ်နိုင်သော အခြေခံဥပဒေတရပ် ရရှိခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း စစ်အစိုးရလုပ်ငန်းစဉ်ကတခု၊ ဒီမိုကရေစီအင်အားစုများကတခု စသည့်ဖြင့်ကွဲပြားခြားနားသော အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ရှိများနေခြင်းသည် ပြည်သူများအနေဖြင့် မည့်သည့်အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် လိုက်ပါပူးပေါင်းဆောင်ရွက်၍ မိမိတို့လိုအင်ဆန္ဒများပါဝင်လာအောင် လုပ်ဆောင်ရမှန်းမသိ၊ အခက်အခဲရှိနိုင်သည်။ ထိုအခြေအနေမျိုးတွင် ပြည်သူများဆန္ဒကို အကောင်းဆုံးထင်ဟပ်နိုင်မည့် အခြေခံဥပဒေတရပ် ရရန်မလွယ်ကူချေ။

**နဝတ–နအဖ အခြေခံဥပဒေကို ငြင်းပယ်ရန်အကြောင်းအရင်းများ**

အထက်ဖေါ်ပြပါ နိုင်ငံတကာအတွေ့အကြုံများကိုလေ့လာပြီးနောက် ပြည်သူများအနေဖြင့် စစ်အစိုးရ၏ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်နှင့် ထိုလုပ်ငန်းစဉ်မှထွက်ပေါ်လာသော အခြေခံဥပဒေကို လက်မခံကြောင်း သို့မဟုတ် အသိအမှတ်မပြုကြောင်း ဆုံးဖြတ်နိုင်ဖို့ရာ အနည်းဆုံး အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားနိုင်သည်။

(က) ***အခြေခံဥပဒေရေးဆွဲရန် အခွင့်အာဏာမရှိခြင်း*** – စစ်အစိုးရသည် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာရန် ငြင်းဆန်မှုကို အကာအ ကွယ်ပြုရန်အတွက် မရိုးသမားဖြင့် အခြေခံဥပဒေရေးဆွဲရေးလမ်းကြောင်းကို ဖေါ်ဆောင်ခြင်းသာဖြစ်သည်။ စစ်အစိုးရတွင် အခြေခံဥပဒေရေးဆွဲရန် အခွင့်အာဏာမရှိပေ။

(ခ) ***ပြည်သူ့ကိုယ်စားလှယ်မဟုတ်သူ (စစ်အစိုးရခန့်အပ်သူ)များကသာ ဥပဒေကို ရေးဆွဲနေခြင်း–*** တောင်အာဖရိက၊ ကမ္ဘောဒီးယားနိုင်ငံများမှာကဲ့သို့ ပြည်သူတို့ ရွေးချယ်တင်မြှောက်သော ပြည့်သူ့ကိုယ်စားလှယ်များကို ရေးဆွဲခိုင်းရမည့် အခြေအနေမျိုး မြန်မာနိုင်ငံတွင်ရှိနေလင့်ကစား၊ ၁၉၉၀ ရွေးကောက်ပွဲမှ ရွေးချယ်ခံထားရသူများကို အကန့်အသတ်ဖြင့်သာ ပါဝင်ခိုင်းခြင်း၊ (ယခုအခါ ၁၅ ဦးထက်မပိုသော အရွေးချယ်ခံပြည့်သူ့ကိုယ်စားလှယ်များသာ အခြေခံဥပဒေရေး ဆွဲနေသောအမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်နေခြင်း)၊

(ဂ) ***ပြည်သူတို့ပါဝင်ပူးပေါင်းဆောင်ရွက်ခွင့်ကို တင်းကြပ်စွာတားမြစ်ခြင်း–*** ဥပဒေအမှတ် ၅–၉၆ ကဲ့သို့သော ဥပဒေများထုတ်ပြန်ကာ ပြည်သူများက အခြေခံဥပဒေကိစ္စ လွတ်လပ်စွာဆွေးနွေးခွင့်မရှိရအောင် တားမြစ်ထားခြင်းသည် ပြည်သူများ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပါဝင်ပူးပေါင်း ဆောင်ရွက်မှုကို ပြောင်ပြောင်တင်းတင်း ချိုးဖေါက်နေခြင်း၊

(ဃ) ***အချိန်အကန့်အသတ်မဲ့ခြင်း–*** တောင်အာဖရိကကဲ့သို့ ပြဿနာထူပြော လှသော နိုင်ငံတွင်ပင် နှစ်နှစ်အတွင်း အခြေခံဥပဒေကို အပြီးရေးဆွဲနိုင်ရာ၊ မြန် မာစစ်အာဏာပိုင်များက ခြောက်နှစ်ကျော်သည့်တိုင်အောင် အခြေခံဥပဒေ တ ရပ်ကို ပြီးဆုံးအောင်မရေးဆွဲနိုင်ခြင်းမှာ စစ်အာဏာပိုင်များက ထိုအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်ကို နိုင်ငံရေးကစားကွက်တခုအဖြစ် အသုံးချခဲ့သည်မှာ ထင်ရှားခြင်း၊

(င) ***ပြည်သူ့ဆန္ဒကိုကိုယ်စားမပြုခြင်း–*** စစ်အစိုးရနှင့်အပေါင်းအပါများက စစ်အစိုးရ ညွှန်ကြားသည့်အတိုင်း ရေးဆွဲရသဖြင့် ပြည်သူ့ဆန္ဒအစား စစ်အစိုးရဆန္ဒတ ခု တည်းကိုသာ အခြေခံဥပဒေပြဋ္ဌာန်းချက်များတွင် ထည့်သွင်းထားခြင်း၊

## အခြေခံဥပဒေရေးဆွဲရေးအတွက် ပြည်သူများတိုက်ပွဲ

စစ်အစိုးရက ၎င်းတို့ရေးဆွဲနေသော အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို ယခု အတိုင်းဆက်သွားနေလျှင် မြန်မာပြည်သူများ၏ဆန္ဒကို ကိုယ်စားပြုနိုင်မည့် အခြေခံဥပ ဒေတရပ် ရရှိမည်မဟုတ်ဆိုသောအချက်မှာ သေချာနေပေပြီ။ ထို့ကြောင့် ထိုင်းနိုင်ငံ တွင် ပြည်သူများကလွှမ်းမိုးချုပ်ကိုင်နိုင်သော အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တရပ် ဖြစ်ပေါ်လာအောင် ပြည်သူများရုံးကန် တိုက်ပွဲဝင်ပုံကို သင်ခန်းစားယူသင့်သည်။

## အခြေခံဥပဒေ စတင်ရေးဆွဲသင့်သောကာလ

စစ်မှန်သည့် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ် စတင်သင့်သောအချိန်ကာလ မှာ ဖိလစ်ပိုင်နိုင်ငံမှာကဲ့သို့ အာဏာရှင်အစိုးရကိုဖြုတ်ချပြီးမှဖြစ်သင့်သလော၊ သို့မဟုတ် တောင်အာဖရိကမှာကဲ့သို့ ကြားဖြတ်ကာလတခုကို ကျော်ဖြတ်နေစဉ်အတွင်းကြားဖြတ် အစိုးရနှင့် လွှတ်တော်တို့၏ဦးဆောင်မှုဖြင့် ရေးဆွဲသင့်သလော ဆိုသောအ ချိန်ကာလ ပြဿနာများမှာ ထည့်သွင်းစဉ်းစားသင့်သောအချက်များ ဖြစ်သည်။

## အခြေခံဥပဒေရေးဆွဲနေစဉ် နိုင်ငံရေးဖိအားကင်းရှင်းရန်လိုအပ်

မည့်သည့်အချိန်၌ အခြေခံဥပဒေရေးဆွဲသည်ဖြစ်စေကာမူ ကမ္ဘောဒီးယားမှာကဲ့ သို့ အခြေခံဥပဒေရေးဆွဲသူများအပေါ် နိုင်ငံရေးဖိအားကျရောက်နေသော အခြေအနေ မျိုးကို ရှောင်ရှားသင့်သည်။ တနည်းအားဖြင့် နိုင်ငံတွင်အရှည်သဖြင့်ကျင့်သုံးမည့် အ ခြေခံဥပဒေကို ရေးဆွဲမည့်သူများနှင့် လတ်တလာနိုင်ငံရေးအာဏာလုပ်ပွဲတွင်ပါဝင်နေသူ များ တထပ်တည်းမဖြစ်သင့်ပါ။ ထိုင်းနိုင်ငံတွင် နိုင်ငံရေးသမားများက အစိုးရအဖွဲ့နှင့် ပါလီမန် လွှတ်တော်အရပ်ရပ်တွင် နိုင်ငံရေးအာဏာအတွက် အမျိုးမျိုးအငြင်းပွားနေကြ သော်လည်း ၁၉၉၇ အခြေခံဥပဒေရေးဆွဲရေးတွင် လုံးဝ စွက်ဖက်ခွင့်မရှိခဲ့ပေ။ လွတ်လပ် သော အခြေခံဥပဒေပြုလွှတ်တော်က ရေးဆွဲခွင့်ရသဖြင့် ပြည်သူများဆန္ဒကို အကောင်း

ဆုံးထင်ဟပ်နိုင်သည့် အခြေခံဥပဒေတရပ် ရရှိခဲ့သည်။ ကမ္ဘောဒီးယား အတွေ့အကြုံသည် ရှောင်ရန်ကောင်းပြီး ထိုင်းနိုင်ငံအတွေ့အကြုံသည် အတုယူရန်ကောင်းပေသည်။

## အခြေခံဥပဒေအတည်ပြုရေးနည်းလမ်း

အခြေခံဥပဒေအတည်ပြုရေးနည်းလမ်းအဖြစ် ထိုင်းနိုင်ငံမှာကဲ့သို့ အဆင့်နှစ်ဆင့်ထားရှိခြင်းသည် လက်တွေ့လည်းကျ၊ ပြည်သူများ၏အခန်းကဏ္ဍလည်းပါဝင် နှစ်မျိုးကောင်းဖြစ်သည်။ ဆိုလိုသည်မှာ လွှတ်လပ်သောအခြေခံဥပဒေပြုအဖွဲ့က ရေးသားထားပြီးသောမူကြမ်းကို နိုင်ငံရေးသမားများဖြင့်ဖွဲ့စည်းထားသည့် ပါလီမန်(လွှတ် တော်)တွင် အတည်ပြုရန် ပထမတင်သွင်းသည်။ ပါလီမန်က အတည်ပြုလျှင် အတည် ဖြစ်သွားပြီး အကယ်၍အတည်မပြုပါက ပြည်သူလူထု၏ဆန္ဒခံယူပွဲနှင့် အတည်ပြုသောပုံစံဖြစ်သည်။ ဤအတည်ပြုရေးနည်းလမ်းမှာ နိုင်ငံရေးသမားများအထက်၌ ပြည်သူများရှိသည်ဟူသော ဒီမိုကရေစီ၏ အနှစ်သာရလည်းဖြစ်သည်။ အရေးကြီးဆုံးမှာ အခြေခံဥပဒေကို မည်သို့အတည်ပြုမည်နည်းဆိုသည်မှာ လျှို့ဝှက်ထားရမည့်ကိစ္စမဟုတ်ပဲ အများပြည်သူများ သိရှိအောင် ထုတ်ပြန်ကြေညာထားရမည့် ကိစ္စဖြစ်သည်။ ထိုကိစ္စကို မြန်မာနိုင်ငံသားတိုင်း သိထားခွင့်ရှိရမည်။

**References**


- D.R. Sar Desai, *Southeast Asia: Past and Present,* Fourth Edition, Silkworm Books, Thailand, 1997

- Wolfgang Sachsenroder and Ulrike E. Frings (Editors), *Political Party System and Democratic Development in East and Southeast Asia,* Ashgate Singapore, 1998

- Hector S. De Leon, *Textbook on the Philippine Constitution,* REX Book Store, Philippines, 1994

- Bhadra Ranchod, *Public Participation in the Constitution Writing Process in South Africa,* Compiled in the Constitutional Foundation by Rick Gray, North Australia Unit, Research School of Pacific and Asian Study, The Australian National University, 1998

# တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာခြင်း

"အဲသည်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဟာလဲ အမှန်စစ်စစ်အားဖြင့် လူတွေရဲ့စေတနာ၊ လူတွေရဲ့ရည်ရွယ်ချက်၊ လူတွေရဲ့လိုလားချက်အား လုံးကို ဘယ်နည်းနှင့်မှ ကုန်စင်အောင်မထည့်နိုင်ဘူး၊ ဘယ်ဥပဒေမှာမှ ပြည့်ပြည့်စုံစုံရှိတဲ့ဥပဒေမျိုး မရှိနိုင်ဘူး။ (No constitution in the world is perfect) ကမ္ဘာတစ်ဝမ်းလုံးမှာရှိတဲ့ ဘယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ထဲမှာမှ ပြည့်ပြည့်စုံစုံရှိတဲ့ဥပဒေရယ်လို့ မရှိဘူး"

အထက်ပါစကားစုကို ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်သည့် အချုပ်အခြာ အာဏာပိုင် မြန်မာနိုင်ငံတော်အတွက် ရေးဆွဲရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ် သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်(၇)ချက်ကို တိုင်းပြုပြည်ပြုလွှတ်တော်တွင် တင်သွင်းခဲ့ စဉ်က ပြောကြားခဲ့ခြင်းဖြစ်ပေသည်။

ကမ္ဘာပေါ်ရှိအချုပ်အခြာအာဏာပိုင် အမျိုးသားနိုင်ငံ (Nation State) များတွင် ရေးသားထားသောဖွဲ့စည်းပုံအခြေခံဥပဒေ (The written law ) သို့မဟုတ် (The letter of constitution) အဖြစ် အသုံးပြုလာကြသည်ကို တွေ့ရပေသည်။ အထူးသဖြင့် ၁၇၇၆ ခုနှစ်မှစ၍ အမေရိကန်ပြည်ထောင်စု၏ စတင်၍ရေးဆွဲ ပြဋ္ဌာန်းကျင့်သုံးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကမ္ဘာပေါ်တွင် အထင်ရှားဆုံးရေးသားထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ဖြစ်လာသည်သာမက ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ဥပဒေစိုးမိုးမှု (rule of law) အခြေခံအရ ဒီမိုကရေစီနည်းကျကျ ကျင့်သုံးနေထိုင်နိုင်ကြသည့်အတွက် အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံတနိုင်ငံအဖြစ်သို့ ရောက်ရှိနေခြင်းပင်ဖြစ်ပေသည်။

သို့သော် အထက်ပါဗိုလ်ချုပ်အောင်ဆန်း၏စကားအရ ပြီးပြည့်စုံသော အခြေခံဥပဒေမရှိဟုဆိုသော်လည်း တနှစ်ထက်တနှစ်၊ တကြိမ်ထက်တကြိမ် လေ့လာမှုတိုးတက်မှုအရ နောက်ပိုင်းကျကျရေးဆွဲလာကြသော ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ ပို၍ပို၍ ပြည့်စုံလာကြသည်ကို အထင်ရှားတွေ့ရပေသည်။

ယင်းတို့အနက် နောက်ပိုင်းအကျဆုံး ၁၉၉၆ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အထူးပြည့်စုံကောင်းမွန်သည်ကို တွေ့ရှိရပေသည်။ ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေ အဖွင့်ဆောင်ပုဒ်စာသား "အမျိုးသားတရပ်အတွက်ဥပဒေတရပ် One law for one nation " မှာလည်း မှတ် သားဘွယ်ရာပင်ဖြစ်ပေသည်။

ဤတွင် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကျယ်မလေ့လာမီ ယင်းနိုင်ငံ၏ ပထဝီအနေအထားနှင့် နောက်ကြောင်းသမိုင်းအနည်းငယ်ကို မိတ်ဆက်လိုပါသည်။

တောင်အာဖရိကသမ္မတနိုင်ငံသည် အာဖရိကတိုက်ကြီး၏ တောင်ဘက်အစွန်းတွင်ရှိပြီး အကျယ်အဝန်းစတုရန်းမိုင် (၄၇၆၀၉၄) နှင့် လူဦးရေ ၄၅ သန်းကျော်ရှိသည်။ ၁၉၆၁ခုနှစ်တွင်လွတ်လပ်ရေးရရှိပြီးနောက် သမ္မတစနစ်ဖြင့် အုပ်ချုပ်သောတိုင်းပြည်ဖြစ်သည်။ တိုင်းပြည်၏မြို့တော်ကို ဥပဒေပြုရေးရာအတွက် ကိပ်တောင်း (Cape Town)၊ စီမံအုပ်ချုပ်ရေးရာအတွက် ပရီတိုးရီးယား (Pretoria)၊ တရားစီရင်ရေးရာအတွက် ဘလွန်းဖွန်တိန် (Bloemfontein) ဟူ၍ သုံးနေရာခွဲထားသည်။

နိုင်ငံရေးသမိုင်းကြောင်းမှာ (၁၅) ရာစုအလွန်မှစ၍ နိုင်ငံခြားသားများ စတင်ရောက်လာကြသည်။ ပေါ်တူဂီ၊ ဒတ်ချ်၊ ဗြိတိသျှတို့ပါဝင်ကြပြီး မြောက်ဘက်မှ ဘိုးဝါးများ ဝင်လာကြသည်။ ပြည်နယ်အကြား စစ်ပွဲများအပြီး ၁၉၁၀ တွင် ဗြိတိသျှကိုလိုနီနိုင်ငံဖြစ်လာသည်။ သို့သော် ဓနသဟာယအဖွဲ့ဝင်နိုင်ငံမှတဆင့် ၁၉၆၁ တွင် လုံးဝလွတ်လပ်သောသမ္မတ နိုင်ငံဖြစ်လာသည်။ လူဖြူလူနည်းစုအုပ်စိုးသည့်အတွက် အသားအရောင်ခွဲခြားရေးဝါဒပေါ်ပေါက်လာပြီး ပြည်တွင်းမငြိမ်သက်မှုများ အဆက်မပြတ်ပေါ်ခဲ့သည်။ သို့သော် ၁၉၉၀တွင် လူဖြူသမ္မတ ဒီကလပ်သည် အသားအရောင်ခွဲခြားမှုကို အပြီးအပိုင်ဖျက်သိမ်း၍ နိုင်ငံရေးလွတ်လပ်ခွင့်ပေးခြင်းကြောင့် အာဖရိကန်အမျိုးသားကွန်ဂရက် (ANC)သည် တရားဝင်ဖြစ်လာပြီး ၂၇ နှစ်ကြာအကျဉ်းကျခံ လူမဲခေါင်းဆောင် နယ်ဆင်မင်ဒဲလားသည်လည်းလွတ်မြောက်လာခဲ့ရပေသည်။ နိုင်ငံတကာမှ ကုန်သွယ်ရေးပိတ်ဆို့မှုများ ဖျက်သိမ်းခဲ့သည်။ ၁၉၉၃ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် (ကြားဖြတ်) ကိုပြဋ္ဌာန်းပြီး သမ္မတတဦး၊ အမျိုးသားလွှတ်တော်နှင့် အဖွဲ့ဝင် ၉၀ ပါ အထက်လွှတ်တော် နှစ်ရပ်ဖြင့် အုပ်ချုပ်သည်။ ၁၉၉၄တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပပေးခဲ့ရာ ANC က (၆၂.၇)ရာနှုန်းဖြင့်အနိုင်ရပြီး လူမဲခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလား သမ္မတ ဖြစ်လာခဲ့သည်။ ယခင်က ဖိနှိပ်ချုပ်ချယ်ခဲ့သော လူဖြူသမ္မတဒီကလပ်မှာ ဒုတိယသမ္မတ ဖြစ်လာခြင်းမှာ သင်ပုန်းချေ၊ ရင်ကြားစေ့ရေးလမ်းစဉ်အောင်မြင်မှုပင်ဖြစ်သည်။ ယခုဆက်လက်လေ့လာကြမည့် တောင်အာဖရိကသမ္မတနိုင်ငံ၏ လက်ရှိကျင့်သုံးနေသောအခြေခံဥပဒေကို ၁၉၉၆ခုနှစ်တွင် အပြီးသတ်အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

## One Law For One Nation
(သို့မဟုတ်)
## တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

ပထမဦးစွာ နိဒါန်းစာသားများမှာ ပြောင်မြောက်လှသည်ကို တွေ့ရပေမည်။
ကျွန်ုပ်တို့ တောင်အာဖရိကပြည်သူများသည်–

– အတိတ်က နာကျဉ်းဖွယ်ရာ မမျှတမှုများကိုအသိအမှတ်ပြုကြလျှက်–

– တရားမျှတမှုနှင့် လွတ်လပ်မှုအတွက် စတေးခံရသူများကို ဂုဏ်ပြုကြလျှက်–

– တိုင်းပြည်ထူထောင်သူများနှင့် ဖွံ့ဖြိုးတိုးတက်စေသူများကို လေးစားရို

သေမှုရှိကြသည့်အပြင် တောင်အာဖရိကတွင် နေထိုင်သူများသည် မတူကွဲပြားခြားနားမှုမှ စုစည်းညီညွတ်မှုကို တည်ဆောက်ကြလျက်– ဤတိုင်းပြည်ကို စုပေါင်းပိုင်ဆိုင်ကြသည်ဟု အလေးအနက်ယုံကြည်ကြသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လွတ်လပ်စွာရွေးချယ်တင်မြှောက်ထားအပ်သော ကိုယ်စားလှယ်များမှတဆင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို သမ္မတနိုင်ငံ၏ အမြင့်ဆုံးဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းလိုက်သည်။

ဤနိဒါန်းမှစ၍ ဆက်လက်လေ့လာလျှင် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စကားလုံးများ ရိုးသားရှင်းလင်းနားလည်လွယ်ကူပြီး အချက်အလက်များအလွန်ကောင်းမွန်သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။

နောင်တွင် ၎င်းအခြေခံဥပဒေတစောင်လုံးကို မြန်မာဘာသာသို့ ပြန်ဆိုပြီး ဖြန့်ဝေပေးမည်ဖြစ်ရာ ယခုစာတမ်းတွင် ထူးခြားသောအခန်းနှင့် ပုဒ်မများကိုသာထုတ်ယူ၍ ရှင်းလင်းတင်ပြသွားရန်ရည်ရွယ်ထားပါသည်။

အခန်း (၁)သည် အခြေခံကျပြီး အရေးကြီးသည့်ပြဋ္ဌာန်းချက်များကို ထည့်သွင်းထားသည်ကို တွေ့ရပေသည်။ ပုဒ်မ(၁)တွင် တောင်အာဖရိကသမ္မတနိုင်ငံ၏ လက္ခဏာများကို ရှင်းလင်းထားပြီး ပုဒ်မ(၂)တွင် အခြေခံဥပဒေသည် အမြင့်မားဆုံးဥပဒေ ဖြစ်သည်နှင့်အညီ ယင်းအခြေခံဥပဒေနှင့်အညီပြုလုပ်အပ်သော လုပ်ဆောင်ချက်များသည် ပြီးပြည့်စုံ စေရမည်ဟု ဖေါ်ပြထားပေသည်။

ပုဒ်မ (၃) သည် ထူးခြားသည်။ နိုင်ငံသားဖြစ်မှုကို ဦးစားပေးဖေါ်ပြထားသည်။ အခြားယခင်ယခင်ရှိခဲ့သောအခြေခံဥပဒေများတွင် တွေ့လေ့မရှိပါ။ ပုဒ်မ (၃)၏ ပုဒ်မခွဲ (၁) တွင် နိုင်ငံသားသည် တမျိုးတစားတည်း ရှိရမည်ဟု ဖေါ်ပြထားသည်။ ပုဒ်မခွဲ(၂) (က) တွင်မူ နိုင်ငံသားတိုင်း အခွင့်အရေးအရာ၌ တန်းတူညီမျှမှုရှိရမည်။ ပုဒ်မခွဲ(၂) (ခ)တွင်မူ တာဝန်နှင့်ဝတ္တရားအရာတွင်လည်း တန်းတူရမည်ဟု ဖေါ်ပြထားပေသည်။

ပုဒ်မ (၆)၌ ရုံးသုံးဘာသာစကားအပါအဝင် ဘာသာစကားကိစ္စကို ရှင်းလင်းထားသည်ကိုတွေ့ရပါသည်။ ပုဒ်မ (၆) (က)တွင် သမ္မတနိုင်ငံတော်၏ ရုံးသုံးဘာသာစကားများမှာ ဆီပီဒီ၊ ဆီဆိုသို၊ ဆက်ဆွာနာ၊ ဆီဆွာတီ၊ ဆီဗင်ဒါ၊ ဇစ်ဆွန်ဂါ၊ အာဖရိကန်၊ အင်္ဂလိပ်၊ အီဆီဒီဘီလီ၊ အီဆီဇိုဆာနှင့် ဘီဆီဇူးလူးဟူ၍ ဖေါ်ပြထားပေသည်။ လူဦးရေ ၄၅ သန်းမျှသော တိုင်းပြည်တွင်မတူကွဲပြားခြားနားသော လူမျိုးများ၊ ဘာသာစကားများရှိနေသည်ကို အရှိအရှိအတိုင်း သဘောထားကြီးစွာဖြင့် ရုံးသုံးဘာသာ သတ်မှတ်ပေးပြီး ပြဿနာဖြေရှင်းမှုကို ဂုဏ်ပြုသင့်ပေသည်။ အနာဂါတ်ပြည်ထောင်စုမြန်မာနိုင်ငံအတွက်လည်း ဥပဒေရေးဆွဲပြုစုသူများ နမူနာယူလေ့လာသင့်သော သာဓကပင်ဖြစ်ပေသည်။ ထို့ပြင် ပုဒ်မ(၆)၊ ပုဒ်မခွဲ (၁) (၂) (၃) (၄) (၅) တို့တွင် ယင်းဘာသာစကားများကို ထိန်းသိမ်းခြင်း၊ တိုးတက်စေခြင်းနှင့် တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်ခြင်းတို့ အတွက် ခိုင်လုံသောပြဋ္ဌာန်းချက်များ ထည့်သွင်းထားသည်ကို တွေ့ရပေသည်။

ပုဒ်မ(၆) ပုဒ်မခွဲ(၅–ခ)တွင် တောင်အာဖရိကရှိ လူ့အဖွဲ့အစည်းများ၊ အများအ

သုံးပြုပြောဆိုနေကြသော ဂျာမန်၊ ဂရိ၊ ဂုဂျာရာတီ၊ ဟင်ဒီ၊ ပေါ်တူဂီ၊ တမီလ်၊ တေလဂူနှင့် အူရူစကားတို့ကို လေးစားရမည့်အပြင် ဖွံ့ဖြိုးတိုးတက်စေရမည်၊ ဟု ဖေါ်ပြထားပေသည်။

ပုဒ်မ(၆) ပုဒ်မခွဲ (၅–ခ) တွင်ပင် ဘာသာရေးအရအသုံးပြုသော အာရဗစ်၊ ဟီဘရူး၊ သက္ကတ အပါအဝင် စကားများကိုလည်းလေးစားပြီး ဖွံ့ဖြိုးအောင်လုပ်ဆောင်ရမည်ဟု ပြဋ္ဌာန်းထားသည်မှာ လွန်စွာကျယ်ပြန့်သော သဘောထားပင်ဖြစ်ပေသည်။

ယင်းအခြေခံသဘောတရားများဖြင့် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ပြည်သူများသည် တောင်အာဖရိကသမ္မတနိုင်ငံကို လူမျိုးနိုင်ငံ (Nation statehood) သို့ရောက်အောင် ဖော်ဆောင်ခဲ့ကြောင်းတွေ့ရှိရပေသည်။

တောင်အာဖရိကနိုင်ငံ၏ အခြေခံဥပဒေတွင် စိတ်ဝင်စားဘွယ်ရာအကောင်းဆုံးအခန်းမှာ အခန်း(၂) အခြေခံအခွင့်အရေး (Bill of Rights) ပင်ဖြစ်ပေသည်။ ပုဒ်မ (၇) မှ ပုဒ်မ (၃၉)အထိ ပုဒ်မပေါင်း (၃၂)ခု၊ ပုဒ်မခွဲပေါင်းများစွာဖြင့် အခြေခံအခွင့်အရေး များအကြောင်း အပြည့်အစုံဖော်ပြထားပေသည်။ မိမိတို့လေ့လာခဲ့ရဘူးသမျှသော အခြေခံဥပဒေများတွင် ဤမျှလောက်ပြည့်စုံအောင်ဖေါ်ပြထားခြင်း မတွေ့ရဘူးသေးပါ။
ထို့ကြောင့် အခြားသောအခြေခံဥပဒေများထက် ပိုမိုပြည့်စုံသောပုဒ်မများကို ဦးစားပေးဖေါ်ပြရှင်းလင်းသွားမည်ဖြစ်ပါသည်။

တန်းတူရေးဟူသောခေါင်းစဉ်ဖြင့် ပုဒ်မ (၉)တွင် ပုဒ်မခွဲ (၁)မှ (၅)အထိ အပြည့်အစုံဆုံးဖေါ်ပြထားသည်ကို တွေ့ရပေသည်။ ထို့ပြင် ပုဒ်မ (၂၄) ၌ ပုဒ်မခွဲ (က)၊ (ခ) တို့ဖြင့် လူတိုင်းကောင်းမွန်သော၊ အန္တရယ်ကင်းသော သဘာဝဝန်းကျင်ကို ခံစားခွင့်ရရှိရန်နှင့် အနာဂါတ်မျိုးဆက်အတွက် ကောင်းမွန်သောသဘာဝပတ်ဝန်းကျင် ရေရှည်တည်တန့်ခိုင်မြဲစေရန် အခြေခံဥပဒေအရ အခိုင်အမာ အာမခံထားပေးသည်ကို တွေ့ရပေသည်။

အခြေခံအခွင့်အရေးများအခန်းတွင် အရေးပေါ်အခြေအနေပြဋ္ဌာန်းခြင်းကို ပုဒ်မ (၃၇)၌ ထည့်သွင်းဖော်ပြထားခြင်းမှာလည်း လွန်စွာအမျှော်အမြင်ကြီးမှုကို ပြပေသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့တဝှမ်းလုံးတွင် အာဏာရှင်အုပ်စိုးမှု ပုံစံအမျိုးမျိုးတို့သည် အရေးပေါ်အခြေအနေကို အခွင့်ကောင်းယူ ခုတုံးလုပ်၍ အာဏာရယူခြင်း၊ အာဏာသက်ဆိုး ရှည်စေခြင်းများကြောင့် ယခုကဲ့သို့အရေးပေါ်အခြေအနေကို အခြေခံအခွင့်အရေးများအခန်း၌ထည့်သွင်းပြီး တိကျစွာထိန်းချုပ်ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။

အနည်းငယ်ထပ်မံ၍ ပုဒ်မ (၃၇)၊ အရေးပေါ်အခြေအနေပြဋ္ဌာန်းခြင်းကို ရှင်းပြလိုပါသည်။ ပုဒ်မခွဲ (၁–က)တွင် စစ်ကြောင့်လည်းကောင်း၊ ကျူးကျော်မှုကြောင့်လည်းကောင်း၊ အထွေထွေဆူပူအုံကြွမှုကြောင့်လည်းကောင်း၊ ဥပဒေစည်းကမ်းမဲ့မှုကြောင့်လည်းကောင်း၊ သဘောဝဘေးဒဏ်ကြောင့်လည်းကောင်း အမျိုးသားထုတရပ်လုံး၏ (အသက်ရှင်မှု) လူနေမှုဘဝကို ခြိမ်းခြောက်လာမှသာလျှင် ပါလီမန်၏အက်ဥပဒေ တရပ်ဖြင့် နိုင်ငံတော်က အရေးပေါ်အခြေအနေကို ကြေငြာနိုင်သည်ဟု ဖေါ်ပြထားသည်။ ထို့ပြင် ယင်းသို့ကြေငြာရခြင်းမှာလည်း ငြိမ်းချမ်းမှု၊ ဥပဒေစိုးမိုးမှု လိုအပ်ချက်အတွက် ကြေငြာခြင်း ဖြစ်စေရမည်ဟု၊ အတိအလင်းပြဋ္ဌာန်းထားသည်ကို တွေ့ရပေသည်။

ထို့ပြင် ယင်းသို့ကြေငြာခြင်းသည် ပထမ (၂၁)ရက် သက်တမ်းကာလသာ ရှိစေရမည်။ အမျိုးသားလွှတ်တော်မှ အများစုဆန္ဒမဲဖြင့် သဘောတူမှသာ သက်တမ်းတိုးခွင့်

ရှိသော်လည်း၊ (၃)လထက်ပို၍ သက်တမ်းတိုးခွင့်မရှိပေ။ နောက်ဆုံး (၃)လထက်ပိုသောအရေးပေါ်အခြေအနေမျိုး သက်တမ်းတိုးကြေငြာရန်လိုအပ်ပါက အမျိုးသားလွှတ်တော်၌ အခြေအတင်ဆွေးနွေး၍ ကိုယ်စားလှယ်စုစုပေါင်း၏ ၆၀% ထောက်ခံမဲပေးမှသာလျှင် အတည်ဖြစ်စေရမည်ဟု၊ အသေးစိတ် တိကျခိုင်လုံစွာ ပြဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ပုဒ်မ (၃၇) ပုဒ်မခွဲ(၃)အရ အရည်အချင်းပြည့်မီသောတရားရုံးကသာလျှင် အရေးပေါ်အခြေအနေကြေငြာချက်ကိုသော်လည်းကောင်း၊ အရေးပေါ်အခြေအနေကြေငြာချက်ကို သက်တမ်းတိုးရန် အတွက်သော်လည်းကောင်း၊ အရေးပေါ်အခြေအနေကြေငြာချက်နှင့်စပ်လျဉ်းပြီး ပေါ်ပေါက်လာသော ဥပဒေပြုခြင်း၊ အကောင်အထည်ဖော်ခြင်းများကိုသော်လည်းကောင်း၊ တရားဝင်မှုရှိ–မရှိဆုံးဖြတ်ပိုင်ခွင့်ရှိစေရမည်ဟု၊ ဖေါ်ပြထားသည်။ ထို့ပြင် အရေးပေါ်အခြေအနေကာလတွင်ပင်ရုပ်သိမ်းပိုင်ခွင့်မရှိသော အခွင့်အရေးများနှင့် ထုတ်ပြန်ပိုင်ခွင့်မရှိသော အက်ဥပဒေများကိုလည်း အတိအလင်း ဖော်ပြထားသည်ကိုတွေ့ရပေသည်။

## Bill of Rights *ခေါ်* **အခြေခံအခွင့်အရေးများ**

အရေးပေါ်အခြေအနေပြဌန်းချက်အခန်းမှာပင် ရုပ်သိမ်းပိုင်ခွင့်မရှိသော အခွင့်အရေးများကို ဇယားဖြင့်ဖေါ်ပြထားသည်ကို ကူးယူ၍ မူရင်းအတိုင်း တဖက်စာမျက်နှာ၌ တင်ပြလိုက်ပါသည်။

ထို့အတူ သတိကြီးစွာထား၍ဖော်ပြထားသော ပြဌာန်းချက် ပုဒ်မတခုမှာ ပုဒ်မ (၃၈) ပင်ဖြစ်ပေသည်။ အခြေခံအခွင့်အရေးများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်းဟူသော ပုဒ်မပင်ဖြစ်ပေသည်။ နိုင်ငံတော်တော်များများတွင် အခြေခံအခွင့်အရေးများကို အတော်အတန်ပြည့်စုံဖေါ်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေများရှိသော်လည်း အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်ခဲယဉ်းသည်ကို လေ့လာတွေ့ရှိရပါသည်။ အကြောင်းမှာ အုပ်စိုးသူ၊အာဏာရသူများက ၎င်းတို့လိုရာဆွဲ၍ အဓိပ္ပါယ်ဖွင့်ဆိုမှုများပြုလုပ်ပြီးနောက် နိုင်ငံသားများ၏အခြေခံအခွင့်အရေးများ ရုပ်သိမ်းခံနေကြရပေသည်။ နိုင်ငံသားများသည် အခြေခံဥပဒေ၏အကာအကွယ်ကိုရယူရန် အကြောင်းပေါ်လာသောအခါ အဓိပ္ပါယ်ဖွင့်ဆိုမှု မတူသောကြောင့် အာဏာပိုင်များက အမြဲအသာစီးရခြင်းများ ရှိနေပေသည်။ ယခုတောင်အာဖရိကဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံအခွင့်အရေး အခန်း၌ပင်လျှင် သီးသီးခြားခြားအဓိပ္ပါယ်ဖွင့်ဆိုချက်ပုဒ်မကို အတိအလင်းပြဌာန်းထားခြင်းဖြင့် အာဏာပိုင်တစုံတဦးသည် လိုရာဆွဲအဓိပ္ပါယ်ဖွင့်၍ရနိုင်မည်မဟုတ်ဘဲ နိုင်ငံသားအခွင့်အရေးများသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အကာအကွယ် အမြဲတန်းရရှိနေနိုင်မည်ဖြစ်ပေသည်။

ယခုအခါ (Globalization of Justice) ခေါ် ကမ္ဘာတဝှမ်းလုံး တရားမျှတမှု ဖေါ်ထုတ်နေသောကာလတွင် နိုင်ငံတနိုင်ငံ၏ အခြေခံဖွဲ့စည်းပုံဥပဒေတရပ်၏ လက္ခဏာရပ်များကိုလေ့လာရာ၌ Bill of Rights ခေါ် အခြေခံအခွင့်အရေးများအခန်းနှင့် ပုဒ်မများကို အထူးဂရုပြုလေ့လာပြီး အကဲဖြတ်လေ့ရှိလာသည်ကိုတွေ့ရပေသည်။

တောင်အာဖရိကသမ္မတနိုင်ငံသည် တပြည်ထောင်စနစ် (Unitary State) ဖြစ်ကြောင်း အခန်း (၁)၊ ပုဒ်မ (၁)တွင် ရှင်းလင်းစွာဖော်ပြပြီးဖြစ်သည်။ သို့သော်လည်း ဒေ င်း၏အစိုးရ၊ ပါလီမန်နှင့်လွှတ်တော်နှစ်ရပ်ဖွဲ့စည်းပုံများ ကိုလေ့လာသောအခါ ဗဟို

**Table of Non-Derogable Rights**

| Section No. | Section title | Extent to which the rights is Protected |
|---|---|---|
| 9 | Equality | With respect to unfair discrimination solely on the grounds of race, colour, ethnic or social origin, sex, religion or language |
| 10 | Human dignity | Entirely |
| 11 | Life | Entirely |
| 12 | Freedom and security of the person | With respect to subsections (1)(d) and (e) and (2)(c) |
| 13 | Slavery, servitude and forced labour | With respect to slavery and servitude |
| 28 | Children | With respect to:<br>- subsection (1)(d) and (e);<br>-the rights in subparagraphs (i) and (ii) of subsection (1)(g); and<br>- subsection 1(i) in respect of children of 15 years and younger |
| 35 | Arrest, detained and accused persons | With respect to:<br>- subsections (1)(a), (b) and (c) and (2)(d);<br>- the rights in paragraphs (a) to (o) of subsection (3), excluding paragraph (d);<br>- subsection (4); and<br>-subsection (5) with respect to the exclusion of evidence if the admission of that evidence would render the trial unfair |

ချုပ်ကိုင်မှုအနည်းဆုံးစနစ် (Decentralization) ပြုလုပ်ထားသည်ကို ထူးခြားမှုအဖြစ်တွေ့ရှိရပေသည်။

အခန်း(၃)တခန်းလုံးတွင် ပုဒ်မ(၄၀)၊ (၄၁) တို့ဖြင့် အစိုးရ၏အပြန်အလှန် ဆက်စပ်လုပ်ဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းစွာပြဋ္ဌာန်းထားသည်ကို တွေ့ရ

ပေသည်။ အုပ်ချုပ်ရေးအာဏာကို အမျိုးသား National (ဗဟို)အဆင့်၊ တိုင်းဒေသ Division အဆင့်၊ ဒေသန္တရ Local အဆင့် စသည်ဖြင့် ခွဲဝေထားသည်ကို တွေ့ရပါသည်။

ယင်းအခန်းကို ပူးပေါင်းဆောင်ရွက်သောအစိုးရဟု ခေါင်းစဉ်တပ်ထားခြင်းကပင် အစိုးရ၏အာဏာကို အတိအကျထိန်းချုပ်ထားကြောင်း ထင်ရှားစေခြင်းဖြစ်ပေသည်။

အခန်း(၄)၊ ပါလီမန်ကိုလေ့လာမည်ဆိုလျှင်လည်း တပြည်ထောင်စနစ်ဆိုစေကာမူ ဖက်ဒရယ်စနစ်ဆန်ဆန် လွှတ်တော်နှစ်ရပ်ထားရှိခြင်းကိုတွေ့ရပေသည်။ အခန်း(၄)၊ ပုဒ်မ (၁–က)တွင် ပါလီမန်ကို–

၁။ အမျိုးသားလွှတ်တော်

၂။ တိုင်းဒေသများ၏အမျိုးသားကောင်စီ– တို့ဖြင့်ပါဝင်ဖွဲ့စည်းသည်ဟူ၍ လွှတ်တော်နှစ်ရပ်စနစ်ကိုပင် ကျင့်သုံးထားသည်ကိုတွေရပေသည်။ ၎င်းလွှတ်တော်နှစ်ရပ်ပေါင်းသည် ဥပဒေပြုအာဏာအမြင့်ဆုံးဖြစ်သည်ဟုလည်း ပြဋ္ဌာန်းထားသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရမည်ဖြစ်ပြီး ထိုအမျိုးသားလွှတ်တော်သည် ပြည်သူ့အစိုးရဖြစ်စေရန်လည်းကောင်း၊ နိုင်ငံတော်သမ္မတရွေးချယ်ရန်လည်းကောင်း၊ ဥပဒေပြုရန်လည်းကောင်း တာဝန်ရှိစေရမည်ဟူ၍လည်း ရှင်းလင်းစွာ ပြဋ္ဌာန်းထားသည်ကို တွေ့ရပေသည်။

တဖန် ပုဒ်မ(၆၀)၊ တိုင်းဒေသများ၏အမျိုးသားကောင်စီကိုလည်း အတိအကျပြဋ္ဌာန်းထားရာ ဒေသတခုစီ ကိုယ်စားလှယ်(၁၀)ဦးကျစီဖြင့် ပါဝင်ဖွဲ့စည်းရမည်ဖြစ်သည်။ အဖွဲ့ခေါင်းဆောင်မှာ တိုင်းဒေသ၏အမတ်ချုပ် (Premier) ဖြစ်ပြီး အထူးအဖွဲ့ဝင်(၃)ဦးပေါင်းနှင့် အမြဲတမ်းအဖွဲ့ဝင်(၆)ဦး၊ စုစုပေါင်း(၁၀)ဦးဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရပေသည်။ တိုင်းဒေသအားလုံးအတွက် တပြေးညီသတ်မှတ်ထားသည်။ နယ်မြေအကျယ်အဝန်း၊ လူဦးရေ စသည်တို့ကို ထည့်သွင်းစဉ်းစားခြင်းမရှိသည်ကိုတွေ့ရပေသည်။ မဲပေးရန်လိုအပ်လာလျှင်လည်း တိုင်းဒေသတခုအတွက် မဲတစောင်သာ ပေးပိုင်ခွင့်ရှိ သည်ကို တွေ့ရပါသည်။

ဤအခန်း(၄)၊ ပါလီမန်အောက်တွင် အမျိုးသားလွှတ်တော်၊ အမျိုးသားကောင်စီ အခန်းများပါဝင်သကဲ့သို့ ပါလီမန်၏ဥပဒေပြုခြင်းကဏ္ဍကိုလည်း ထည့်သွင်းထားသည်ကိုတွေ့ရပါသည်။ ဥပဒေကြမ်းအားလုံးကို အမျိုးသားလွှတ်တော်တွင် တင်သွင်း၍ အတည်ပြုလျှင် အမျိုးသားကောင်စီသို့ဆက်လက်ပေးပို့ အတည်ပြုရမည့်လုပ်ငန်းစဉ်ကိုလည်း လေ့လာတွေ့ရှိရပေသည်။ လွှတ်တော်နှစ်ရပ်ကို အာဏာတန်းတူပေးထားခြင်းပင်ဖြစ်ပေသည်။ ထူးခြားမှုတခုမှာ နိုင်ငံတော်၏ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်မည့် ဥပဒေမူကြမ်းကိုမူ အခြားဥပဒေမူကြမ်းများနှင့်မတူဘဲ သီးခြားခွဲခြားဖေါ်ပြထားသည်ကို တွေ့ရသည်။

ဤစာစောင်တွင် တောင်အာဖရိကနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာမှုကို ပါလီမန်ခေါင်းစဉ်အပြီးမှာပင် ခေတ္တရပ်နားရန်ရည်ရွယ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တောင်အာဖရိကနိုင်ငံ၏ဖွဲ့စည်းပုံတစောင်လုံးကို အခန်းအလိုက်၊ ပုဒ်မလိုက် လေ့လာမည်ဆိုလျှင် ဤစာစောင်မျှနှင့်လုံလောက်မည်မဟုတ်ဘဲ ပိုမိုကြီးမားသည့်စာစောင်ဖြစ်လာပေလိမ့်မည်။

အချုပ်မှာ နိုင်ငံတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို အကြမ်းဖျဉ်းလေ့လာမည်ဆိုလျှင်–

- တပြည်ထောင်စနစ်လား၊ ပြည်ထောင်စုစနစ်လား၊
- သမတ စနစ်လား၊ ဝန်ကြီးချုပ် စနစ်လား၊
- လွှတ်တော် တရပ်လား၊ လွှတ်တော် နှစ်ရပ်လား၊
- အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး အာဏာသုံးရပ်ခွဲခြားထားခြင်းရှိမရှိ၊
- (ဗဟို)အမျိုးသား၊ တိုင်းဒေသ(သို့မဟုတ်)ပြည်နယ်၊ ဒေသန္တရအဆင့်ဆင့် အာ ဏာခွဲဝေမှု ရှိသလား၊ မရှိဘူးလား၊
- Bill of Rights ခေါ် အခြေခံအခွင့်အရေးပြဋ္ဌာန်းချက် မည်မျှပြီးပြည့်စုံမှုရှိမရှိ၊

တို့ကို 'စံ' အဖြစ်ထားရှိပြီး လေ့လာသုံးသပ်သွားရမည် ဖြစ်ပေသည်။

ထို့ကြောင့် ယခုအပတ် နိဂုံးချုပ်အနေနှင့်သုံးသပ်တင်ပြလိုသည်မှာ တောင်အာဖရိကနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်ရာတွင် ဗဟိုချုပ်ကိုင်မှုတင်းကြပ်သော ပြည်ထောင်စုနိုင်ငံများသည် တပြည်ထောင်စနစ်သို့ယိမ်းသကဲ့သို့၊ ဗဟိုချုပ်ကိုင်မှုလျော့ပေါ့ပြီး အာဏာခွဲဝေမှုမြင့်မားသော တပြည်ထောင်နိုင်ငံများသည် ပြည်ထောင်စု စနစ်သို့တိမ်းညွှတ်သည်ကို သုံးသပ်တွေ့ရှိရကြောင်း တင်ပြလိုက်ရပါသည်။

# ပြည်ထောင်စုစနစ်နှင့် ခွဲထွက်ရေးပြဿနာ

ပြည်ထောင်စုစနစ်အမျိုးမျိုးတွင် ခွဲထွက်ပိုင်ခွင့်ရှိ/မရှိ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အ ခွင့်အရေးဟုဆိုရာတွင် ခွဲထွက်ခွင့်ပါ/မပါ စသည်တို့မှာ ကုလသမဂ္ဂအထိ အခြေအတင် ငြင်းခုံနေကြရသော ပြဿနာတရပ်ဖြစ်နေသည်ကို ယနေ့လေ့လာတွေ့ရှိရပေသည်။

ဤနေရာတွင်စာရေးသူအနေဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးကိစ္စ ချန်လှပ်ခဲ့မည်ဖြစ်ပြီး အလျဉ်းသင့်သောတချိန်ချိန်တွင် လေ့လာတင်ပြရန်ရည်ရွယ်ထားပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကိစ္စသည်လည်း လွန်စွာကျယ်ပြန့်သောကြောင့်ဖြစ်ပေသည်။

ယခုပြည်ထောင်စုစနစ်နှင့် ခွဲထွက်ပိုင်ခွင့်ကိစ္စကိုသာ လေ့လာသုံးသပ်တင်ပြသွားရန် ရည်ရွယ်ထားပါသည်။ မိမိတို့လေ့လာသိရှိမှုအရ ခွဲထွက်ပိုင်ခွင့်အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ထည့်သွင်းဖော်ပြထားသောနိုင်ငံများမှာ တိုင်းပြည်ပြိုကွဲသွားပြီဖြစ်သော ဆိုဗီယက်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံ (၁၉၄၇–၁၉၆၂) တို့ ဖြစ်ပေသည်။

ပြည်ထောင်စုစနစ်ဟုဆိုသော်လည်း တပါတီအာဏာရှင်စနစ်ဖြင့် ဆိုဗီယက်ကွန်မြူနစ်ပါတီ၏ကြီးစိုးမှုကြောင့် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီး ‘အမျိုးသားနိုင်ငံ’ များ ပြန်လည်ပေါ်ထွန်းလာခဲ့သည်မှာ သမိုင်းစာယူစရာပင် ဖြစ်ပေသည်။ အရှေ့ဥရောပတွင်လည်း ယူဂိုစလားဗီးယား စသောတိုင်းပြည်များ ပြိုကွဲကြသည်မှာ မှားယွင်းသောနိုင်ငံရေးစနစ်ကြောင့်ဖြစ်ကြောင်း ပေါ်လွင်နေပေသည်။ ပြည်ထောင်စုစနစ်သည် ဒီမိုကရေစီနိုင်ငံရေးစနစ်နှင့် တွဲဖက်မှသာလျှင် အောင်မြင်တိုးတက်သောနိုင်ငံ ဖြစ်လာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ခွဲထွက်ပိုင်ခွင့်အခွင့်အရေးရှိ၍ ခွဲထွက်သွားကြသည်ဟု မဆိုသာချေ။ ခွဲထွက်ပိုင်ခွင့်မပေးထားသော ယူဂိုစလားဗီးယားမှာလည်း အလားတူခွဲထွက်သွားကြ၍ပင် ဖြစ်ပေသည်။ ခွဲထွက်ခြင်းမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခြင်းပင်ဖြစ်ပေသည်။

ထို့ကြောင့် ခွဲထွက်ပိုင်ခွင့်ပေးခြင်း၊ မပေးခြင်းသည် ပြည်ထောင်စုခိုင်မြဲရေးနှင့် တိုက်ရိုက်ပတ်သက်မှုရှိသည်ဟု မဆိုသာချေ။ အဓိကမှာ ပြည်ထောင်စုခိုင်မြဲမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အခိုင်အမာပြဋ္ဌာန်းခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ ၏ အမြင့်ဆုံးဥပဒေဖြစ်ခြင်း၊ ဥပဒေစိုးမိုးမှုရှိခြင်းနှင့် နိုင်ငံရေးစနစ်မှာ ဒီမိုကရေစီစနစ်ဖြစ်ခြင်းတို့အပေါ် များစွာမူတည်နေသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။

ဒီမိုကရစီနိုင်ငံရေးစနစ်အရ လူတဦးချင်းသည်လည်းကောင်း၊ လူ့အဖွဲ့အစည်းတခုသည်လည်းကောင်း၊ ပြည်သူလူထုတရပ်လုံးသည်လည်းကောင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေး အသီးသီးရှိနေကြပေသည်။ ထိုကဲ့သို့ ပြည်သူလူထု၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးသည် နောက်ဆုံးအဆုံးအဖြတ်အဖြစ် အဆင့်မြင့်ဒီမိုကရေစီနိုင်ငံများက ယူဆလာသည်ကို ထပ်မံတွေ့မြင်လာခဲ့ရပေသည်။

ဦးဆောင်ပါတီ၊ အနိုင်ရပါတီ၊ သို့မဟုတ် နိုင်ငံရေးပါတီတရပ်ရပ်သည် ပေါ်လစီချ

မှတ်ရုံမျှနှင့် အခြေခံပြည်သူလူထုတို့၏ အယူအဆအမှန်အကန်ဖြစ်ကြောင်း ပြဆိုရန်ခဲ ယဉ်းနေပေလိမ့်မည်။ ယင်းဥပမာနှင့် သဓိန်းစာကိုလေ့လာနိုင်ရန် ကနေဒါ ဖက်ဒရယ်ပြည်ထောင်စု၏ အခြေအနေတစိတ်တပိုင်းကို ဆက်လက်တင်ပြမည်ဖြစ်ပါသည်။ သို့သော် ကနေဒါ၏ ကွိဘက်ပြည်နယ်ခွဲထွက်ရေးကိစ္စ မဖေါ်ပြမီ ကနေဒါ၏ သမိုင်းအကျဉ်းကို ဖေါ်ပြရပါလိမ့်မည်။

လူဦးရေ(၂၈)သန်းကျော်ရှိသော ကနေဒါသည် ဗြိတိသျှကိုလံဘီယာ၊ အမ်ဘာတာ၊ ကက်ဆက်ချီဝန်၊ မာနီတိုဘာ၊ အွန်တေရီယို၊ ကွိဘက်၊ နယူးဖောင်လန် ပြည်နယ်များနှင့် ယုကွန်နှင့် အနောက်မြောက်ဒေသများအပါအဝင် ပြည်နယ်(၁၀)ခုဖြင့် ဖွဲ့စည်းထားသော ဖက်ဒရယ်ပြည်ထောင်စုတခု ဖြစ်ပေသည်။ ဓနသဟာယနိုင်ငံတခုဖြစ်ပြီး ဗြိတိသျှဘုရင်မကြီးကို နိုင်ငံအကြီးအကဲအဖြစ် လက်ခံထားသည်။

ဝန်ကြီးချုပ်ဦးဆောင်အစိုးရအဖွဲ့ရှိပြီး အထက်လွှတ်တော်၊ အောက်လွှတ်တော်နှစ်ရပ်ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်(ပါလီမန်)ဖြင့် အုပ်ချုပ်သည်။ ၁၉၈၂ တွင်ချမှတ်သော ကနေဒါအက်ဥပဒေအရ ဖွဲ့စည်းပုံအခြေခံ ဥပဒေတရပ်ကို ရေးဆွဲအတည်ပြုပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံတခုအဖြစ် ကနေဒါ ရပ်တည်လာခဲ့သည်။

သို့ရာတွင် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ကနေဒါမှ ခွဲထွက်ပိုင်ခွင့်ရှိသည်ဟု အတိအကျဖေါ်ပြထားသောပြဋ္ဌာန်းချက် မပါရှိပေ။ သို့သော် ပြည်နယ်သားများ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တရားအရ ခွဲရေး၊တွဲရေးကို ထက်ဝက်ကျော် (absolute majority) လူထုဆန္ဒမဲဖြင့် ဆုံးဖြတ်သည့်အစဉ်အလာကို တွေ့ရပေသည်။

ပြည်နယ်အစိုးရ၊ ပြည်နယ်တွင်းအနိုင်ရ နိုင်ငံရေးပါတီအနေနှင့် မည်မျှပင်ခွဲထွက်လိုသောပေါ်လစီချမှတ်လင့်ကစား ပြည်နယ်သူပြည်နယ်သားများက ခွဲမထွက်ရန်ဆန္ဒမဲပေးသောအခါ မခွဲထွက်ရေး၊ ကနေဒါပြည်ထောင်စု တစည်းတရုံးထဲရှိရေးမှုမှာ အသာရခဲ့ပေသည်။

ကွိဘက်ခွဲထွက်ရေးကြိုးပမ်းမှု လူထုဆန္ဒခံယူပွဲကျင်းပခဲ့သည်မှာ နှစ်ကြိမ်ရှိပြီဟု သိရသည်။ ယခု နောက်ဆုံးပြည်နယ်တွင်းရွေးကောက်ပွဲတွင် ရှေ့ပြေးနေသော ဝန်ကြီးချုပ် (Lucien Bouchard)သည် ခွဲထွက်ရေးဝါဒီ ဖြစ်နေယုံမျှမက သူအနိုင်ရရှိပါက နောက်ထပ်တကြိမ်ခွဲထွက်ရေးနှင့်ပတ်သက်၍ လူထုဆန္ဒခံယူဦးမည်ဟု ကြိမ်းဝါးနေဆဲဖြစ်ပါသည်။ တကယ်တော့ ကွိဘက်ခွဲထွက်ရေးမှာလည်း သူ၏ပါတီ (Parti Quebecois)၏ အဓိကပေါ်လစီပင် ဖြစ်နေတော့သည်။

ကွိဘက်ပြည်နယ်သူ ပြည်နယ်သားများသည် ခွဲထွက်ရေးဝါဒီဝန်ကြီးချုပ်ကို ပြန်လည်ရွေးချယ်ရန် တဖက်ကကြိုးပမ်းသော်လည်း ကွိဘက်ခွဲထွက်ရေးကိစ္စကို ကန့်ကွက်ဆန္ဒမဲပေးကြပြန်ခြင်းဖြင့် ရှေ့နောက်မညီညွတ်မှုပြဿလို ဖြစ်နေသည်ကိုတွေ့ရပေသည်။

မိမိသာအနိုင်ရပြီး ကွိဘက်၏ခွဲထွက်ရေးဆန္ဒခံယူပွဲကြီးကို အနိုင်ရကိန်း ရှိမှသာလျှင် ထပ်မံ၍ကျင်းပမည်ဟုလည်း ဝန်ကြီးချုပ် Bauchard ကဆိုနေပါသည်။

ကွိဘက်ပြည်နယ်ကို ကနေဒါပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အဖြစ် ဆက်လက်ထားပြီး အထူးအဆင့်အတန်းတရပ်ရရှိရေးအတွက် ကျန်(၉) ပြည်နယ်နှင့် ညှိနှိုင်းပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သွားမည်ဟု ပြည်နယ်တွင်း အတိုက်အခံနိုင်

ငံရေးပါတီ(Liberal Party) ခေါင်းဆောင် Jean Charest ကထုတ်ဖော်ပြောသည် ကိုလည်း လေ့လာကြည့်ပါက လူထုကိုယ်ပိုင်ပြဌာန်းဆုံးဖြတ်ရန်သာအဓိကဖြစ်ကြောင်း ညွန်းဆိုနေပါသည်။

ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုမှ ပြည်နယ်တနယ်၏ခွဲထွက်ခွင့်ကိစ္စသည် ယင်းပြည်နယ်သူ/ ပြည်နယ်သားများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်အခွင့်အရေး၏ တစိတ်တ ပိုင်းသာဖြစ်ကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

# လူမျိုးရေးပဋိပက္ခဖြေရှင်းခြင်း–
## သီရိလင်္ကာ အတွေ့အကြုံလေ့လာချက်

၁၉၄၈ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်။ ထိုနှစ် ဖေဖော်ဝါရီလ(၂၇)ရက်နေ့မှာပင် သီဟိုဠ်ကျွန်း လွတ်လပ်ရေးရသည်။ သို့သော် ဒိုမီနီယံ အဆင့်နှင့် ခနသဟာယ အတွင်းမှာရှိနေသည်။ ၁၉၇၂ ကျမှသာလျှင် လုံးဝအချုပ်အခြာအာဏာပိုင်သမတနိုင်ငံ ဖြစ်လာခဲ့သည်။ သီဟိုမှသီရိလင်္ကာ အမည်ပြောင်းလာခဲ့သည်။ ယင်းကဲ့သို့မြန်မာနိုင်ငံထက် နောက်ကျ၍လွတ်လပ်လာခဲ့သော သီရိလင်္ကာသည် ပုံမှန်ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ အောက်ပါနိုင်းယှဉ်ဇယားကိုကြည့်ခြင်းဖြင့် ခန့်မှန်းနိုင်လိမ့်မည်ဖြစ်သည်။

| | လူဦးရေ | တဦးချင်းဝင်ငွေ ဒေါ်လာ | လူနေမှုအဆင့် | အသက်ရှင်နှုန်း | ဖွားသေနှုန်း (တထောင်လျှင်) | စာတတ်နှုန်း |
|---|---|---|---|---|---|---|
| မြန်မာ | ၄၅ သန်း | ၁၆၀ | ၅၀ | ၅၀ | ၁၄၀ | ၆၀ |
| သီရိလင်္ကာ | ၁၈ သန်း | ၂၄၀ | ၈၀ | ၆၈ | ၄၇ | ၈၁ |

ဤကွာခြားချက်ကိုကြည့်လျှင် နိုင်ငံရေးစံနစ်နှင့် နိုင်ငံတည်ငြိမ်မှုအနေအနေများ ကြောင့်ဟု ဆိုနိုင်ပေလိမ့်မည်။ သီရိလင်္ကာသည် ဗြိတိသျှတို့ထံမှ အမွေခံရလိုက်သော ပါလီမန်ဒီမိုကရေစီစနစ်ကို စနစ်တကျ ဆက်လက်ကျင့်သုံးနေဆဲဖြစ်ပြီး အမှုထမ်းစနစ် (Civil Service) မှာလည်း ဗြိတိသျှစံနစ်ကိုပင်ယူထားသည်ကို တွေ့ရပေသည်။ တလွဲဆံပင်ကောင်း မြန်မာအုပ်စိုးသူအဆက်ဆက်သည် ကိုလိုနီနယ်ချဲ့ဟူ၍လည်းကောင်း၊ ကျွန်စိတ်မကုန်ဟူ၍လည်းကောင်း၊ အင်္ဂလိပ်စာကိုပင် ဖိနှိပ်ချိုးနှိမ်ထားပြီး တိုင်းပြည်ကို မြေစမ်းခရမ်းပျိုး စံနစ်အမျိုးမျိုးဖြင့် အုပ်ချုပ်ခဲ့ကြသည့်အတွက် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအဆင့်သို့ ရောက်ခဲ့ရသည်မှာ အံ့သြစရာဟုတ်မည်မထင်ပါ။ အထူးသဖြင့် (Civil Service) အစိတ်အပိုင်းတခုမျှသာဖြစ်သော လက်နက်ကိုင်တပ်သည် နိုင်ငံတော်အာဏာတရပ်လုံးကို ၁၉၅၈ခုနှစ် ကတည်းက ချုပ်ကိုင်ခဲ့ရာ ယခုအချိန်ထိ ဆက်လက်ချုပ်ကိုင်ရန် နည်းလမ်းမျိုးစုံသုံး၍ ကြံဆောင်ကြိုးပမ်းနေခြင်းမှာလည်း တိုင်းပြည်ကို ဆင်းရဲတွင်းနက်စေခြင်းပင်ဖြစ်ပေသည်။

ဤနေရာတွင်နိုင်းယှဉ်ချက်အရ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ရနေသော သီရိလင်္ကာ တွင် နောက်ပြန်ဆွဲနေသောအကြပ်အတည်းတခုမှာ (ethnic conflict) ခေါ် လူမျိုးစုပဋိပက္ခပင်ဖြစ်ပေသည်။ ယင်းပဋိပက္ခကြောင့် ၁၉၈၀ မှစပြီးသီရိလင်္ကာ၌ လူ၊ ပစ္စည်းဥစ္စာများ စွာသေကြေဆုံးရှုံးရပြီး တိုင်းပြည်ရင်းနှီးမြှုပ်နှံမှုလည်း နည်းပါးလာခဲ့ရသည်။

၁၉၈၃ခုနှစ်တွင် အရေးပေါ်အခြေအနေ (state of emergency) ကြေငြာခဲ့ပြီးနောက် (၁၅)နှစ်ကျော် ယနေ့အထိ သီရိလင်္ကာစစ်တပ်သည် စစ်ဆင်ရေးအမျိုးမျိုးဖြင့် တမီးလ်သူပုန် Liberation Tigers of Tamil (LTTE) ကို ချေမှုန်းရန်ကြိုးစားသော်လည်း အောင်မြင်မှုမရှိသည်ကို တွေ့ရပေသည်။

လူမျိုးစုပြဿနာများသည် (၂၀)ရာစုနှောင်းပိုင်းတွင် အရှိန်အဟုန်နှင့် ပေါ်ထွန်းလာသည်ကို တွေ့မြင်ရပေသည်၊ အထူးသဖြင့် စစ်အေးကာလလွန်နှစ်များတွင် အမျိုးသားရေးလှုပ်ရှားမှုများ တစခန်းထခဲ့ပြီးနောက် ပဋိပက္ခများပေါ်ခဲ့ရသည်။ ထို့ကြောင့် Ethnic Contlicf Resolurtion ခေါ် နည်းလမ်းများကို ကမ္ဘာ့ကုလသမဂ္ဂမှအစ ဒေသန္တရအဖွဲ့များ (NATO/EU/ASEAN) တို့အပါအဝင် အပူတပြင်းရှာဖွေလာခဲ့ရပေသည်။ အချို့ကမ္ဘာ့ပညာရှင်များက ယင်းကမ္ဘာအနှံ့အမျိုးသားလှုပ်ရှားစစ်များကို တတိယကမ္ဘာစစ် (Third World War) ဟုပင် ရည်ညွှန်းသုံးသပ်သည်ကို တွေ့ရပေသည်။ အဘယ်ကြောင့်ဆိုသော် ပါဝင်ပတ်သက်သောလက်နက်ကိုင်အင်အား၊ ထိခိုက်နစ်နာသောပြည်သူလူထုအရေအတွက် ဆုံးရှုံးရသောအသက်အိုးအိမ်စည်းစိမ်များမှာ ကမ္ဘာစစ်ကြီးတရပ်ကဲ့သို့ပင် ပေါင်းစုနှိုင်းယှဉ်နိုင်သောကြောင့်ပင်ဖြစ်ပေသည်။

ဤတွင် Non-violence အကြမ်းမဖက်လှုပ်ရှားမှုတခုဖြစ်သော သီရိလင်္ကာ၏ National Peace Council (NPC) အဖွဲ့မှနေ၍ ပဋိပက္ခဖြေရှင်းရန်နည်းလမ်းများ ကြိုးပမ်းရှာ ဖွေလာခဲ့ရာ ၎င်း(NPC)၏လုပ်ငန်းများကို လေ့လာတင်ပြလိုက်ရပါသည်။
(NPC) ၏တာဝန်ခံတဦးဖြစ်သူ Dr. Jehan Perera ၏ဆွေးနွေးချက်များကို ကိုးကား၍ လေ့လာသုံးသပ်ပြသွားရန် ရည်ရွယ်ပါသည်။

၁၉၉၉ခုနှစ် မတ်လ(၁)ရက်မှ(၅)ရက်အထိ Srilanka/Sarvodaya ၌ကျင်းပသော International Network of Engaged Buddhist (INEB) ၏ ကွန်ဖရင့်တွင် Dr. Jehan ဆွေးနွေးချက်များဖြစ်ပါသည်။

သီရိလင်္ကာ၏ပဋိပက္ခကို အကျဉ်းချုပ်နောက်ကြောင်းပြန်ရလျှင် အခြေခံ (၃)ချက်တွေ့ရသည်။ ၅–၆ ရာစုခန့်က အန္တိယတောင်ပိုင်းမှ အင်အားကြီးတမီးလ်များ ကျူးကျော်ဝင်ရောက်လာပြီး သီဟိုဠ်ကျွန်းကို သိမ်းပိုက်ခြင်း၊ ဗုဒ္ဓဘာသာ ရဟန်းသံဃာနှင့် သာသနာအဆောက်အအုံများကို ဖျက်ဆီးခံရခြင်းတို့ကို Saingharlese ဆင်ဟာလီစ်လူမျိုးများက မေ့ပျောက်၍မရသော သမိုင်းဖြစ်စဉ်ကြီး (living memory) ဖြစ်နေခြင်းက အစပြုရမည်ဖြစ်ပေသည်။ ပဒေသရာဇ်စံနစ်ကာလ အင်အားသည်အမှန်တရား (might is right ) ကာလများက အရိပ်သည် ယနေ့အထိ သီရီလင်္ကာ၏လူများစု ဆင်ဟာလိစ်များအပေါ် လွှမ်းမိုးနေဆဲဖြစ်သည်ဟုဆိုရပေမည်။ ထိုကြောင့် ယနေ့အထိသီရီလင်္ကာနိုင်ငံသားဖြစ်နေပြီးသော တမီးလ်များကို စိုးရိမ်တကြီး မယုံမကြည်ဖြစ်နေခြင်းဟုလည်း ဆိုနိုင်ပေသည်။

ထို့ပြင် သီရိလင်္ကာ တမီးလ်များသည် ဗြိတိသျှအုပ်စိုးစဉ်ကာလကတည်းက စိုက်ပျိုးရေးလုပ်သားများအဖြစ် ခေါ်သွင်းလာခဲ့ခြင်းဖြစ်ခြင်းကလည်း အချက်တချက်ဖြစ်နေပြန်သည်။ ထို့ကြောင့် နှစ်ပေါင်းတရာကျော် သီရိလင်္ကာ၌ အခြေချနေခဲ့ပြီးသော တမီးလ်များကို အန္တိယတောင်ပိုင်း တမီးလ်နာဒူးပြည်နယ်သို့ ပြန်ပို့မည်ဆိုလျှင်လည်း တမီးလ်များက မပြန်ချင်တော့ပါ။ လူနေမှုအဆင့်၊ အလုပ်အကိုင်အခြေအနေများသည် လူဦး

ရေထုထပ်လှသော အိန္ဒိယတောင်ပိုင်းထက် လက်ရှိသီရိလင်္ကာ၌ ပိုမို၍အဆင့်မြင့်၊ အဆင်ပြေနေသောကြောင့်ဖြစ်ပေသည်။ သို့သော် သီရိလင်္ကာ၏ ဒေသခံတိုင်းရင်းသား မဟုတ်ဟူ၍ မဲပေးပိုင်ခွင့်အခွင့်အရေး ရုပ်သိမ်းခံထားရခြင်းများနှင့် တစည်းတလုံးထဲသော သီရိလင်္ကာနိုင်ငံဖြစ်၍ ဆင်ဟာလီစ်စကား တမျိုးထဲကိုသာ အဓိကထားသုံးစွဲရန် အစိုးရမှပြဋ္ဌာန်းပေးထားခြင်းတို့မှာ တမီးလ်တို့အပေါ် ခွဲခြားဆက်ဆံမှုများကြောင့်လည်း ပဋိပက္ခ၏ အခြေခံအကြောင်းချင်းရာများ ဖြစ်လာရပေသည်။

နောက်ဆုံးအချက်မှာ တွေးဆမှု (hypothesis) သဘောဆန်သည်။ တမီးလ် နိုင်ငံတော်တရပ်ကို အိန္ဒိယတောင်ပိုင်း တမီးလ်နာဒူးပြည်နယ်နှင့် သီရိလင်္ကာမြောက်ပိုင်း ဂျက်ဖ်နာကျွန်းဆွယ်တို့ပေါင်း၍ တည်ထောင်ရန် တမီးလ်တို့ ကြိုးစားနေသည်ဟု ဆင်ဟာလီးစ်များက တွေးဆမှုပင်ဖြစ်ပေသည်။

ယင်းကဲ့သို့အခြေခံအကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာရသော လက်နက်ကိုင်ပဋိပက္ခကို အကြမ်းမဖက်နည်းဖြင့် ဖြေရှင်းရေးလမ်းစဉ်တရပ်ကို NPCကချမှတ်အကောင်အထည်ဖေါ်ခဲ့ရာ လေ့လာမိသမျှကို ဆက်လက်ဖေါ်ပြပါမည်။

- ပထမထိပ်ဆုံးအဆင့်မှာ နိုင်ငံရေးသမား၊ အစိုးရအဖွဲ့ဝင် သမ္မတ၊ ဝန် ကီးချုပ်များအပါအဝင် ညှိနှိုင်းဖြေရှင်းမှု ပင်ဖြစ်သည်။ ယင်းအဆင့်မှာ လူတစုသာပါဝင်လှုပ်ရှားနိုင်သည်။
- ဒုတိယအဆင့်မှာ အလယ်အလတ်အဆင့်၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၏ ပါဝင်လှုပ်ရှားမှုဖြစ်သည်။
- တတိယနှင့် အောက်ဆုံးအဆင့်မှာ လူထုတရပ်လုံး ပါဝင်ရေးဖြစ်သည်။ လူထုမှလူထုသို့၊ ပြည်သူမှပြည်သူသို့ ကူလူးဆက်ဆံ၊ တိုးဝင်လှုပ်ရှားမှုဖြစ်သည်။ ဆင်ဟာလီးစ် လူထုနှင့် တမီးလ်လူထုတို့ ထိတွေ့ဆက်စပ်ရန် စီစဉ်ဆောင်ရွက်ပေးရသောနည်းနာပင် ဖြစ်ပေသည်။

လက်တွေ့ဆောင်ရွက်ခဲ့သောဥပမာများဖြင့် ထပ်မံရှင်းလင်းတင်ပြလိုပါသည်။ သီရိလင်္ကာ၏လက်ရှိသမတ ချန်ဒရီကာကုမာရတွန်ဂါ(၅၃–နှစ်)သည် တမီးလ်တို့၏ အရေးအခင်းကိုဖြေရှင်းရန် ဦးစားပေးကြောင်းတွေ့ရသည်။ ရှေးဦးစွာ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်နိုင်ရန်ကြိုးပမ်းမှုဖြစ်ပြီး ဒုတိယအချက်မှာ Devolution ခေါ် (Granting grater political power to the Tamil dominated parts of the country) မှုကို ချမှတ်ကျင့်သုံးရန်ဖြစ်ပေသည်။ သို့သော် Bddhist Nationalist ခေါ် ‘ဗုဒ္ဓဘာသာအမျိုးသားရေးဝါဒီများ’ ကြီးစိုးသော အတိုက်အခံပါတီများက ပူးပေါင်းဆောင်ရွက်မှုမပြုဘဲ ဆန့်ကျင်ကန့်ကွက်နေကြ၍ အခက်တွေ့နေရပေသည်။ ထို့ကြောင့် သမ္မတ က ပြည်သူလူထုကိုအားပြု၍သာ လှုပ်ရှားအကောင်အထည်ဖော်သွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ဒုတိယအဆင့်လှုပ်ရှားမှုတွင် သမာသမတ်ရှိသော ဆင်ဟားလီးစ် ဗုဒ္ဓဘာသာ ရဟန်းတော်ကိုယ်စားလှယ်အဖွဲ့ တမီးလ်နယ်မြေသို့ လျှို့ဝှက်သွားရောက်ခဲ့သည့်ခရီးစဉ်အပါအဝင်ဖြစ်သည်။ အစွန်းရောက် Buddhist Nationalists များကြောင့် ဗုဒ္ဓဘာသာရဟန်းများသည် တမီးလ်ပြဿနာဖြေရှင်းရေး၌ အဟန့်အတားပြုနေသည်ဟူသော

စွပ်စွဲချက် မမှန်ကြောင်းပြသသည့်အနေဖြင့် ငြိမ်းချမ်းရေးလိုလားသော သံဃာအဖွဲ့ သွားရောက်ခြင်းဖြစ်ပေသည်။ ၎င်းလျှို့ဝှက်ခရီးစဉ်တွင် တမီးလ် LTTE ခေါင်းဆောင်များသည်လည်းကောင်း၊ လူထုသည်လည်းကောင်း၊ ရဟန်းတော်များကို ကောင်းစွာ ဧည့်ခံခရီးဦးကြို လေးစားမှုပြသခဲ့သည်ဟု သိရှိရပါသည်။ ၎င်းခရီးစဉ်များ၏ ဆင့်ကဲတိုးပွားလာခြင်းဖြင့် ပြဿနာ၏အရင်းအမြစ်ကိုရှာဖွေတွေ့ရှိပြီး ငြိမ်းချမ်းရေး လမ်းစဖော်ဆောင်နိုင်မည်ဟု ယူဆရပေသည်။ ထို့အတူ NGO များ၊ ကျေးလက်ဖွံ့ဖြိုးရေးအသင်းအဖွဲ့များ၊ သမဝါယမ များ ကူးလူးဆက်ဆံမှုဖြင့် ရင်းနှီးသင့်မြတ်မှုကို အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းမှုများကိုလည်း တွေ့ရပေသည်။ Workshop/ Seminar/ Conference များကျင်းပပေးခြင်းလည်း ဤလုပ်ငန်းစဉ်တွင် ပါဝင်ပေသည်။

တတိယနှင့် အခြေခံအဆင့်မှာ ပြည်သူအချင်းချင်းထိစပ်ရေးဖြစ်သည်။ ပထမ တမီးလ်တို့၏ LTTE အကြမ်းဖက်မှုများကို အားပေးထောက်ခံမှုမလုပ်သော တမီးလ်လူမျိုး (၅)သောင်းခန့်ကို LTTE က ၎င်းတို့နယ်မြေမှ မောင်းထုတ်လိုက်ခြင်းပင်ဖြစ်သည်။ ၎င်းတမီးလ် (၅)သောင်းခန့်သည် ဆင်ဟာလီးစ်များကြီးစိုးရာ အရှေ့မြောက်ဘက်ဒေ သများသို့ Internal Displaced Persons များအဖြစ် ရောက်ရှိလာကြရာ ဆင်ဟာ လီးစ်ပြည်သူများက ကြိုဆိုနေရာချပေးခြင်း၊ ကူညီစောင့်ရှောက်ခြင်းများ တရင်းတနှီးပြု လုပ်ခြင်းဖြင့် ပြည်သူအချင်းချင်း ရင်းနှီးမှုတည်ဆောက်သည်ကို တွေ့ရပေသည်။ ဤ နည်းဖြင့် အစွန်းရောက်ဝါဒီများ၏ သွေးထိုးလှုံ့ဆော်မှုကိုရှောင်ရှားနိုင်ပြီး ကြီးမားကျယ် ပြန့်သောလူမျိုးရေးပဋိပက္ခများကိုလည်း ရှောင်လွှဲနိုင်သည့်အခြေအနေမျိုး ရောက်ရှိ လာသည်ကို တွေ့ရပေသည်။

Dr. Jehan ၏ နိဂုံးချုပ်သုံးသပ်ချက်ကို ရှင်းလင်း၍ ဖြစ်နိုင်ခြေအလားအလာများကို တင်ပြပါမည်။ သီရိလင်္ကာ၏ ထာဝစဉ်ငြိမ်းချမ်းရေး၊ ပြည်တွင်းလူမျိုးရေးပဋိပက္ခ လုံးဝချုပ်ငြိမ်းရေးမှာ–

၁။ တိုင်းပြည်တည်ဆောက်မှုစနစ်ကို တပြည်ထောင်စနစ် (Unitary State) တည်ဆောက်ထားခြင်းကို ပြန်လည်သုံးသပ်၍ Federal State ပုံစံပြောင်းလဲရန် အလားအလာ၊

၂။ တမီးလ်၊ ဆင်ဟာလီးစ် လူမျိုးနှစ်မျိုး ဆက်စပ်နယ်မြေများမှတဆင့် Sri Lankar Citizen တမျိုးတစားတည်း ထားရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏အကာအကွယ်ကို တပြေးညီရရှိရေး၊ (တမီးလ်ကိုလူနည်းစုဟုမယူဆဘဲ သီရိလင်္ကာနိုင်ငံသားအဖြစ် အသိအမှတ်ပြုရေးမှု)

၃။ LTTE အဖွဲ့ကို လက်နက်ချရန် တောင်းဆိုခြင်းမလုပ်ဘဲ တတိယအင်အားစုကြားဝင်စေ့စပ်ခြင်းဖြင့် အပစ်အခတ်ရပ်စဲရေးမှတဆင့်၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုအဆင့်ဆင့်ကို အာဏာရအစိုးရမှ သဘောထားကြီးစွာဖြင့် အကောင်အထည်ဖော်ရေး၊ Devolution ခေါ် အာဏာပိုပေးရေးအကောင်အထည်ဖော်ရေး– တို့ပါဝင်ပေသည်။

# The Pyidaungzu (Union), Federalism and Burman Elites: A Brief Analysis
# ပြည်ထောင်စု၊ ဖက်ဒရယ်စနစ်စုနှင့် ဗမာလက်ရွေးစဉ်လူစု

Chao-Tzang Yawnghwe

မြန်မာနိုင်ငံတွင် ဖက်ဒရယ်ပြည်ထောင်စုနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်မှု မရှိသေးသည်ကိုတွေ့ရသည်။ ဗမာလူမျိုးများအနေဖြင့် အ ထူးသဖြင့် လက်နက်ကိုင်၊ ယူနီဖေါင်းဝတ် (ခွင့်ထူးခံ)လက်ရွေးစဉ်လူစု အနေဖြင့် ဖက်ဒ ရယပြည်ထောင်စုစနစ်နှင့်ပတ်သက်၍ လွဲမှားစွာသဘောပေါက်နေသည်ဆိုလျှင် မှားမည်မထင်ပါ။

လက်နက်ကိုင် ဗမာလက်ရွေးစဉ်လူစုအဖို့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ဆိုသည်မှာ ပြည်ထောင်စုကိုဖျက်ဆီးမည့် သို့မဟုတ် ပျက်စီးစေမည့်အရာအဖြစ်ပင် ပြောဆိုနေကသည်။ ဗိုလ်ချုပ်နေဝင်းဦးစီးကာ ဗမာများထိမ်းချုပ်ထားသည့်စစ်တပ်က ၁၉၆၂ ခုနှစ်မှစ၍ မတရားအာဏာရယူစဉ်ကတည်းက ထိုအယူအဆကို သွတ်သွင်းပြီး ဆက်လက်ဝါဒဖြန့်လာခဲ့သည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်လိုလားသူများ– အဓိကအားဖြင့် ရှမ်းစော်ဘွားများ ၏ နိုင်ငံရေးတောင်းဆိုမှုများကြောင့် ပြည်ထောင်စုပြိုကွဲမည့်အန္တရယ်ဖြင့် ခြိမ်းခြောက်ခံ နေရသဖြင့်၊ ထိုအန္တရယ်မှကာကွယ်ရန် ၎င်းတို့အနေဖြင့် တိုင်းပြည်အား သိမ်းလိုက်ရ ခြင်းဖြစ်ကြောင်း စစ်အာဏာသိမ်းခေါင်းဆောင်များကဆိုသည်။ ဖက်ဒရယပြည်ထောင် စုစနစ်ကိုအကြောင်းပြ၍ ရှမ်းစော်ဘွားများအနေဖြင့် နိုင်ငံခြားတိုင်းပြည်များနှင့် ပူး ပေါင်းကာ တိုင်းပြည်ပျက်စီးအောင်ကြံစည်နေကြကြောင်း စစ်အားဏာသိမ်းခေါင်း ဆောင်များကစွပ်စွဲသည်။ ရှမ်းတိုင်းရင်းသားများဦးဆောင်သော ဖက်ဒရယတောင်းဆိုမှု များသည် ပြည်ထောင်စုပျိုကွဲမည့်လုပ်ရပ်ဖြစ်ကြောင်းစွပ်စွဲချက်သည် စစ်တပ်အနေဖြင့် ပြည်ထောင်စု၏ အနှစ်သာရအဓိပ္ပါယ်ကို လုံးဝဥပေက္ခာပြုပြောဆိုမှုသာဖြစ်ကြောင်း ပေါ်လွင်နေသည်။

အချက်အလက်အားဖြင့်ဆိုရသော်– မြန်မာဘာသာအားဖြင့် ပြည်ထောင်စုဟူသော ဝေါဟာရ၏အဓိပ္ပါယ်မှာ ပြည်ထောင်(တိုင်းပြည်)များ စုပေါင်းထားခြင်းဟု အဓိပ္ပါယ်ရသည်။ ထိုသို့စုပေါင်းရာတွင် ထိုပြည်ထောင်များသည် တန်းတူရည်တူအဆင့်အတန်းနှင့် လွပ်လပ်ရေးကိုပိုင်သူများ (အတူတကွ လွတ်လပ်ရေးတည်ဆောက်သူများ) အဖြစ် ပါဝင်သည်။

ဖက်ဒရယ်ပြည်ထောင်စုဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ ပြိုကွဲရေးပင်ဖြစ်သည်ဟု ပြောဆိုချက်သည် ပင်လုံစာချုပ်စိတ်ဓါတ်ကို ဥပေက္ခာပြုခြင်းလည်းဖြစ်သည်။ ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်ချုပ်စောမောင်၊ ဗိုလ်ချုပ်သန်းရွှေ၊ ဗိုလ်ချုပ်ခင်ညွန့်၊ ဗိုလ်ချုပ်

မောင်အေး စသဖြင့်သော စစ်အာဏာသိမ်းခေါင်းဆောင်အဆင့်ဆင့်တို့သည် ပင်လုံစာချုပ်လက်မှတ်ရေးထိုးမှုကိုအကြောင်းပြု၍ ပြည်ထောင်စုနေ့အဖြစ် နှစ်စဉ်နှစ်တိုင်း တခန်းတနား ကျင်းပပေးနေခဲ့သည်။

ထို့လုပ်ရပ်များကို ကြည့်ခြင်းအားဖြင့် စစ်အာဏာသိမ်းခေါင်းဆောင်များက ၎င်းတို့၏ မတရားလုပ်ရပ်များကို အကာအကွယ်ပြုလိုသည့်သဘောဖြင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုပျိုကွဲရေးဖြစ်ကြောင်း ပြောဆိုချက်မှာ ဗမာလူထုကို လွဲမှားသောအမြင်များ သွတ်သွင်းနေခြင်းသာဖြစ်သည်။

ပင်လုံစာချုပ်၏အဓိပ္ပါယ်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး (ဖဆပလ) ခေါင်းဆောင်များက ရှင်းလင်းစွာ အဓိပ္ပါယ်ဖော်ပြကြပြီးဖြစ်သည်။ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရရှိရေးအတွက် ရှမ်း၊ ကချင်၊ ချင်း အစရှိ သောတိုင်းရင်းသားများ တညီတညွတ်တည်း စုပေါင်းသဘောတူညီမှုတည်ဆောက် ခြင်းသည် ပင်လုံစာချုပ်၏အဓိပ္ပါယ် ပင်ဖြစ်သည်။ ၁၉၄၈ လွတ်လပ်ရေးနှင့်အတူပေါက် ဖွားလာသော ပြည်ထောင်စုသည် စင်စစ် တန်းတူညီမျှမှုနှင့် အတူအတကွလွတ်လပ်မှုရှိသော ပြည်နယ်များဖြင့် စုပေါင်းထားခြင်းသာဖြစ်သည်။

ပြည်နယ်များ၏ အတူတကွလွတ်လပ်မှုနှင့် တန်းတူညီမျှမှုသည် ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အဓိကကျသော အနှစ်သာရဖြစ်သည်။ တနည်းအားဖြင့်ဆိုရသော် (ဗမာစစ်ခေါင်းဆောင်များပြောသော) ပြည်ထောင်စု(Union)နှင့် ဖက်ဒရယ်စနစ် (Federalism) ဆိုသည်တို့မှာ ဝေါဟာရတလုံးတည်းကို နှစ်မျိုးခေါ်ခြင်းဖြစ်၍ အတူတူပင်ဖြစ်သည်။ ပြည်ထောင်စုဆိုသည်မှာလည်း ဖက်ဒရယ်စနစ်၊ ဖက်ဒရယ်စနစ်ဆိုသည်မှာလည်း ပြည်ထောင်စုပင်ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်သည် ပြည်ထောင်စုပြိုကွဲရေးပင်ဖြစ်သည်ဟု ပြောဆိုခြင်းမှာ ယုတ္တိမတန်ရုံမျှမက ဆင်ခြင်တုံတရားမဲ့စွာ ပြောဆိုခြင်းလည်းဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ဗမာတိုင်းရင်းသားခေါင်းဆောင်များ၊ ဒီမိုကရေစီအင်အားစုများ၊ အဖွဲ့အစည်းများသည် ဖက်ဒရယ်စနစ်ကို ၁၉၈၈ခုနှစ်မှစ၍ လက်ခံလာခဲ့ကြသည်။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေးဆိုသည်ကို အတ္တိမရည်မှန်းချက်အဖြစ် လက်ခံလာကြသည်။

သို့သော် လုပ်ဆောင်ရန် များစွာလိုသေးသည်။ ဗမာတိုင်းရင်းသားတချို့နှင့် ဒီမိုကရေစီလှုပ်ရှားမှုတွင်ပါဝင်နေကြသော ကေဒါများအနေဖြင့် ဖက်ဒရယ်စနစ်၏ ပြည်ထောင်စုတွင် ပါဝင်ဖွဲ့စည်းမည့်ပြည်နယ်များ အတူအကွလွတ်လပ်မှုနှင့် တန်းတူညီမျှမှုတည်းဟူသောမူကို မရိုးမသား လက်ခံခြင်းဖြစ်ကြောင်း ယူဆနိုင်သောအချက်များရှိသည်။ ထိုသူများအနေဖြင့် ၎င်းတို့လက်ခံသောမူများနှင့်ပတ်သက်၍ ကောင်းစွာနားလည်သဘောပေါက်လာအောင် အားထုတ်မှုမရှိပေ။ ၁၉၄၇ အခြေခံဥပဒေကို ပြန်လည်လက်ခံအတည်ပြုခြင်း သို့မဟုတ် အလားတူမူများကို လက်ခံခြင်းသည် လုံလောက်သည်ဟု ဗမာခေါင်းဆောင်အနည်းအကျဉ်းနှင့် ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်နေသော ကေဒါများက ယူဆနေဆဲဖြစ်သည်။

အမှန်မှာ ၁၉၄၇ အခြေခံဥပဒေသည် ပင်လုံစာချုပ်စိတ်ဓါတ်နှင့် ကွဲလွဲနေသည်။ ကွဲလွဲနေသောအချက်မှာ ဗမာပြည်နယ်ကို ပြည်မအဖြစ် တည်ထောင်ထားသောအ

ချက်ဖြစ်သည်။ ထိုသို့တည်ထောင်ထားလိုက်ခြင်းကြောင့် ဗမာပြည်မမှာ ပြည်ထောင်စု အာဏာ ဗဟိုချက်မတွင်ရှိနေပြီး ပြည်ထောင်စု၏ ကျန်ပြည်နယ်များမှာ ဗမာပြည်မ၏ လက်အောက်ခံ ဖြစ်သွားသည်။ ထိုသို့လုပ်ထားခြင်းသည် ကိုလိုနီစနစ်တည်ထောင် ထားခြင်းနှင့် အတူတူပင်ဖြစ်သည်။ ၁၉၄၇ အခြေခံဥပဒေသည် ပင်လုံစာချုပ်စိတ်ဓါတ် အရဖေါ်ဆောင်ထားခြင်းမဟုတ် တနည်းအားဖြင့် ၎င်းနှင့်ထပ်တူကျခြင်း မရှိဆိုသည်မှာ ရှင်းနေသော အချက်ဖြစ်သည်။ ထို့ကြောင့် ၁၉၄၇ အခြေခံဥပဒေကို ပြန်လည်ကျင့်သုံး ခြင်းသော်လည်းကောင်း၊ အလားတူအခြေခံဥပဒေကို အတည်ပြုခြင်းသော်လည်း ကောင်း (စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ထောင်ရန်) လုံလောက်မှုမရှိ ပေ။

ပြည်ထောင်စုဟူသော ဝေါဟာရ၏အဓိပ္ပါယ်ကို အမှန်တကယ်နားလည်မည် ဆို ပါက ဗမာတိုင်းရင်းသားခေါင်းဆောင်များနှင့် ကေဒါများ အရေးတကြီး စဉ်းစားရန်လို အပ်သောကိစ္စမှာ အခြားပြည်နယ်များနည်းတူ ဗမာပြည်နယ်ဖွဲ့စည်းရေးကိစ္စဖြစ် သည်။ ထိုဗမာပြည်နယ်သည် အခြားပြည်နယ်များနှင့် တန်းတူဖြစ်ရမည်။ အခြားပြည် နယ များ၏ လက်အောက်ခံလည်းမဖြစ်သော၊ အပေါ်တွင်လည်းမရှိသော ပြည်နယ်သာ ဖြစ်သည်။ တနည်းအားဖြင့် ဗမာပြည်နယ်သည် ရှမ်း၊ ချင်း စသောပြည်နယ်များထက် ပို၍ ထူးခြားမရှိသော ပြည်နယ်သာဖြစ်ရမည်။

ပြည်ထောင်စုတွင် အဖွဲ့ဝင်ပြည်နယ်အားလုံးသည် အာဏာအညီအမျှရှိရမည်၊ ကိုယ်ပိုင်အုပ်ချုပ်ရေး ညီတူညီမျှ ကျင့်သုံးခွင့်ရှိရမည်၊ ဖက်ဒရယ်ပြည်ထောင်စု အစိုးရ အဆင့်တွင် ပြောရေးဆိုခွင့်တူညီမှုရှိရမည်၊ အာဏာတူညီမှုရှိရမည်။

ပြည်ထောင်စုစစ်စစ်စနစ်တွင် ပြည်နယ်ကြီးငယ်မရွေး ပြည်နယ်များအားလုံးကို ပြည်ထောင်စု(ဗဟို)အစိုးရက တပြေးညီတည်း ကိုယ်စားပြုရသည်။ ထို့အပြင် ပြည် ထောင်စုစစ်စစ်စနစ်တွင် ပြည်သူလူထုဘဝကောင်းစားအောင်မြှင့်တင်ရေး၊ ဖွံ့ဖြိုးရေး စီမံကိန်းများကို အကောင်အထည်ဖေါ်ရေးတို့မှာ အဖွဲ့ဝင်ပြည်နယ်များ၏ လက်ဝယ် ပိုင်ပိုင်ရှိသော အခွင့်အရေးဖြစ်သည်။ ထိုကိစ္စများကိုလုပ်ဆောင်ရန်အတွက် ပြည်နယ် အစိုးရများနှင့် ပြည်နယ်ဥပဒေပြုလွှတ်တော်များတွင် တာဝန်ရှိသည်။ ဖက်ဒရယ်ပြည် ထောင်စု(ဗဟို) အစိုးရ၏တာဝန်မဟုတ်ပါချေ။ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၊ အုပ်ချုပ် ရေးယန္တယားများ၊ ဌာနများ၏တာဝန်မှာ အဖွဲ့ဝင်ပြည်နယ်များကို အလုပ်အကျွေးပြုရန် သာဖြစ်သည်။ အမိန့်ပေးရန်မဟုတ်ပါ၊ ထိမ်းချုပ်ရန်မဟုတ်ပါ။

ထို့ကြောင့် ဗမာတိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် ၎င်းတို့၏ပြည်သူများ ကို အမှန်တကယ်ချစ်ခင်မြတ်နိုးပါက အခြားတိုင်းရင်းသားများနည်းတူ ဗမာပြည်နယ်ဖွဲ့ စည်းရေးကိစ္စနှင့် ဗမာပြည်နယ်အစိုးရအုပ်ချုပ်ရေးလုပ်ငန်းများကို အာရုံစိုက် လုပ် ဆောင်ရပေမည်။ (အရည်အချင်းမရှိပဲ အာဏာကိုသာခံမင်နေပြီး တနိုင်ငံလုံး၏အမျိုး သားခေါင်းဆောင်ဖြစ်ချင်နေသော ဗမာခေါင်းဆောင်များအား ဗမာတိုင်းရင်းများကိုပင် မချစ်သော ဗမာခေါင်းဆောင်များအဖြစ်ပင် သတ်မှတ်နိုင်သေးသည်။)

ထို့ကြောင့် ဗမာတိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် ကိုယ့်တိုင်းရင်းသား လူ မျိုးများ၏ ဘဝမြှင့်တင်ရေး ဗမာတိုင်းရင်းသားများအကျိုးသယ်ပိုးရေးကို ပြန်လည်လုပ် ဆောင်ရပေမည်။ အမျိုးသားခေါင်းဆောင်နေရာကို စိတ်ကူးယဉ်ခြင်း၊ အခြားတိုင်းရင်း

သားများကိုပါဦးဆောင်မည့် အကိုကြီးလုပ်ချင်ခြင်းများ ရှိရတော့မည့်အချိန်မဟုတ်တော့ပါ။ ထိုသို့ဆက်လုပ်ချင်နေမည်ဆိုပါက ကိုလိုနီစိတ်ဓါတ်ရှိကြောင်း ပေါ်ပြခြင်းပင်ဖြစ်သည်။ ကိုလိုနီစိတ်ဓါတ်နှင့် ပြည်ထောင်စုစိတ်ဓါတ်မှာ ရောနှော၍မရနိုင်သော ရေနှင့် ဆီပမာပင်ဖြစ်သည်။

ဗမာတိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် ပြည်ထောင်စု၊ ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓါတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အစရှိသည်တို့ကို အမှန်တကယ် အ လေးအနက်ထားပါက သူတို့အနေဖြင့် ဖယ်ဒရယ်စနစ်အကြောင်း အမှန်တကယ်နားလည်အောင် လေ့လာသင့်ပါသည်။ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၊ ပါလီမန်၊ ပြည်နယ်များရရှိသည့်အခွင့်အရေးနှင့် အာဏာ(ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအစရှိသည်)၊ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများ၊ စီမံခန့်ခွဲရေးစနစ်များအကြား ဆက်သွယ်မှုအစရှိသည်တို့ကို နားလည်အောင်ကျိုးစားရပေတော့မည်။

ထို့ကြောင့် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေး၊ တည်ငြိမ်မှုရရှိရေး၊ ပြည်ထောင်စုစနစ်အားကောင်းအောင်လုပ်ရေးတို့အတွက် အလွန်အရေးတကြီး ဖြေဆိုရန်လိုနေသော မေးခွန်းမှာ ဗမာတိုင်းရင်းသားခေါင်းဆောင်များ(လက်ရွေးစဉ်လူစု)အနေဖြင့် တနိုင်ငံလုံးအတွက် အမျိုးသားခေါင်းဆောင်ဖြစ်ခြင်ခြင်းဟူသော ပုဂ္ဂိုလ်ရေးနိုင်ငံရေးအာသီသ ပြင်းပြနေခြင်းထက် ကိုယ့်ဗမာတိုင်းရင်းသားများကို အလုပ်အကြွေးပြုရန် အဆင်သင့်ဖြစ်နေပြီလောဆိုသည့်မေးခွန်းဖြစ်သည်။ နောက်တနည်းဆိုရသော် ဗမာတိုင်းရင်းသားခေါင်းဆောင်များ (လက်ရွေးစဉ်လူစု)အနေဖြင့် မိမိတို့ပုဂ္ဂိုလ်ရေး၊ နိုင်ငံရေး အာသီသအတွက် ကိုယ့်အမျိုးသားတိုင်းရင်းသားများကို အမြတ်ထုတ်မည့်အကြံအစည်မှ ရုံးထွက်နိုင်ပြီလောဆိုသည့် မေးခွန်းဖြစ်သည်။

တနည်းဆိုသော် ဗမာတိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် ပြည်ထောင်စုတခုတည်ဆောက်ရန် အဆင့်သင့်ဖြစ်ပြီလော၊ သို့မဟုတ် မိမိတို့အာဏာ၊ အဆင့်အတန်း၊ ချမ်းသာကြွယ်ဝမှုတို့အတွက် မိမိတို့အမျိုးသားအချင်းချင်း အမြတ်ထုတ်မည်လား ဆိုသည့်မေးခွန်းဖြစ်သည်။

မှတ်ချက်။
ဤဆောင်းပါးသည် မူရင်းအင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသောဆောင်းပါးကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ ဤဆောင်းပါး၌ တွေ့ရသော အောက်ပါဝေါဟာရများ၏ မူရင်း အင်္ဂလိပ်ဝေါဟာရမှာ ယှဉ်တွဲဖေါ်ပြထားသည့်အတိုင်း ဖြစ်သည်။ ဘာသာပြန်ဆိုမှုမပြည့်စုံခြင်း၊ တစုံတရာလွဲမှားနေခြင်းများရှိပါက ဘာသာပြန်ဆိုသူ၏ တာဝန်သာဖြစ်သည်။

| | |
|---|---|
| ဖက်ဒရယ်ပြည်ထောင်စု၊ ဖက်ဒရယ်စနစ် | = Federalism |
| ပြည်ထောင်စု | = Union |
| လက်ရွေးစဉ်လူစု | = Elites |
| ဗမာ၊ ဗမာတိုင်းရင်းသား | = Burman/ Burmans |
| မြန်မာနိုင်ငံ | = Burma |

အတူတကွလွတ်လပ်ရေး၊ အတူတကွလွတ်လပ်မှု = Co-independence

# ထိုင်းနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ– တစေ့တစောင်းလေ့လာသုံးသပ်ခြင်း

## နိဒါန်း

ယိုးဒယားနိုင်ငံ(ထိုင်းနိုင်ငံ) အုပ်ချုပ်မှုစနစ်အား သက်ဦးဆံပိုင်ဘုရင်စနစ်မှ စည်းမျည်းခံဘုရင်စနစ်သို့ ၁၉၃၂ ခုနှစ်တွင် ပြောင်းလဲကျင့်သုံးခဲ့သည်။ အမြော်အမြင်ကြီးမြတ်သော ဘုရင်များနှင့် ၁၉၃၂ ခုနှစ် သွေးထွက်သံယိုမှုကင်းသော တော်လှန်ရေးတို့သည် ဒီမိုကရေစီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥအဒေအစိုးရအား ပေါ်ထွန်းစေခဲ့သည်။

၁၉၃၂ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း ယိုးဒယားနိုင်ငံတွင်အဓိကကျသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၆) ခု၊ (၁၉၃၂၊ ၁၉၄၉၊ ၁၉၆၈၊ ၁၉၇၄၊ ၁၉၇၈၊ နှင့် ၁၉၉၁) ယာယီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှစ်ခု(၁၉၆၀ နှင့် ၁၉၇၂) နှင့်ပြင်ဆင်တည်းဖြတ် တခု (၁၉၉၁ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ၁၉၉၂ ခုနှစ်တွင်ပြင်ဆင်တည်းဖြတ်) ရှိခဲ့သည်။ အခြားအဓိကမကျသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၅) ခုပါထည့်ပေါင်း သော် (၆၅)နှစ်အတွင်းတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၅)ခုအား ကျင့်သုံးခဲ့ သည်။ ယင်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများအား အာဏာသိမ်းစစ် ခေါင်းဆောင် များနှင့် မအောင်မြင်သောအကြိမ်နှစ်ဆယ်ကျော် အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့် စစ်တပ်အင်အားစုများ၊ ၎င်းတို့၏မိတ်ဆွေများက ရေးသားခဲ့ခြင်းဖြစ်သည်ဟု ပြောဆိုကြလေ့ရှိသည်။

ယိုးဒယားနိုင်ငံ လက်ရှိကျင့်သုံးနေသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအား ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ(၁၁)ရက်နေ့တွင် အတည်ပြုလက်ခံခဲ့ပါသည်။ ဤဖွဲ့စည်းအုပ်ချုပ်အခြေခံဥပဒေအား “လူထုပါဝင်ရေးဆွဲသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ” အဖြစ် ဂုဏ်ပြုချီးမြောက်ကြလေ့ရှိပါသည်။ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းအား ပြုစုရေးသားရာတွင် လူထုအဖွဲ့အစည်းကိုယ်စားလှယ်အများအပြား ပါဝင်ပြုစုကြခြင်းနှင့် နိုင်ငံတဝှမ်း ပြည်သူလူထုအတွင်းချပေးပြီး ၎င်းတို့၏အသံများအား နားထောင်အရေးယူဆောင်ရွက်ပေးခြင်းကြောင့် ယင်းသို့တင်စားခေါ်ရခြင်းဖြစ်သည်။

ယင်းဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် လွတ်လပ်ခြင်းအခွင့်အရေးများအား အာမခံမှုပေးထားသော တိကျခိုင်မာသည့် ကဏ္ဍတခုပါဝင်ပါသည်။ ဒီမိုကရေစီမကျသောအစိုးရအား ထိမ်းကွပ်ခြင်းနှင့် အာဏာများအားဟန်ချက်ညီ ထိမ်းညှိပေးခြင်းဆိုင်ရာ စနစ်သစ်များအား ပြဋ္ဌာန်းပေးထားပါသည်။ ယင်းတို့တွင်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး(Constitutional Court) တခု၊ အမျိုးသားအကျင့်စာရိတ္တပျက်စီးမှုဆန့်ကျင်သောကော်မရှင်(National Counter Corruption Commission) တခု၊

ရွေးကောက်ပွဲကော်မရှင်(Election Commission)တခု၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်(National Human Rights Commission)နှင့် အစိုးအားစီစစ်ရန် တာဝန်ရှိပုဂ္ဂိုလ်များ(Ombudsmen ) ပါဝင်ပါသည်။

ဤဆောင်းပါးတွင် အစိုးရတရပ်၏ ဒီမိုကရေစီမကျမှုအား ထိမ်းကွပ်ခြင်းနှင့် အာဏာများဟန်ချက်ညီထိမ်းညှိပေးခြင်းကို ဆောင်ရွက်သောအထက်ဖေါ်ပြပါ ကော်မရှင်များ၏အကြောင်းနှင့်တကွ ယိုးဒယားနိုင်ငံ၏ ယနေ့ကျင့်သုံးနေသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအပေါ် အထွေထွေလေ့လာသုံးသပ်ချက်အား ရေးသားပေးဖေါ်ပြသွားမည်ဖြစ်သည်။

## ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံး

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးအား ဆီးနိတ်လွှတ်တော်မှအကြံပေးပြီး ဘုရင်မင်းမြတ်မှ ခန့်အပ်ပေးသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံး ဥက္ကဋ္ဌနှင့် တရားသူကြီး(၁၄)ဦးဖြင့် ဖွဲ့စည်းထားသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တရားရုံးသည် အမျိုးသားလွှတ်တော်မှအတည်ပြုသော ဥပဒေမူကြမ်းတရပ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိမရှိ စစ်ဆေးရသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် စပ်လျဉ်းသောပြသနာရပ်များကို ကြားနာစစ်ဆေး ဆုံးဖြတ်ပေးရသည်။

၁၉၉၇ ခုနှစ် ထိုင်းနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား အတည်ပြုပြီးနောက်ပိုင်းတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးသည် ထိုင်းနိုင်ငံတွင် အဓိကအချက်အခြာကျသော တိုင်းပြည်အင်္ဂါတခုဖြစ်လာခဲ့သည်။ “ မြွေဟောက်အုပ်စု” ဟု အမည်ပေးခြင်းခံရသော ပရာချကွန်ထိုင်းပါတီမှ လွှတ်တော်အမတ်(၁၆)ဦး၏ အမှုကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးမှ အဆုံးအဖြတ်ပေးခဲ့ရသည်။ ဖြစ်ပုံမှာ ၎င်းအမတ်(၁၆)ဦးသည် မိမိတို့မိခင်ပါတီ ပရာချကွန်ထိုင်း၏ ရပ်တည်ချက်နှင့် ဆန့်ကျင်ကာ ချွန်လိပိုင်ခေါင်းဆောင်သော ဒီမိုကရက်ပါတီကို ထောက်ခံမဲပေးခဲ့သည်။

ထိုအခါပရာချကွန်ထိုင်းပါတီက ၎င်းအမတ်(၁၆)ဦးကိုပါတီမှထုတ်ပစ်ခဲ့သည်။ ထိုင်းနိုင်ငံအခြေခံဥပဒေပုဒ်မ(၁၀၇)အရ အောက်လွှတ်တော်ကိုယ်စားလှယ် အမတ်တဦးဖြစ်ရန် နိုင်ငံရေးပါတီတရပ်ရပ်၏ အဖွဲ့ဝင်ဖြစ်ရမည်ဖြစ်သည်။ သို့ဖြစ်၍ မိခင်နိုင်ငံ ရေးပါတီမှ အဖွဲ့ဝင်အဖြစ်ရပ်စဲခြင်းခံလိုက်ရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အမတ်အဖြစ်မှပါ ပြုတ်ရတော့မည်ကဲ့သို့ဖြစ်လာသည်။ ပရာချကွန်ထိုင်းပါတီမှ ၎င်း၏အမတ်(၁၆)ဦးကို ပါတီဝင်အဖြစ်မှရပ်စဲလိုက်ခြင်းသည် လွှတ်တော်အမတ်အဖြစ်မှပါ ရပ်စဲရာရောက်မရောက် အခြေခံဥပဒေရေးရာ ပြသာနာပေါ်လာခဲ့သည်။

ထိုအခါ ထိုင်းနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးမှ “၎င်းအမတ်များသည် ရက်ပေါင်း(၃၀)အတွင်း နိုင်ငံရေးပါတီတရပ်ရပ်သို့ အဖွဲ့ဝင်အဖြစ်လျှောက်ထားဝင်ရောက်ခွင့်ရရှိပါက အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်တည်ရှိစေရမည်”ဟုဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည်။ ၎င်းအမတ်များသည် ရက်ပေါင်း (၃၀)အ တွင်း အခြားပါတီတရပ်၏အဖွဲ့ဝင်အဖြစ်သို့ လျှောက်ထားရယူကာ အောက်လွှတ်တော် ကိုယ စားလှယ်အဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့ကြသည်။

ထိုင်းနိုင်ငံအခြေခံဥပဒေ ပုဒ်မ ၂၁၆ (၄)တွင် “တရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် ပြစ်

ဒဏ်ထင်ရှားစီရင်ခြင်းခံရပါက အစိုးရအဖွဲ့ဝင်ဝန်ကြီးတဦးသည် တာဝန်မှရပ်စဲစေရမည်''ဟု ပြဌာန်းထားပါသည်။ ယင်းပြဌာန်းချက်ကို ကိုးကားကာ ''ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးရာအသင်း''မှ ပညာရှင်တချို့မှဦးဆောင်ကာ နေဝင်းချတ်ချွတ်ကို ဝန်ကြီးရာထူးမှထုတ်ပယ်ပစ်ရန် ဝန်ကြီးချုပ်ချွမ်လိပိုင်ဦးဆောင်သောအစိုးရထံ တောင်းဆိုခဲ့ကြသည်။ မိမိ၏အမှုမှာ အောက်ရုံး၌ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော်လည်း အထက်ရုံး သို့ အယူခံဝင်ထားဆဲဖြစ်ကာ ပြစ်ဒဏ်ကိုလက်ရှိမကျခံရဘဲ ရွှေ့ဆိုင်းထားဆဲဖြစ်ခြင်းကြောင့် ယင်းအခြေခံဥပဒေပုဒ်မ ၂၁ဖ (၄)နှင့် အကြုံးဝင်ခြင်းမရှိကြောင်း နေဝင်းချတ်ချွတ်က ခုခံငြင်းဆန်သည်။

နေဝင်းချတ်ချွတ်မှုခင်းနှင့်ဆက်စပ်၍ ဝန်ကြီးချုပ်ချန်လိပိုင် ခေါင်းဆောင်သော ဒီမိုကရက်အစိုးရမှာ အခက်ကြုံနေရသည်။ နေဝင်းချတ်ချွတ်ကို ဝန်ကြီးရာထူးမှ ထုတ်လျှင်ထုတ်၊ မထုတ်လိုလျှင်နေဝင်းချတ်ချွတ်၏မှုခင်းကို ''အခြခံဥပဒေတရာရုံး'' သို့ တင်ပို့ကာ ဆုံးဖြတ်ချက်ရယူပြီး ရှင်းလင်းအောင်လုပ်ပေးရတော့မည်။ အဘယ်ကြောင့်ဆိုသော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ပြစ်ဒဏ်ကိုဆိုင်းငံ့ထားခြင်း ရှိမရှိဆိုသည့်ကိစ္စကို ဖေါ်ပြမထားကြောင်း တရားရုံးမှပြစ်ဒဏ်စီရင်ခြင်းခံရလျှင် ဝန်ကြီးရာထူးမှ ရပ်စဲပြီးဖြစ်စေရမည်ဟုသော အခြေခံဥပဒေ၌ ရှင်းလင်းစွာဖေါ်ပြထားသောကြောင့် နေဝင်းချတ်ချွတ်ကို ဝန်ကြီးရာထူးမှ ထုတ်ပယ်ရန်မှတပါး အခြားမရှိကြောင်း ''ဖွဲ့စည်းအုပ်ချုပ်ပုံအခြခံဥပဒေရေးရာအသင်း''မှ ပညာရှင်များက အခိုင်အမာတောင်းဆိုနေကြသောကြောင့်ဖြစ်သည်။ ယင်းကိစ္စကို ရှင်လင်းရန် ''အခြေခံဥပဒေတရားရုံး''သို့ တင်ပို့သင့်ကြောင်း ဥပဒေပညာရှင်များကလည်း အကြံပေးကြသည်။ အမှုမှာပြီးဆုံးခြင်း မရှိသေးပါ။ အထက်ပါမှုခင်းများနှင့် ဆက်စပ်၍ တင်ပြလိုသောအချက်မှာ ထိုင်းနိုင်ငံ၌ အခြခံဥပဒေမှာ များစွာအသက်ဝင်လျှက်ရှိပြီး ထိုင်းပါလီမန်အစိုးရနှင့် ထိုင်းပညာရှင်များ၊ လူထုများသည် အခြေခံဥပဒေ၏ပြဌာန်းချက်များကို ကိုးကားကာ လှုပ်ရှားလုပ်ဆောင်လျှက်ရှိကြောင်း၊ အခြေခံဥပဒေသည် စာရွက်ပေါ်မှာသာရှိခြင်းမဟုတ် လက်တွေ့ နယ်ပယ်ထဲတွင် များစွာလွှမ်းမိုးသက်ရောက်လျှက်ရှိကြကြောင်း တင်ပြလိုခြင်းဖြစ်သည်။ အခြေခံဥပဒေပြဿနာရပ်များနှင့်စပ်လျှဉ်း၍ အခြေခံဥပဒေဆိုင်ရာ တရားရုံးသည် အဓိကအရေးပါသော နိုင်ငံအင်္ဂါတရပ်ဖြစ်ပေသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးရာ ပြဿနာနှင့်စပ်လျှဉ်း၍ နောက်ထပ်သာဓကတရပ်မှာ နေဝင်းချတ်ချွတ်ဟုအမည်ရှိသော ဝန်ကြီးချုပ် ချွမ်လိပိုင်ခေါင်းဆောင် သည့် ဒီမိုကရက်ပါတီအစိုးရမှ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဌာနမှ ဒုတိယ ဝန်ကြီးတဦး၏ မှုခင်းဖြစ်သည်။ ၁၉၈၈ ခုနှစ်အတွင်းတွင် နေဝင်းချတ်ချွတ်မှာ အောက် ရုံးတခု၌ အသရေဖျက်မှုနှင့် တရားစွဲဆိုခြင်းခံခဲ့ရပြီး ထောင်ဒဏ် (၆)လနှင့် ဘတ်ငွေ (၅၀၀၀၀) ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံခဲ့ရသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရား ရုံး၏ စီရင်ချက်သည် အတည်ဖြစ်သည်။ (ပုဒ်မ–၂၆၈)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးတွင် သီးခြားလွတ်လပ်သော အတွင်းဝန်ရုံးရှိသည်။ ၎င်းအတွင်းဝန်ရုံးအား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးဌာန၏ အတွင်းရေးမှူးချုပ်မှစီမံကွပ်ကဲပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးဥက္ကဌသို့ တိုက်ရိုက်တာဝန်ခံသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးဌာန၏ အတွင်းရေးမှူးချုပ်ခန့်အပ်မှုအား ဖွဲ့စည်းအုပ်ချုပ်အုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံး၏ တရားသူကြီးများမှ သဘောတူခွင့်ပြုပေးရသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးဌာန၏ ဝန်ထမ်းအုပ်ချုပ်ကွပ်ကဲမှု၊ ရသုံးငွေစာရင်းနှင့် ဥပဒေဖြင့်ပြဋ္ဌာန်းပေးသော အခြားလုပ်ဆောင်မှုများအပေါ် လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိသည်။ (ပုဒ်မ-၂၇၀)

## အမျိုးသားအကျင့်စာရိတ္တပျက်စီးမှုဆန့်ကျင်သောကော်မရှင်

ထိုင်းနိုင်ငံ၏ ၁၉၉၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် နိုင်ငံရေးသမားများနှင့် အဆင့်မြင့်အစိုးရဝန်ထမ်းများ အကျင့်စာရိတ္တ ပျက်စီးမှုအားဆန့်ကျင်သည့် အထွေထွေနှင့်သီးသန့်ယန္တယားများအား ပြဋ္ဌာန်းထားပါသည်။ အထွေထွေယန္တယားတွင် ရွေးကောက်ပွဲစနစ်များအား ပြင်ဆင်ထားခြင်းများနှင့် နိုင်ငံရေးပါတီစီမံအုပ်ချုပ်မှုများ ပါဝင်သည်။

သီးသန့်ယန္တယားတွင် နိုင်ငံရေးရာထူးရာခံယူသူများနှင့် အဆင့်မြင့်အစိုးရ ဝန်ထမ်းတို့မှ ပိုင်ဆိုင်မှုစုစုပေါင်းနှင့် တာဝန်ရှိမှုများအား ထုတ်ပြန်ခြင်း၊ အမျိုးသား အကျင့်စာရိတ္တပျက်စီးမှုဆန့်ကျင်သောကော်မရှင်အား ဖွဲ့စည်းအုပ်ချုပ်ပုံခြေခံဥပဒေ၏ အစိတ်အပိုင်းတခုအဖြစ် မြှင့်တင်ပေးခြင်း၊ နိုင်ငံရေးသမားများနှင့်၊ အဆင့်မြင့်အစိုးရ ဝန်ထမ်းများအား၊ ရာထူးမှထုတ်ပယ်ခြင်း၊ နိုင်ငံရေးရာထူးရာခံယူထားသူများအား အထူးပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်း စသည်များပါဝင်သည်။

၁၉၉၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် နိုင်ငံတော်အာဏာအသုံးပြုခြင်းအပေါ် စီစစ်ရန်နှင့် ကြည့်လင်မှုအတွက် သီးသန့်ယန္တယားငါးခု ပြဋ္ဌာန်းထားပါသည်။ နိုင်ငံရေးနှင့်အုပ်ချုပ်ရေးလာဘ်စားမှုတို့အား လျော့သွားစေရန်နှင့် နောက်ဆုံးတွင် ပပျောက်သွားစေရန်ဖြစ်သည်။

ပထမယန္တယားတွင် နိုင်ငံရေးရာထူးယူထားသူများဖြစ်သော ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပါလီမန်အမတ်များ၊ နိုင်ငံရေးခန့်အပ်မှုများနှင့် ၎င်းတို့၏မယား သို့မဟုတ် လင်နှင့်သားသမီးများ၏ ပိုင်ဆိုင်မှုစုစုပေါင်းနှင့် တာဝန်ရှိမှုများအား ထုတ်ပြန်ခြင်းကို ယမန်နှစ်ဝင်ငွေအမြတ်တော်ခွန်ပေးသွင်းခြင်းဖြတ်ပိုင်းမိတ္တူမှန်နှင့်အတူ ရာထူးဝင်ရောက်တာဝန်ယူချိန် သို့မဟုတ် ရာထူးမှထွက်ခွာချိန်၏ ရက်ပေါင်း(၃၀)အတွင်း အမျိုးသားအကျင့်စာရိတ္တပျက်ပြားမှုဆန့်ကျင်သော ကော်မရှင် (NCCC) ထံပေးသွင်းကြရသည်။ ရာထူးတွင်သေဆုံးပါက သေဆုံးချိန်တွင်ပစ္စည်းပိုင်ဆိုင်မှုစုစုပေါင်း ကိုကျန်ရစ်သူမိသားစုမှ စာရင်းတင်သွင်းရမည်ဖြစ်သည်။

အစီရင်ခံမှုများအား လက်ခံရရှိရာတွင် (NCCC) ဥက္ကဋ္ဌမှ သို့မဟုတ် တာဝန်ပေးအပ်ထားခြင်းခံရသော ကော်မရှင်မင်းကြီးမှ မိမိ၏လက်မှတ်တိုအား စာမျက်နှာတိုင်းတွင် ရေးထိုးထားရမည်ဖြစ်သည်။ (NCCC)မှ ဝန်ကြီးချုပ် နှင့်ဝန်ကြီးများ၏ ငွေစာရင်းများကိုသာရက်ပေါင်း(၃၀)အတွင်း အများပြည်သူသိရှိရန် ထုတ်ပြန်မှုကိုလုပ်ဆောင်ရန် လိုအပ်သည်။ အရေးကြီးသော နိုင်ငံရေးရာထူးများတွင် တာဝန်ယူနေကြသောသူများ၏ ပိုင်ဆိုင်မှုစုစုပေါင်းနှင့် တာဝန်ရှိမှုများ၏ တိကျမှန်ကန်မှုနှင့် အမှန်တကယ်ရှိနေမှုတို့ အား အများပြည်သူမှ စီစစ်နိုင်ရန်အတွက်ရည်ရွယ်ထားခြင်းပင်ဖြစ်သည်။

နိုင်ငံရေးရာထူးရာခံယူထားသူများမှ လိမ်လည်၍သော်လည်းကောင်း၊ ချန်လှပ်၍သော်လည်းကောင်း၊ အစီရင်ခံထားပြီး ယင်းတို့အပေါ်အထောက်အထားပြနိုင်သော် နိုင်ငံရေးရာထူးရာခံယူထားသူများသည် ရာထူးမှပြုတ်မည်ဖြစ်သည်။ ၎င်းအပြင်ယင်းပဂ္ဂိုလ်များအား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးမှ အပြစ်မရှိကြောင်း တွေ့ရှိစီရင်ချက်ချခြင်းမရှိက နိုင်ငံရေးရာထူးရာခံ ရယူမှုမှ ငါးနှစ်ပိတ်ပင်တားမြစ်သည်။

အဆင့်မြင့်အစိုးရဝန်ထမ်းများသည် အလားတူပင် ၎င်းတို့၏ပိုင်ဆိုင်မှု စုစုပေါင်းအား အစီရင်ခံရသည်။ နိုင်ငံရေးရာထူးရာခံယူထားသူများနှင့် အဆင့်မြင့်အစိုးရ ဝန်ထမ်းများ ဤကဲ့သို့အစီရင်ခံရခြင်း၊ (NCCC) မှ မရိုးသားမှုများတွေ့ရှိပါက တရားစွဲရုံးတင်နိုင်ခြင်း၊ တရားရုံးချုပ်ပြစ်မှုရေးရာဌာနမှ ၎င်းတို့အား အပြစ်ပေးအရေးယူခြင်း၊ သမရိုးကျမဟုတ်သော ကြွယ်ဝချမ်းသာမှုအား သိမ်းယူခြင်း၊ လုပ်ဆောင်မှုများဖြင့် နိုင်ငံရေးရာထူးရာခံတွင်ရှိသောသူများ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သမရိုးကျမဟုတ်သော ကြွယ်ဝချမ်းသာမှု အမြောက်အများရယူခြင်းအား ကာကွယ်နိုင်မည်ဖြစ်သည်။

ဒုတိယအချက်အဖြစ် (NCCC)အား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ သီးခြားလွတ်လပ်သော အစိတ်အပိုင်းတခုအဖြစ် အဆင့်မြင့်တင်ပေးမှုသည် အထက်ပိုင်းတွင်ဖြစ်ပေါ်နေသော အကျင့်စာရိတ္တပျက်မှုလာဘ်စားမှုတို့အား တိုက်ဖျက်ရန် ဖန်တီးထားသော ပြတ်သားသည့် ယန္တယားတခုဖြစ်နိုင်သည်။

(NCCC)တွင် ဆီးနိတ်လွှတ်တော်မှ အကြံပြုတင်သွင်းပြီး ဘုရင်မှခန့်အပ်သော ဂုဏ်သရေ သမာဓိသိက္ခာရှိပြီး လူချစ်ခင်ရှိသေလေးစားသော ပုဂ္ဂိုလ်ကြီး(၉)ဦးဖြင့် ဖွဲ့စည်းထားသည်။ ကော်မရှင်မင်းကြီးအားလုံးတို့သည် (၉)နှစ်သက်တမ်း တကြိမ်အတွက် ရွေးချယ်ခန့်အပ်ထားခြင်းဖြစ်သည်။ မတရားသောလုပ်ဆောင်မှု၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား သိလျက်နှင့်ချိုးဖေါက်ခြင်း၊ သို့မဟုတ်အလွန်အမင်း သိက္ခာ ကျဆင်းသော ကျင့်ကြံမှုဖြင့် စွပ်စွဲခြင်းခံရပြီး ဆီးနိတ်လွှတ်တော်အမတ် အနည်းဆုံး ငါးပုံသုံးပုံမှ အပြစ်ရှိကြောင်းမဲပေးအတည်ပြုမှသာ ၎င်းတို့အားထုတ်ပယ်နိုင်သည်။

နိုင်ငံရေးရာထူးရာခံတွင် တာဝန်ယူသူများနှင့် အဆင့်မြင့်ဝန်ထမ်းများအား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အထူးပြဋ္ဌာန်းချက်ဖြင့် ရာထူးမှဖယ်ရှားနိုင်ခြင်းသည် အကျင့်စာရိတ္တပျက်ပြားမှုအား တိုက်ရန်တတိယယန္တယားဖြစ်သည်။ ၁၉၉၇ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် (NCCC)မှ စုံစမ်းတွေ့ရှိချက်အရ အပြစ်ရှိသော ပါလီမန် အမတ်များ၊ နိုင်ငံရေးရာထူးရာခံတွင် တာဝန်ယူသူများနှင့် အဆင့်မြင့် အစိုးရဝန်ထမ်းများအား ရာထူးမှထုတ်ပယ်နိုင်ခွင့်အာဏာအား အထက်လွှတ်တော် ဆီးနိတ်တွင်အပ်နှင်းထားသည်။

အရေးယူမှုအား အောက်လွှတ်တော်အမတ်ဦးရေ အနည်းဆုံးလေးပုံတပုံ သို့မဟုတ် မဲပေးပိုင်ခွင့်ရှိပြည်သူ (၅၀၀၀၀)မှ စွဲချက်တင်ရမည်ဖြစ်သည်။ ယင်းမှာ နိုင်ငံရေးရာထူးရာခံတွင် တာဝန်ရှိသူအား အလွယ်တကူအရေးယူခြင်းမျိုးမဖြစ်စေရန်လည်း ထိမ်းညှိပေးထားသည့်သဘောဟုယူဆရသည်။ (NCCC)မှ ထောက်လှမ်းစုံစမ်း စစ်ဆေးမှုများ ဆောင်ရွက်ရမည်ဖြစ်ပြီး တွေ့ရှိချက်များအား ဆီးနိတ်သို့ တင်သွင်းရမည်ဖြစ်သည်။ အထက်လွှတ်တော်အဖွဲ့ဝင်များ အနည်းဆုံးငါးပုံသုံးပုံထောက်ခံမဲဖြင့် အရေးယူခံရသူအား ရာထူးမှထုတ်ပယ်ရမည်ဖြစ်သည်။

နိုင်ငံရေးရာထူးတာဝန်မှ ထုတ်ပယ်သောအထက်လွှတ်တော် ဆီးနိတ်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။ အယူခံဝင်ခွင့်မရှိချေ။ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး ရာထူးရာခံ ကြီးကြီးမားမားယူထားသူများ၏ အဂတိလိုက်စားမှုများ၊ ချစားမှုများ၊ ငွေကြေးအလွဲသုံးစားလုပ်မှုများကို အခြေခံဥပဒေနှင့်အညီ ထိမ်းကျောင်းကွပ်ကဲ အရေးယူဆောင်ရွက်ရန် အထက်တွင်တင်ပြခဲ့သကဲ့သို့ အမျိုးသားအကျင့်စာရိတ္တပျက်ပြားမှုတိုက်ဖျက်ရေးကော်မီရှင်ကို လုပ်ပိုင်ခွင့်များအပ်နှင်းထားသည်။

တချိန်တည်းတွင် အမျိုးသားအကျင့်စာရိတ္တ ပျက်ပြားမှုတိုက်ဖျက်ရေးကော်မရှင်က လုပ်ခြင်တာလုပ်ပြီး မိမိ၏ လုပ်ပိုင်ခွင့်ကိုအလွဲသုံးစား လုပ်ခြင်းမျိုးမရှိအောင်လည်း ထိမ်းညှိရန် အခြေခံဥပဒေတွင် ပြဌာန်းချက်များပါရှိသည်။ ဥပမာ– အမျိုးသားအကျင့်စာရိတ္တပျက်ပြားမှုတိုက်ရေးကော်မီရှင်သည် အခြေခံဥပဒေနှင့်အခြားဥပဒေ ပြဌာန်းချက်များကို ရည်ရွယ်ချက်နှင့်ချိုးဖောက်လျှင် (သို့မဟုတ်)တရားမျှတမှုကင်းမဲ့စွာ ပြုမူဆောင်ရွက်လျှင် ၎င်းတို့အပေါ် အရေးယူရန် အောက်လွှတ်တော်အမတ်ဦးရေ လေးပုံတပုံက အထက်လွှတ်တော်ဥက္ကဌထံ တိုင်တန်းချက်တင်သွင်းနိုင်သည်။

စတုတ္ထယန္တယားမှာ တရားရုံးချုပ်၏ရာဇဝတ်မှုဆိုင်ရာ မှုခင်းရေးရာဌာနမှ နိုင်ငံရေး ရာထူးရာခံ တာဝန်ယူထားသူများအပေါ် ကြားနာစစ်ဆေးမှုအား ပြဌာန်းပေးထားခြင်းဖြစ်သည်။ တရားရုံးချုပ်မှုခင်းရေးရာဌာနအား တရားရုံးချုပ်တရားသူကြီး (၁၀)ဦးဖြင့်ဖွဲ့စည်းထားသည်။ ၎င်းတို့အားအမှုတခုခြင်း အလိုက်တရားရုံးချုပ် တရားသူကြီးအားလုံး၏ အစည်းအဝေးတွင်ရွေးချယ်သည်။ (NCCC)မှ နိုင်ငံရေးရာထူးရာခံ တာဝန်ယူထားသူတဦးအပေါ် စွဲဆိုသောအရေးကြီးသောမှုခင်းများတွင် ၎င်းတို့သည် ခုံသမာဓိလူကြီးများအဖြစ် ဆောင်ရွက်သည်။ ယင်းအဖွဲ့၏အဆုံးအဖြတ်အအရ အပြစ်ထင်ရှားစီရင်ခံရသူ နိုင်ငံရေးသမားနှင့် အစိုးရဝန်ထမ်းတို့သည်အယူခံပိုင်ခွင့်မရှိပေ။

ပြည်သူ့ဘဏ္ဍာရေး စာရင်းစစ်ကော်မရှင်အား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ သီးခြားလွပ်လပ်သောအစိတ်အပိုင်းတရပ်သို့ အဆင့်မြင့်တင်ပေးခြင်းသည် ပဥ္စမယန္တယားဖြစ်သည်။ ဘဏ္ဍာရေးအပိုင်းတွင် အကျင့်စာရိတ္တပျက်စီးခြင်း အားတားဆီးရန်ဖြစ်သည်။ ကော်မရှင်အားဆီးနိတ်၏အကြံပေးမှုဖြင့် ဘုရင်ကခန့်အပ်သော ဥက္ကဌတဦးနှင့်အဖွဲ့ဝင် (၉)ဦးတို့ဖြင့် ဖွဲ့စည်းထားသည်။ ကော်မရှင်မင်းကြီး (၁၀)ဦးစလုံးတို့အားဘက်လိုက်မှုမရှိသော၊ သိက္ခာသမာဓိရှိသော၊ အများပြည်သူ့ဘဏ္ဍာရေး၊ စာရင်းစစ်နှင့်အခြားစီမံအုပ်ချုပ်မှု အမျိုးအစားတို့တွင်အတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်များအားတပ်တိုး၍မရသော (၆)နှစ်သက်တမ်းတခုအတွက် အမှုထမ်းဆောင်စေသည်။ ကော်မရှင်ဝန်ထမ်းများအား ကော်မရှင်ဥက္ကဌမှ တိုက်ရိုက်စီမံအုပ်ချုပ်သည်။

## ရွေးကောက်ပွဲကော်မရှင်

ရွေးကောက်ပွဲကော်မရှင်အား ဆီးနိတ်၏အကြံပေးမှုဖြင့် ဘုရင်ကခန့်အပ်သော ဥက္ကဌတဦးနှင့် အခြားကော်မရှင်မင်းကြီးများအဖြစ် နိုင်ငံရေးဘက်လိုက်မှု မရှိသောသူများနှင့် သိက္ခာသမာဓိရှိသောသူများအား ရွေးချယ်ရန်မှဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်တရပ်၏ သက်တမ်းသည်(၇)နှစ်ဖြစ်ပြီး ကော်မရှင်မင်းကြီးများကို သက်တမ်းတခုအတွက်သာ ခန့်အပ်နိုင်သည်။ အခြေခံဥပဒေပုဒ်မ (၁၄၄)တွင် ရွေးကောက်ပွဲကော်မ

ရှင်၏ လုပ်ငန်းအဖြစ် "ကိုယ်စားလှယ်များ၊ လွှတ်တော်အဖွဲ့ဝင်များ၊ ဆီးနိတ်အမတ်များ၊ ဒေသဆိုင်ရာလွှတ်တော်အဖွဲ့ဝင်များ၊ လူထုဆန္ဒခံယူပွဲအပါအဝင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအရာရှိများကို ရွေးချယ်သည့်ရွေးကောက်ပွဲများအား ရိုးသားမှုနှင့် တရားမျှတမှုရှိစွာကျင်းပစေရမည်"ဟု ဖော်ပြထားပါသည်။

အပိုဒ်(၂)တွင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအား အခြေခံဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသောအောက်ပါ ဥပဒေများနှင့်စပ်လျဉ်း၍ ကြီးကြပ်စီမံကွပ်ကဲခွင့်အာဏာ အပ်နှင်းထားသည်။

- အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊
- နိုင်ငံရေးပါတီများဆိုင်ရာဥပဒေ၊
- ဒေသလွှတ်တော်များ၏အဖွဲ့ဝင်များ သို့မဟုတ် ဒေသအုပ်ချုပ်ရေးအရာရှိများ ရွေးကောက်ပွဲဆိုင်ရာဥပဒေ။

ထို့ပြင်ကော်မရှင်ဥက္ကဋ္ဌသည် နိုင်ငံရေးပါတီများဆိုင်ရာ မော်ကွန်းထိန်းလည်း ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်အား ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းများ ထုတ်ပြန်ကြေငြာခြင်း၊ အစိုးရဝန်ထမ်းများ၏လုပ်အားများကို ဆင့်ခေါ်ခြင်း ရွေးကောက်ပွဲဆိုင်ရာ တိုင်တန်းမှုများအားလက်ခံခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် စီရင်ချက်မှတ်ခြင်းတို့အား ကျင့်သုံးခွင့်အာဏာ ပေးထားပါသည်။

## အမျိုးသားလူ့အခွင့်အရေးဆိုင်ရာကော်မရှင်

အမျိုးသားလူ့အခွင့်အရေးဆိုင်ရာကော်မရှင်အား (NHRC) ဆီးနိတ်၏အကြံပေးမှုဖြင့် ဘုရင်ခန့်အပ်သောဥက္ကဋ္ဌတဦးနှင့် အခြားအဖွဲ့ဝင်(၁၀)ဦးဖြင့်ဖွဲ့စည်းသည်။ ၎င်းတို့အား လူ့အခွင့်အရေးနှင့်လွတ်လပ်မှုများအား အကာအကွယ်ပေးမှုတွင် သိရှိနားလည်ပြီး အတွေ့အကြုံရှိသူများအနက်မှ ရွေးချယ်တာဝန်ပေးသည်။ (NHRC) အဖွဲ့ဝင်များ၏သက်တမ်းမှာ (၆)နှစ်ဖြစ်ပြီး သက်တမ်းတကြိမ်အတွက်သာ ရွေးချယ်ခန့်အပ်နိုင်သည်။

၁၉၉၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် (NHRC)အား အောက်ဖော်ပြပါတာဝန်များနှင့် လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းထားပါသည်။

- လူ့အခွင့်အရေးကိုချိုးဖောက်သည့်ပျက်ကွက်မှု သို့မဟုတ် ကျူးလွန်မှုများနှင့် ထိုင်းနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာစာချုပ်များအရ တာဝန်များကို လိုက်နာရန်ပျက်ကွက်မှု သို့မဟုတ် ဖောက်ဖျက်မှုများကို စစ်ဆေးခြင်း အမျိုးသားလွှတ်တော်သို့ အစီရင်ခံခြင်း၊
- လူ့အခွင့်အရေးများအား တိုးမြှင့်ကာကွယ်စောင့်ရှောက်နိုင်မှုအတွက် ဥပဒေများ စည်းမျဉ်း ပြင်ဆင်ချက်များအား အမျိုးသားလွှတ်တော်နှင့် ဝန်ကြီးများကောင်စီသို့ အကြံပြုခြင်း၊
- လူ့အခွင့်အရေးဆိုင်ရာ ပညာပေးခြင်း၊ သုတေသနပြုခြင်းနှင့် အသိပညာများပြန့်ပွားမှုအား မြှင့်တင်မြှောက်ပေးခြင်း၊
- အစိုးရဌာနများ တသီးပုဂ္ဂလအဖွဲ့များနှင့် အခြားလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့များ

အတွင်း ပူးတွဲလုပ်ဆောင်မှုနှင့် ညှိနှိုင်းလုပ်ဆောင်မှုအား မြှေတောင်မြှောက်ပေး ခြင်း၊

- နိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖေါက်မှုနှင့် လူ့အခွင့်အရေးအခြေအနေအပေါ် သုံး သပ်သည့်နှစ်စဉ် အစီရင်ခံစာအားပြုစုပြီး အမျိုးသားလွှတ်တော်သို့ တင်သွင်း ခြင်း၊

အမျိုးသားလူ့အခွင့်အရေးဆိုင်ရာ ကော်မီရှင်သည် ၁၉၉၇ခုနှစ် ထိုင်းနိုင်ငံ ဖွဲ့ စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ၏ ပြဌာန်းချက်အသစ်ဖြစ်ပြီး ယခင်ဖွဲ့စည်းအုပ်ချုပ်ပုံ အ ခြေခံဥပဒေအဟောင်းများ၌ တကြိမ်တခါမျှ ထည့်သွင်းပြဌာန်းခဲ့ခြင်းမရှိချေ။ ထို့အပြင် အခြားထူးခြားသောအချက်တရပ်မှာ အမျိုးသားလူ့အခွင့်အရေး ဆိုင်ရာကော်မီရှင်ကို ဖွဲ့စည်းရာ၌ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုအတွက် လုပ်ဆောင် လျှက်ရှိကြ သော ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းရမည်ဟု ပုဒ်မ(၁၉၉)တွင် အတိအလင်း ပြဌာန်းထားခြင်းဖြစ်သည်။ ယင်းပြဌာန်းချက်ကို အခြေခံ ကာ လက်ရှိထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးဆိုင်ရာကော်မီရှင်တွင် လူ့အခွင့်အ ရေးဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းများ (Human Rights NGO)များမှ ကိုယ်စား လှယ်များ ပါဝင်တာဝန် ထမ်းဆောင်လျှက်ရှိကြသည်ကို တွေ့ရသည်။

**အစိုးရအာဏာပိုင်များအား စိစစ်ရန်တာဝန်ရှိပုဂ္ဂိုလ်များ**

၁၉၉၇ခုနှစ် ထိုင်းနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ သီးခြားလွှတ်လပ် သည့်အစိတ်အပိုင်းတခုအဖြစ် ထည့်သွင်းပြဌာန်းထားသည်ကို ထူးထူးခြားခြားတွေ့ရှိရ ပါသည်။ အစိုးရအာဏာပိုင်များအားစိစစ်ရန်တာဝန်ရှိပုဂ္ဂိုလ်များ (OMBUDSMEN) အား အောက်ပါလုပ်ပိုင်ခွင့်အာဏာများနှင့် တာဝန်များအားအပ်နှင်းထားပါသည်။ အောက်ပါအကြောင်းအရာများအပေါ် အကြောင်းအချက်ရှာပေးရန် တိုင်တန်းခြင်းအား စဉ်းစားပေးခြင်းနှင့် စုံစမ်းပေးခြင်းရခြင်းဖြစ်သည်။

(က) အစိုးရအရာရှိတဦး သို့မဟုတ်နိုင်ငံတော်လုပ်ငန်းဌာန၊ နိုင်ငံတော်စီးပွါးရေး လုပ်ငန်းဌါန၊ နိုင်ငံတော်စီးပွါးရေးလုပ်ငန်း သို့မဟုတ် ဒေသဆိုင်ရာအစိုးရအဖွဲ့အ စည်း ဝန်ထမ်းတဦးမှ ဥပဒေပြဌာန်းချက်နှင့်အညီမလုပ်ဆောင်ခြင်း သို့မဟုတ် ဥပဒေပြဌါန်းပါလုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်ဝတ္တရားတို့ထက်လွန်ကဲ၍ လုပ် ဆောင်ခြင်း။

(ခ) အစိုးရအရာရှိတဦး သို့မဟုတ်နိုင်ငံတော်လုပ်ငန်းဌာန၊ နိုင်ငံတော်စီးပွါးရေး လုပ်ငန်း သို့မဟုတ် ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းဝန်ထမ်းတဦး၏ ဥပဒေအရ ဖြစ်စေ၊ ဥပဒေအရ မဟုတ်ပဲဖြစ်စေ၊ လုပ်ဆောင်မှုသို့မဟုတ်၊ လုပ်ဆောင်ရန်ပျက် ကွက်မှုကြောင့်၊ တိုင်တန်းသူ၊ သို့မဟုတ်ပြည်သူလူထုအား ထိခိုက်ဒဏ်ရာရစေ ခြင်း။

(ဂ) ဥပဒေဖြင့် ပြဌာန်းထားသော အခြားအရေးကိစ္စများ။

(ဃ) အစီရင်ခံလွှာများပြင်ဆင်ခြင်း၊ ထင်မြင်ချက်နှင့်ကြံပြုချက်များ အမျိုးသား လွှတ်တော်သို့တင်သွင်းခြင်း။ (ပုဒ်မ ၁၉၇)

အစိုးရအာဏာပိုင်များအား စိစစ်ရန်တာဝန်ရှိပုဂ္ဂိုလ်တဦးသည် မိမိ၏ဆန္ဒဖြင့် ဝန်ထမ်းလုပ်ဆောင်ရန်ပျက်ကွက်မှု သို့မဟုတ်လုပ်ဆောင်မှုကြောင့် တစုံတဦး သို့မ

ဟုတ် လူထုအားနစ်နာထိခိုက်စေမှုအား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တရားရုံး၊ သို့ မဟုတ်အုပ်ချုပ်ရေးတရားရုံးသို့ တိုင်တန်းအမှုဖွင့်နိုင်သည်။

၁၉၉၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်အရ မကျေနပ်မှုများကို စီစစ်ရန်ခန့်အပ်ထားသည့် တာဝန်ရှိပုဂ္ဂိုလ်သုံးဦးအထိ ဆီးနိတ်လွှတ်တော်အကြံပေးမှု ဖြင့် ဘုရင်မှ (၆)နှစ်သက်တန်းအတွက်ခန့်အပ်နိုင်သည်။

၁၉၉၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ(၇၅)ဒုတိယစာပိုဒ်တွင် "နိုင်ငံ တော်သည် ရွေးကောက်ပွဲကော်မရှင်၊ အစိုးရအားစီစစ်ရန်တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုး သားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံး၊ တရားရေး၊ တရားရုံးများ၊ အုပ်ချုပ်ရေးတရားရုံးများ အမျိုးသားအကျင့်စာရိတ္တ ပျက်ပြားမှုတိုက် ဖျက်သောကော်မရှင်နှင့် နိုင်ငံတော်စာရင်းစစ်ကော်မရှင်များ၏ သီးခြားလွတ်လပ် အုပ်ချုပ်မှုအတွက် လုံလောက်သော ရသုံးငွေစာရင်းအား ခွဲဝေပေးရမည်။ ယင်းပုဒ်မ ပ ထမစာပိုဒ်တွင် တရားဥပဒေစိုးမိုးမှု၊ ပုဂ္ဂလိကအခွင့်အရေးများနှင့် လွတ်လပ်မှုများ အား အကာအကွယ်ပေးမှု တရားမျှတမှုတို့အား ပြဋ္ဌာန်းထားပါသည်။

## အမျိုးသားလွှတ်တော်

အမျိုးသားလွှတ်တော်တွင် အောက်လွှတ်တော်(House of Representatives) နှင့် အထက်လွှတ်တော်(Senate)တို့ပါဝင်သည်။ (ပုဒ်မ–၉၀) ဥပဒေကြမ်းတရပ် အား အမျိုးသားလွှတ်တော်၏ သဘောတူလက်ခံမှုဖြင့်သာ ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင် သည်။

အောက်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၅၀၀ရှိသည်။ ထိုင်း နိုင်ငံ၏ ၁၉၉၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် လူဦးရေပေါ်အခြေခံ၍ မဲအ များစုရသူကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံရသောစနစ်နှင့် ပါတီတခုစီမှရရှိသော မဲအရေအတွက်အလိုက် ကိုယ်စားလှယ်နေရာ ဦးရေခွဲဝေယူရသော အချိုးကျကိုယ်စား ပြုသည့်စနစ် နှစ်ရပ်တို့ကို ပေါင်းစပ်ထားသော စနစ်အားကျင့်သုံးထားသည်ကို တွေ့ရ ပါသည်။ ယင်းပေါင်းစပ်ထားသောစနစ်အရ ကိုယ်စားလှယ်များ လွှတ်တော်အဖွဲ့ဝင် စုစုပေါင်း (၅၀၀)ဦးထဲမှ (၁၀၀)ဦးသည် ပါတီစာရင်းအခြေခံအရ ကိုယ်စားလှယ်များ ဖြစ်ကြပြီး (၄၀၀)ဦးမှာ မဲဆန္ဒနယ်တခုစီမှ ရွေးကောက်တင်မြှောက်သော ကိုယ်စား လှယ်များဖြစ်ကြသည်။

ပါတီစာရင်းအခြေခံသော ကိုယ်စားလှယ်များ၊ လွှတ်တော်အဖွဲ့ဝင်များ၊ ရွေးချယ် ရာတွင် ပါတီတခုခြင်းသည် စုစုပေါင်းဦးရေ (၁၀၀)ဦးထက်မပိုသော မိမိပါတီကိုယ်စား အမည်စာရင်းအား ဦးစားပေးအလိုက် အမှတ်စဉ်တပ်ပြီး ရွေးကောက်ပွဲ ကော်မရှင်သို့ မဲဆန္ဒနယ်မြေအလိုက် အခြေခံသော ရွေးကောက်ပွဲအမတ်လောင်းအမည်စာရင်း မ တင်သွင်းမီနေ့တွင်တင် သွင်းရမည်။

မဲဆန္ဒရှင်များသည် ယင်းအမည်စာရင်းတင်သွင်းသော ပါတီအားမဲပေးရသည်။ တနိုင်ငံလုံး၏အရေအတွက် ငါးရာခိုင်နှုန်းအောက်ရရှိသော နိုင်ငံရေးပါတီသည် လွှတ် တော်တွင် ကိုယ်စားပြုရန် ကိုယ်စားလှယ်တဦးတယောက်ကိုမျှစေလွှတ်ခွင့်မရှိချေ။

ပါတီစားရင်းအခြေခံ ကိုယ်စားလှယ်များ ရွေးကောက်မှုအချိုးအစားခွဲဝေမှုအား

ကိုယ်စားလှယ်များ၊ လွှတ်တော်အဖွဲ့ဝင်များနှင့် ဆီးနိတ်အမတ်များ ရွေးချယ်တင်မြောက်မှု စည်းမျဉ်းများလုပ်နည်းနှင့် သတ်မှတ်ချက်များအတိုင်းဖြစ်သည်။ မဲဆန္ဒနယ်မြေတခုစီအတွင်းတွင် အမတ်လောင်းတဦးအားမဲပေးရမည်။

လွှတ်တော်အမတ်အဖြစ် ရွေးချယ်ပိုင်ခွင့်ရှိသောသူများ သတ်မှတ်ချက်တွင် အောက်ဖေါ်ပြပါ ထူးခြားမှုများအား တွေ့ရပါသည်။

- မွေးဖွားခြင်းဖြင့်နိုင်ငံသားဖြစ်သူဖြစ်ရမည်။ ( ဥပဒေအရနိုင်ငံသားဖြစ်သူများ အမတ်လောင်းမဖြစ်နိုင်ပေ။ )
- အနည်းဆုံးဝိဇ္ဇာ၊ သိပ္ပံ၊ ဘွဲ့သို့မဟုတ် ၎င်းနှင့်ညီမျှသော ပညာဆင့်ရှိသူဖြစ်ရ မည်။
- နိုင်ငံရေးပါတီတခုခုနှင့် ပါတီတခုထဲ၏ အဖွဲ့ဝင်အဖြစ်ဆက်တိုက် အနည်းဆုံး ရက်ပေါင်း ၉၀ အဖွဲ့ဝင်ဖြစ်ရမည်။ တသီးပုဂ္ဂလိကအဖြစ် မဲဝင်ရောက်ရွေးပိုင်ခွင့်မရှိပေ။
- မိမိအရွေးချယ်ခံလိုသော ပြည်နယ်တွင်မွေးဖွားသူဖြစ်ရမည်။ ပြည်နယ်တခုတွင် မွေးဖွားသောသူ တစုံတယောက်သည် အခြားပြည်နယ်တခုတွင်ဝင်ရောက် ရွေးပိုင်ခွင့်မရှိပေ။
- မိမိအရွေးချယ်ခံမည့်ပြည်နယ်တွင် အနည်းဆုံးနှစ်နှစ် ပညာဆည်းပူးဘူးရမည်။

ပုဒ်မ(၁၁၄)တွင် နိုင်ငံရေးပါတီများ မဲဆွယ်တရားဟောမှု အကုန်အကျနည်းရေး အတွက် အစိုးရမှကူညီပေးမှုအားပြဋ္ဌာန်းပါသည်။ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီအားလုံးအား အခမဲ့အသံလွှင့်အချိန်နှင့် ရုပ်မြင်သံကြားအချိန်တို့အား အစိုးရမှ စီစဉ်ပေးထားပါသည်။

ပုဒ်မ(၁၁၈-ရ)တွင် အောက်လွှတ်တော်ကိုယ်စားလှည်တဦးသည် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်း သို့မဟုတ် ဝန်ကြီးအဖြစ်ခန့်အပ်ခြင်းခံရလျှင် လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခြင်းမှ ရပ်ဆိုင်းသည်ဟုပြဋ္ဌာန်းပါရှိပါသည်။ ပုဒ်မ(၂၀၀) ဒုတိယအပိုဒ်တွင် ဝန်ကြီးများအား အောက်လွှတ်တော်ကိုယ်စားလှယ်များအထဲမှ ခန့်အပ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

ပုဒ်မ(၂၀၄)တွင် ဝန်ကြီးချုပ်နှင့်ဝန်ကြီးများသည် တချိန်တည်းတွင် အောက်လွှတ်တော် ကိုယ်စားလှယ်သော်လည်းကောင်း၊ အထက်လွှတ်တော်ကိုယ်စားလှယ် သော်လည်းကောင်း၊ မဖြစ်ရဟုပြဋ္ဌာန်းထားပြန်သည်။ ဝန်ကြီးချုပ်သို့မဟုတ်ဝန်ကြီးအဖြစ်ခန့်အပ်ခံရသူ အောက်လွှတ်တော်ကိုယ်စားလှယ်တဦးသည် တရားဝင်ထုတ်ပြန်မှုပြုသောနေ့မှ (၃၀)ရက်ပြည့်သောနေ့ နောက်တနေ့တွင် ရာထူးမှထွက်ပေးရမည်ဟု ပုဒ်မ(၂၀၄)တွင်ပင်ဆက်လက်ပါရှိပါသည်။

ဤသို့ပြဋ္ဌာန်းသတ်မှတ်ခြင်းဖြင့် လူတဦးတယောက်သည် အုပ်ချုပ်မှုအာဏာနှင့် ဥပဒေပြုအာဏာတွင်တချိန်တည်းတွင်မပါဝင်စေရန်ဖြစ်သည်။ ဤသို့ဖြင့် အာဏာသုံးရပ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင်ရေးအာဏာတို့၏ သီးခြားတည်ရှိမှုအားပိုပြင်မှုရှိစေပါသည်။

အထက်လွှတ်တော် ဆီးနိတ်အမတ်အရေအတွက်အား (၂၀၀) သတ်မှတ်ထားပါသည်။ အောက်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ရန်လိုအပ်သော အရည်အချင်းများ ကဲ့သို့ပင် ဆီးနိတ်အမတ်သည် မွေးဖွားခြင်းဖြင့်နိုင်ငံသားဖြစ်သော ထိုင်းနိုင်ငံသားဖြစ်ပြီး

ပညာအရည်အချင်းအနည်းဆုံး ဝိဇ္ဇာ၊ သိပ္ပံ၊ ဘွဲ့ရရှိသူဖြစ်ရမည်။ ၎င်းဝင်ရောက်ရွေး ချယ်ခံသော ပြည်နယ်တွင်မွေးဖွားခြင်း၊ ယင်းပြည်နယ်ရှိ ကျောင်းတကျောင်းတွင် အ နည်းဆုံးနှစ်နှစ် ဆက်တိုက်ပညာသင်ဘူးခြင်း စသောအရည်အချင်းများဖြင့် ပြည့်စုံသူ ဖြစ်ရမည်။။

အောက်လွှတ်တော်အမတ်ဖြစ်နိုင်ခွင့် အသက်အား (၂၅)နှစ်သတ်မှတ်ထားပြီး ဆီးနိတ်အဖွဲ့ဝင်ဖြစ်နိုင်ခွင့်အသက်အား (၄၀)နှစ် သတ်မှတ်ထားပါသည်။ စိတ်ဝင်စား ဘွယ်ကောင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသတ်မှတ်ချက်တရပ်မှာ ဆီးနိတ်အ မတ်လောင်းတဦးသည် နိုင်ငံရေးပါတီတခု၏အဖွဲ့ဝင်ဖြစ်ရခြင်းသို့မဟုတ် နိုင်ငံရေးပါတီ တခုတွင် အခြားရာထူးတစုံတရာမရှိရခြင်း ဖြစ်သည်။ ဆီးနိတ်အမတ်တဦးသည် ၎င်း၏ ဆီးနိတ်ရာထူးမှထွက်ပြီး တနှစ်အတွင်း ဝန်ကြီးတဦးမဖြစ်နိုင်ပေ။ ဆီးနိတ်လွှတ်တော်၏ သက်တမ်းမှာ ရွေးကောက်ပွဲကျင်းပသောနေ့မှစ၍ (၆)နှစ်ဖြစ်သည်။ အောက်လွှတ် တော်ကိုယ်စားလှယ်သက်တမ်းမှာ ရွေးကောက်ပွဲကျင်းပသောနေ့မှ (၄)နှစ်ဖြစ်သည်။

## ဥပဒေပြုခြင်း

အောက်လွှတ်တော်ဖြစ်စေ၊ အထက်လွှတ်တော်ဖြစ်စေ၊ အစည်းအဝေးထမြောက် ရန်အတွက် သက်ဆိုင်ရာလွှတ်တော်၏ အဖွဲ့ဝင်ဦးရေအနည်းဆုံး ထက်ဝက် တက် ရောက်ရမည်ဖြစ်သည်။ သီးခြားပြဋ္ဌာန်းထားသောအကြောင်းအရာမှအပ ဆုံးဖြတ်ချက် များအား သာမန်အများစုထောက်ခံမဲဖြင့် အတည်ပြုသည်။ လွှတ်တော်အမတ်များ၏ ကင်းလွတ်ခွင့်ဆိုင်ရာပြဋ္ဌာန်းချက်တွင် အောက်ပါပြဋ္ဌာန်းချက်တွင် အောက်ပါပြဋ္ဌာန်း ချက်အား တွေ့ရပါသည်။

> "ကိုယ်စားလှယ်များ၊ လွှတ်တော်သို့မဟုတ်၊ ဆီးနိတ်လွှတ်တော်သို့မဟုတ်၊ ပူး တွဲအမျိုးသားလွှတ်တော်အစည်းအဝေးတခုတွင် အမတ်တဦး၏ အကြောင်းအ ချက်အလက်များအပေါ် သို့မဟုတ် ထင်မြင်ချက်အား ထုတ်ဖေါ်ပြောဆိုသော စ ကားရပ်များ သို့မဟုတ်မဲပေးခြင်းများသည် အကြွင်းမဲ့အခွင့်အရေးဖြစ်သည်။ယင်း အမတ်အပေါ် တရားစွဲဆိုခြင်းသို့မဟုတ် အရေးယူခြင်း တစုံတရာအား လုပ်၍ မ ရပေ။" (ပုဒ်မ၁၅၇)

အပိုဒ် (၁)တွင်ပါရှိသော အခွင့်အရေးသည် အသံလွှင့်ရုံတခုမှ အသံလွှင့်ထုတ် ခြင်း သို့မဟုတ် ရုပ်မြင်သံကြားမှလွှင့်ထုတ်ခြင်းကြောင့် ပြောဆိုသောစကားလုံးများ သည်၊ အမျိုးသားလွှတ်တော်၏ ပရိဝုဏ်ပြင်ပသို့ ထွက်သွားပြီးထုတ် ဖေါ်ပြောဆိုသော စကားလုံးများသည် ဝန်ကြီးတဦးသို့မဟုတ် လွှတ်တော်၏အဖွဲ့ဝင်တဦး မဟုတ်သော သူအား ပြစ်မှုကျူးလွန်ခြင်း သို့မဟုတ် မှားယွင်းသောလုပ်ဆောင်မှုထမြောက်ခြင်းအ တွက် သက်ရောက်မှုမရှိပေ။ ပုဒ်မ(မ၁၅၇)တွင်ပြဋ္ဌာန်းချက်များသည် အစည်းဝေးများ ၏ မှတ်တမ်းများပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းတို့ပါ သက်ရောက်မှုရှိသည်ဟု ပုဒ်မ (၁၅၈) တွင်ထပ် ဆင့်ပြဋ္ဌာန်းထားပါသည်။

တဖန်ပုဒ်မ(၁၈၈)တွင် "အောက်လွှတ်တော်နှင့် အထက်လွှတ်တော်၊ လွှတ်တော် နှစ်ရပ်ပေါင်း အမျိုးသားလွှတ်တော်အစည်းအဝေးတရပ်အား သက်ဆိုင်ရာလွှတ်တော်၏ စည်းမျဉ်းစည်းကမ်းနှင့်၊ လုပ်ထုံးလုပ်နည်းတို့၏ သတ်မှတ်ထားချက်များအရ လူသိ

ရှင်ကြား ကျင်းပရမည်။ တံခါးပိတ်အစည်းအဝေးအား အကြောင်းအရာတခုခြင်းအရ ဝန်ကြီးများကောင်စီ သို့မဟုတ် လွှတ်တော်တရပ်ရပ်၏ အဖွဲ့ဝင်အနည်းဆုံး လေးပုံတပုံ သို့မဟုတ် လွှတ်တော်နှစ်ရပ်ပေါင်း အဖွဲ့ဝင်အနည်းဆုံးလေးပုံတပုံတောင်းဆိုက ကျင်းပနိုင်သည်။’’ ဟုပြဋ္ဌာန်းထားသည်။

ထိုင်းနိုင်ငံ၏ ၁၉၉၇ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ဥပဒေကြမ်းများအား အောက်လွှတ်တော်ကိုယ်စားလှယ်များ သို့မဟုတ် ဝန်ကြီးများကောင်စီကသာလျှင် တင်သွင်းနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ငွေဥပဒေကြမ်းကိုမူ အောက်လွှတ်တော်ကိုယ်စားလှယ်များက ဝန်ကြီးချုပ်၏ အတည်ပြုချက်ဖြင့်သာ တင်သွင်းနိုင်သည်။ ပုဒ်မ (၁၆၉) အရ၊ ဥပဒေမူကြမ်းတရပ်အား အောက်လွှတ်တော်တွင် ပထမတင်သွင်းရသည်။ မဲပေးပိုင်ခွင့်ရှိသောသူ မဲဆန္ဒရှင်ငါးသောင်းနှင့်အထက်တို့သည် ထိုင်းပြည်သူများ၏ ဤခွင့်အရေးများနှင့် လွပ်လပ်ခြင်းဆိုင်ရာ ဥပဒေမူကြမ်းများနှင့် အခြေခံ နိုင်ငံတော်မူ လမ်းစဉ်များ၏ လမ်းညွှန်မှုသဘောတရားဆိုင်ရာ ဥပဒေကြမ်းများအား စဉ်းစားပေးရန် အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ အယူခံတင်သွင်းပိုင်ခွင့် အခွင့်အရေးအား ပြဋ္ဌာန်းထားပါသည်။ (ပုဒ်မ၁၇၀)

**အစိုးရ**

နိုင်ငံတော်ရေးရာများ၏ စီမံအုပ်ချုပ်မှုတာဝန်များရှိသော ဝန်ကြီးများကောင်စီ အဖြစ် ဝန်ကြီးချုပ်တဦးနှင့် သုံးဆယ်ငါးဦးထက်မများသော အခြားဝန်ကြီးများအား ဘုရင်မှ ခန့်အပ်ရပါသည်။ ဝန်ကြီးချုပ်အား အောက်လွှတ်တော်ကိုယ်စားလှယ်များအတွင်းမှ ခန့်အပ်ရမည်။ အောက်လွှတ်တော်ဥက္ကဋ္ဌသည် ဝန်ကြီးချုပ်အား ခန့်အပ်သည့် ဘုရင်အမိန့်တော်ကို ထပ်ဆင့်လက်မှတ်ရေးထိုးရမည်။ (ပုဒ်မ–၂၀၁)

ပုဒ်မ(၂၀၄) ဒုတိယအပိုဒ်တွင် ဝန်ကြီးချုပ်အဖြစ် သို့မဟုတ်ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော အောက်လွှတ်တော်ကိုယ်စားလှယ်တဦးသည် ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းအမိန့်ထုတ်ပြန်သောနေ့ရက်မှ (၃၀)ရက်ပြည့်သောနေ့ နောက်တရက်တွင် အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ထွက်ပေးရမည်ဟု ဖော်ပြပါရှိပါသည်။

ပုဒ်မ(၁၁၈–၇)တွင် ကိုယ်စားလှယ်တဦးသည် ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော် လွှတ်တော်အဖွဲ့ဝင်ဖြစ်ခြင်းမှ ရပ်စဲသည်ဟု ပြဋ္ဌာန်းထားပါသည်။ အလားတူ ပုဒ်မ(၁၂၇)တွင် ဆီးနိတ်အမတ်တဦးသည် ဝန်ကြီး သို့မဟုတ် နိုင်ငံရေးအရာရှိတဦး မဖြစ်နိုင်ခြင်းအား ပြဋ္ဌာန်းထားသည်။

**တရားရုံးများ**

၁၉၉၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အောက်ပါတရားရုံးများအား ပြဋ္ဌာန်းထားပါသည်။

၁။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တရားရုံး ( Constitutional Court)

၂။ တရားရေးတရားရုံး (Courts of Justice )

၃။ အုပ်ချုပ်ရေးတရားရုံး (Administrative Court)
၄။ စစ်တရားရုံး

တရားသူကြီးများ၏လွတ်လပ်မှုနှင့်ပတ်သက်၍ ပုဒ်မ(၂၄၉)တွင် ပြဋ္ဌာန်းထားရာတွင် အောက်ပါတို့ ပါဝင်သည်။

- တရားသူကြီးများသည် အမှုအခင်းများအား တရားစစ်ဆေးစီရင်ခြင်းနှင့် ခုံသမာဓိလူကြီးအဖြစ် ဆောင်ရွက်ခြင်းတို့အား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရနှင့် ဥပဒေအရဆောင်ရွက်မှုတွင် လွတ်လပ်သည်။
- တရားသူကြီးများ၏ တရားစစ်ဆေးစီရင်ခြင်းနှင့် ခုံသမာဓိလူကြီးဆောင်ရွက်ရာတွင် အထက်အောက်ထိန်းချုပ်ညွှန်ကြားခြင်း လွှမ်းမိုးခြင်းမရှိစေရပေ။

တရားသူကြီးများသည် နိုင်ငံရေးအရာရှိများဖြစ်ခြင်း သို့မဟုတ် နိုင်ငံရေး ရာထူးများ ယူထားခြင်းမရှိရပေ။ ပုဒ်မ(၂၅၀) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားရုံးတွင် ဥက္ကဋ္ဌတဦးနှင့် အဖွဲ့ဝင်(၁၄)ဦး ပါဝင်သည်။ ၎င်းတို့အား ဘုရင်မင်းမြတ်မှ ဆီးနိတ်လွှတ်တော်၏ အဆိုပြုမှုဖြင့် ခန့်အပ်တာဝန်ပေးခြင်းဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရားသူကြီးများ၏သက်တန်းမှာ (၉)နှစ်ဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံး၏အာဏာနှင့် လုပ်ငန်းတာဝန်များတွင် အမျိုးသားလွှတ်တော်မှ ဥပဒေပြုသောမူကြမ်းတရပ်အား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိမရှိ တိုင်တန်းမှုအား ကြားနာစစ်ဆေးစီရင်ခြင်း။ (ပုဒ်မ-၂၆၅)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေယန္တယားများအတွင်း အာဏာနှင့် တာဝန်များဆိုင်ရာအငြင်းပွားမှု တိုင်တန်းမှုအား ကြားနာစစ်ဆေးစီရင်ခြင်း၊ ပုဒ်မ(၂၆၇) နှင့် အရေးပေါ်အခြေအနေအမိန့်တရပ်၏ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုရှိမရှိ တိုင်တန်းမှု၊ ပုဒ်မ(၂၁၉) အား ကြားနာစစ်ဆေးစီရင်ခြင်းများ ပါဝင်ပါသည်။

တရားရေးတရားရုံးသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးနှင့် အခြားတရားရုံးများ၏ တရားရေးအာဏာမှအပ အမှုအခင်းအားလုံးတို့အား ကြားနာစစ်ဆေး စီရင်ပိုင်ခွင့်ရှိသည်။ တရားရုံးတွင် အဆင့်သုံးဆင့်ပါရှိပါသည်။ ၎င်းတို့မှာ

- မူလ တရားရုံးများ (Courts of first instance )
- အယူခံ တရားရုံးချုပ် (Court of Appeal )
- တရားရုံးချုပ် (Supreme Court of Justice )

တရားရုံးချုပ်တွင် နိုင်ငံရေးရာထူးများယူထားသူများအတွက် မှုခင်းရေးရာဌာန (Criminal division for persons holding political positions) တခုအား ပြဋ္ဌာန်းထားရှိပါသည်။ ၎င်းဌာန၏လုပ်ငန်းမှာ ပြစ်မှုကျူးလွန်သောနိုင်ငံရေးရာထူးယူထားသူများအား ကြားနာစစ်ဆေးစီရင်ရန်ဖြစ်သည်။

အုပ်ချုပ်ရေးတရားရုံးများသည် အစိုးရဌာန၊ အစိုးရလုပ်ငန်း၊ ဒေသအစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရအရာရှိနှင့် လူပုဂ္ဂိုလ်တဦးစပ်ကြား ဖြစ်ပေါ်သော အငြင်းပွားမှုများအား ၎င်းအစိုးရဌာန၊ အစိုးရလုပ်ငန်းဒေသ၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုး

ရအေရာရှိတစုနှင့်တစု သို့မဟုတ် တဦးနှင့်တဦးစပ်ကြား ဖြစ်ပေါ်သောအငြင်းပွားမှုများအား ကြားနာစစ်ဆေးခြင်းနှင့် ခုံသမာဓိဆောင်ရွက်ခြင်းအာဏာအား ပေးအပ်ထားပါသည်။ (ပုဒ်မ-၂၇၆)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တရားရုံးသည်သော်လည်းကောင်း၊ တရားရေးရာရုံးများသည်သော်လည်းကောင်း၊ အုပ်ချုပ်ရေးတရားရုံးများသည် သော်လည်းကောင်း၊ သီးခြားလွတ်လပ်သောအတွင်းဝန်ရုံး အတွင်းရေးမှူးချုပ် များထားရှိပြီး ဝန်ထမ်းများစီမံအုပ်ချုပ်မှုရေးရာ ကိုယ်ပိုင်အုပ်ချုပ်ရေးအား ပြဋ္ဌာန်းပေးထားပါသည်။ (ပုဒ်မ ၂၇၀၊ ၂၇၅ နှင့် ၂၈၀)

စစ်မှုခင်းများနှင့် အခြားဥပဒေပြဋ္ဌာန်းပေးသောမှုခင်းများအား ကြားနာစစ်ဆေးခြင်းနှင့် သမာဓိဆောင်ရွက်ခြင်းအတွက် စစ်တရားရုံးများအား တာဝန်အပ်နှင်းပြဋ္ဌာန်းပေးထားပါသည်။

**ဒေသန္တရအစိုးရများ**

ထိုင်းနိုင်ငံ၏ ၁၉၉၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း တနည်းအားဖြင့် အာဏာအား ဗဟိုအာဏာပိုင်မှ ဒေသအာဏာပိုင်သို့ လွှဲပြောင်းပေးခြင်းအား မြေတောင်မြှောက်ပေးမှုကို ပြဋ္ဌာန်းပေးထားသည်ကို တွေ့ရှိရပါသည်။

ဗဟိုအာဏာပိုင်ဆိုင်ကျင့်သုံးမှုမှ ဒေသအာဏာပိုင်ဆိုင်ကျင့် သုံးမှုနှင့်ပတ်သက် ၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ(၁)၏ "ထိုင်းနိုင်ငံသည် တခုတည်းဖြစ်ပြီး ခွဲ၍မရသော ဘုရင်နိုင်ငံတော်ဖြစ်သည်။" ဟူသော ပြဋ္ဌာန်းချက်အရ ကျင့်သုံးကြရမည်ဖြစ်သည်။

ဒေသန္တရအစိုးရအဖွဲ့တဖွဲ့သည် ဒေသလွှတ်တော်တရပ်နှင့် ဒေသအုပ်ချုပ်ရေးကော်မတီတရပ် ရှိရမည်ဖြစ်သည်။ ဒေသန္တရလွှတ်တော်အား ရွေးကောက်တင်မြှောက်ရမည်ဖြစ်ပြီး ဒေသအုပ်ချုပ်ရေးအရာရှိများအား လူထုမှတိုက်ရိုက်ရွေးကောက်ခြင်း သို့မဟုတ် ဒေသန္တရလွှတ်တော်၏ သဘောတူ အတည်ပြုမှုရှိသူ ဖြစ်ရမည်။

ဒေသန္တရအစိုးရအဖွဲ့တခုအား ဥပဒေပြဋ္ဌာန်းထားချက်ဖြင့် လိုအပ်သောကြီးကြပ်မှုအား လုပ်ဆောင်ရမည်ဖြစ်ပြီး ယင်းကြီးကြပ်မှုသည် ဒေသခံလူထု၏လိုလားသော ကိုယ်ပိုင်အုပ်ချုပ်ရေးအခြေခံအား ထိခိုက်နစ်နာမှုမဖြစ်ခြင်း၊ ဒေသ၏ အကျိုးစီးပွားနှင့် နိုင်ငံအကျိုးစီပွားအား ကာကွယ်ခြင်းများဖြစ်ရမည် ဖြစ်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ(၂၈၄) စာပိုဒ်တစ်တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်။

> "ဒေသန္တအ စိုးရ အဖွဲ့အစည်းအားလုံးတို့သည် ၎င်းတို့၏ အုပ်ချုပ်ရေးစီမံခန့်ခွဲမှု၊ အမှုထမ်းများစီမံခန့်ခွဲမှု၊ ဘဏ္ဍာရေး မူလမ်းစဉ်များရေးဆွဲသတ်မှတ်ခြင်းတို့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေးရှိရမည်ဖြစ်ပြီး အာဏာနှင့် တာဝန်ဝတ္တရားများ ၎င်းတို့ တွင်အထူးရှိစေရမည်။"

**နိုင်ငံတော်အာဏာကျင့်သုံးမှုအား စစ်ဆေးမှု**

၁၉၉၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် နိုင်ငံရေးသမားများ၊ ဆီးနိတ်အမတ်များ၊ အစိုးရဝန်ထမ်းများ၏ မတရားအကျိုးစီးပွားရှာမှု၊ အကျင့်စာရိတ္တပျက်မှု၊ အာဏာအလွဲသုံးစားမှု၊ တာဝန်မကျေပွန်မှု၊ စုစုပေါင်းပိုင်ဆိုင်ပစ္စည်းနှင့် တာဝန်ခံထားမှုများ ၏ အချက်အလက်များအား ကြေငြာတင်ပြစေခြင်း၊ (Declaration of Accounts Showing Particulars of Assets and Liablities) အမျိုးသားအကျင့်စာရိတ္တ ပျက်ပြားမှု တိုက်ဖျက်ရေးကော်မရှင် ရာထူးမှထုတ်ပယ်ခြင်း (Removal from Office)နှင့် နိုင်ငံရေးရာထူးများယူထားသူများအား ပြစ်မှုဆိုင်ရာတရားစွဲဆိုခြင်း (Crimi-nal Proceeding Against Persons Holding Political Positions) ပြဋ္ဌာန်းချက် များဖြင့် ထိန်းချုပ်ရန်ကြိုးစားထားပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ(၂၉၁)အရ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ကိုယ်စားလှယ်များ၊ လွှတ်တော်အဖွဲ့ဝင်များ၊ ဆီးနိတ်အမတ်များ၊ အခြားနိုင်ငံရေး အရာရှိများနှင့် ဒေသအုပ်ချုပ်ရေးမှူးများနှင့် ဒေသလွှတ်တော်အဖွဲ့ဝင်များသည် မိမိတို့ရာထူးဝင်ရောက်ထမ်းဆောင်ရာတွင်၎င်း၊ ရာထူးမှနုတ်ထွက်သွားရာတွင်၎င်း၊ မိမိကိုယ်တိုင်၊ ဇနီး သို့မဟုတ် ခင်ပွန်းနှင့်သားသမီးများ၏ ကြွယ်ဝချမ်းသာမှုအား တင်ပြကြရမည်ဖြစ်သည်။

ယင်းသို့တင်ပြရန်ပျက်ကွက်သူ သို့မဟုတ် လိမ်လည်၍တင်ပြသူ သို့မဟုတ် ချန်လှပ်၍တင်ပြသူ နိုင်ငံရေးရာထူးရယူထားသူ တဦးတယောက်သည် ရာထူးမှထွက်ပေးရမည်ဖြစ်သည်။ ယင်းသို့သောပုဂ္ဂိုလ်တဦးသည် ရာထူးမှထွက်ပေးရသောနေ့ရက်မှ နောက်ပိုင်း ငါးနှစ်အထိ နိုင်ငံရေးရာထူးတစုံတရာယူမှုအား ပိတ်ပင်ထားပါသည်။ (ပုဒ်မ ၂၉၅)

အမျိုးသားအကျင့်စာရိတ္တပျက်ပြားမှု တိုက်ဖျက်ရေးကော်မရှင်အား အောက်ပါအာဏာများနှင့် တာဝန်များအား ပြဋ္ဌာန်းအပ်နှင်းထားပါသည်။

- ဆီးနိတ်လွှတ်တော် ဥက္ကဌမှ စုံစမ်းစစ်ဆေးရန်အတွက် ပေးပို့သောအမှုကိစ္စအား စုံစမ်းစစ်ဆေးခြင်းနှင့် အမှုအားထင်မြင်ချက်နှင့်တကွ ဆီနိတ်လွှတ်တော်သို့ တင်သွင်းခြင်း။
- သမရိုးကျမဟုတ်သော ကြွယ်ဝချမ်းသာလာသော နိုင်ငံရေးရာထူး ယူထားသူတဦးအပေါ် စွဲဆိုမှုအား စုံစမ်းစစ်ဆေးခြင်းအမှုအား အကျဉ်းချုပ်လုပ်ပေးပြီး ထင်မြင်ချက်နှင့်တကွ တရားရေး၊ တရားရုံးချုပ်၏ နိုင်ငံရေးရာထူးယူထားသူများ မှုခင်းဌာနသို့ တင်သွင်းခြင်း။
- ဆီးနိတ်လွှတ်တော်အမတ်တဦး၏ သမရိုးကျမဟုတ်သောကြွယ်ဝချမ်းသာမှု သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားမှုအားစုံစမ်းစစ်ဆေးခြင်းနှင့် ဥပဒေအရ အရေးယူရန် သင့်မသင့်အား အဆုံးအဖြတ်ပေးခြင်း။
- နိုင်ငံရေးရာထူးယူထားသူများ၏တင်သွင်းသော ကြွယ်ဝချမ်းသာမှုစာရင်းအား စစ်ဆေးခြင်းနှင့် နှိုင်းယှဉ် ကြည့်ခြင်း။

နိုင်ငံရေးရာထူးယူထားသူတဦးနှင့် ပတ်သက်သော တိုင်တန်းချက်အား ကိုယ်စားလှယ်များ လွှတ်တော်အဖွဲ့ဝင်ဦး ရေပေါင်း လေးပုံတစ်ပုံ သို့မဟုတ် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် အနည်းဆုံး ငါးသောင်းမှ ဆီးနိတ်လွှတ်တော် ဥက္ကဋ္ဌထံတင် သွင်းနိုင်သည်။

အလားတူပင် အမျိုးသားအကျင့်စာရိတ္တပျက်မှုဆန့်ကျင်သော ကော်မရှင်အဖွဲ့ဝင်တဦးဦး၏ သမရိုးကျမဟုတ်သော ကြွယ်ဝချမ်းသာလွန်ခြင်း သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားသောပြစ်မှုတခုအား ကျူးလွန်ခြင်း သို့မဟုတ် ရာထူးတွင် အကျင့်သိက္ခာပျက်ပြားမှုအား ကိုယ်စားလှယ်များ၊ လွှတ်တော်အဖွဲ့ဝင်များ သို့မဟုတ် ဆီးနိတ်လွှတ်တော်ဖွဲ့ဝင်များ သို့မဟုတ် လွှတ်တော်နှစ်ရပ်၏အဖွဲ့ဝင်ပေါင်း အရေအတွက် အနည်းဆုံး လေးပုံတစ်ပုံမှ တရားရေးတရားရုံးချုပ်၏ နိုင်ငံရေးရာထူးယူထားသူများ မှုခင်းဆိုင်ရာဌာနသို့ တိုင်ချက်ဖွင့်နိုင်သည်။

## နိဂုံး

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသီးသီးသည် နိုင်ငံတနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ၏ ဖြတ်သန်းခဲ့ရသောသမိုင်း၊ ၎င်းတို့၏ဆန္ဒ၊ နိုင်ငံရေးနိုးကြားမှုနှင့် ခေတ်ကာလကမ္ဘာ့အခြေအနေနှင့်တကွ နိုင်ငံ၏ပထဝီအနေအထားတို့အား ရောင်ပြန်ဟပ်ရေးဆွဲကြစမြဲဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၈၅ နိုင်ငံ၏ သမိုင်းဖြစ်စဉ်၊ လူနေမှုအဆင့်အတန်းနှင့် ပထဝီအနေအထားထပ်တူဖြစ်သောနိုင်ငံ နှစ်နိုင်ငံမရှိပေ။ ထို့ကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရာနှုန်းပြည့်ထပ်တူသော နိုင်ငံနှစ်နိုင်ငံ ရှိနိုင်မည်မဟုတ်ချေ။

ထိုင်းနိုင်ငံသည် ကျွန်တော်တို့၏ အိမ်နီးနားချင်းနိုင်ငံ ဖြစ်သည်။ သို့သော် ၎င်း၏ ဖြတ်သန်းခဲ့ရသောသမိုင်းစဉ်၊ လူနေမှုအဆင့်အတန်းနှင့် တွေးတောဆင်ခြင်နည်းဟန်၊ ပထဝီအနေအထားများသည် မြန်မာနိုင်ငံနှင့် ထပ်တူညီမျှမှုမရှိပေ။ ထိုင်းနိုင်ငံသည် တပြည်ထောင်စနစ်ဖြစ်ပြီး စည်းမျဉ်းခံဘုရင်စနစ်အားကျင့်သုံးသည်။

ထိုင်းနိုင်ငံတွင် ယနေ့ကျင့်သုံးနေသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ၆၇ နှစ်အတွင်း တဆယ့်ခြောက်ခုမြောက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်သည်။ ၁၉၉၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ယင်း(၆၇)နှစ်အတွင်းတွင်ဖြစ်ပေါ်ခဲ့သော အကြိမ်နှစ်ဆယ် စစ်တပ်အာဏာသိမ်းမှုနှင့် နိုင်ငံရေးရာထူးယူထားသူများနှင့် အဆင့် မြင့်အစိုးရဝန်ထမ်းများ၏ သမရိုးကျမဟုတ်သော အလွန်အကျွံ ကြွယ်ဝချမ်းသာခြင်း၏ ခါးသီးသောသမိုင်းဖြတ်သန်းမှုမှ ပေါ်ပေါက်လာသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်သည်ဟုဆိုပါက မှားမည်မဟုတ်ပေ။

ထိုင်းနိုင်ငံ မျက်မှောက်အစိုးရများ၏ ဝန်ကြီးများတို့၏ ကြွယ်ဝချမ်းသာမှုစာရင်းအား ထိုင်းပြည်သူများမှ ဖတ်ရသောအခါတွင် အလွန်အံ့အားသင့် သွားကြသည်။ ၎င်းတို့၏ နိုင်ငံခေါင်းဆောင်များသည် သန်းနှင့်ချီ၍ ကြွယ်ဝကြသည်ကို သိလာကြပါသည်။ သတင်းစာတစောင်မှ ယိုးဒယားနိုင်ငံ၏ နိုင်ငံရေး ရာထူးယူထားသူများအား "သန်းကြွယ်သူဌေးများအသင်း" ဟု ခေါင်းစီးတပ်ရေးသားဘူးပါသည်။ ယိုးဒယားနိုင်ငံသားများ ပို၍အံ့ဩရသည်မှာ နိုင်ငံရေးသမားများ၏ဇနီးများသည် လင်သားထက် နှစ်ဆပိုချမ်းသာနေပြီး ဝင်ငွေအမြတ်တော်ခွန်ပေးသွင်းမှု လုံးဝမရှိသည်ကို တွေ့ရှိရကြသော

ကြောင့်ဖြစ်သည်။

သို့ဖြစ်၍ ယိုးဒယားနိုင်ငံ၏(၁၆)ခုမြောက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ ပြဌာန်းချက်များသည် နိုင်ငံရေးသမားများ၏ အကျင့်စာရိတ္တပျက်ပြားမှုနှင့် အာဏာအလွဲသုံးစားမှုတို့အား ထိန်းချုပ်သောပြဌာန်းချက်များ အခန်းတိုင်းတွင် ပြဌာန်းပါရှိခြင်းကို တွေ့ရသည်မှာ မဆန်းလှပေ။ ကမ္ဘာ့နိုင်ငံတော်တော်များနှင့်နှိုင်းယှဉ်လျှင် မျိုးနွယ်စု၊ လူနည်းစု၊ ဌာနေတိုင်းရင်းသားပြဿနာမရှိသလောက်ဖြစ်သော ယိုးဒယားနိုင်ငံ၏ လူမျိုးစုဲ၊ ဒေသစွဲပြဌာန်းချက်ကိုမူကား အံ့သြဘွယ်တွေ့ရှိရပါသည်။ ကိုယ်စားလှယ်များ လွှတ်တော်၊ အောက်လွှတ်တော်နှင့်၊ ဆီးနိတ်လွှတ်တော်၊ အထက်လွှတ်တော်၊ အမတ် များ အရည်အချင်းသတ်မှတ်ထားရာတွင် အမျိုးသားရေးအားဦးစားပေးသတ် မှတ်ထားသည်ကို လေ့လာရပါသည်။

ပထမအားဖြင့် အမတ်တဦးသည် မွေးရာပါနိုင်ငံသားဖြစ်သည်။ ဒုတိယအားဖြင့် ဒေသတခု၏ကိုယ်စားလှယ် အဖြစ်ရွေးခံရသော နိုင်ငံရေးသမားတဦးသည် ၎င်းဒေသတွင် ပညာသင်ဘူးခြင်း၊ ၎င်းဒေသတွင် အိမ်ထောင်စုစာရင်းမှတ် ပုံတင်စာရင်းရှိသူဖြစ်ခြင်း အစရှိသောသတ်မှတ်ချက်များအား ပြဌာန်းထားပါသည်။ တပြည်ထောင်စနစ်ကျင့်သုံးသော နိုင်ငံတနိုင်ငံအတွက် ထူးခြားသောပြဋ္ဌါန်းချက်များပင်ဖြစ်သည်။ ၎င်းအပြင် ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ရေးပေး အပ်ထားသောအဆင့်သည်လည်း မနိမ့်လှပေ။ ကမ္ဘာ့ဖြစ်စဉ်ပျက်စဉ်နှင့်အညီ လိုက်လျောညီထွေကျင့်သုံးခြင်း ဟုဆိုနိုင် ပါသည်။

အထက်လွှတ်တော် ဆီးနိတ်အမတ်များသည် နိုင်ငံရေးအဖွဲ့အစည်းတရပ်၏ အဖွဲ့ဝင်မဖြစ်ရခြင်း၊ အောက်လွှတ်တော်အမတ် (၅၀၀)ဦးတို့တွင် (၁၀၀)ဦးအား ပါတီကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်ခြင်း၊ ကျန်(၄၀၀)ဦးအား မဲဆန္ဒနယ်တခုတွင် ကိုယ်စားလှယ်တဦးစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်း၊ အစိုးရမှပါတီများ၏ မဲဆွယ်လုပ်ငန်းအတွက် လိုအပ်သော ပိုစတာ၊ အသံလွှင့်ခြင်း၊ ရုပ်မြင်သံကြားလွှင့်ခြင်းတို့အား စီစဉ်ပေးမှုသည် မဲဝယ်ခြင်းအားနည်းသွားစေနိုင်ပြီး ဒီမိုကရေစီပို ကျသောတရားမျှတမှု ပိုရှိသောရွေးကောက်ပွဲများပေါ်ပေါက်လာနိုင်သည်။ ၎င်းပြင်မဲဆွယ်လုပ်ငန်းအတွက် ကုန်ကျသောငွေများ ပြန်ကာမိရန်အတွက် လာဘ်စားရသော ယခင်စနစ်သည်လည်း တဖြည်းဖြည်းပပျောက်သွားမည်ဟု မျှော်လင့်ရပါသည်။

ဝန်ကြီးချုပ်သည် အောက်လွှတ်တော်အမတ်အတွင်းမှ ဖြစ်ရခြင်း၊ အောက်လွှတ်တော်အမတ်တဦးသည် ဝန်ကြီးချုပ်သို့မဟုတ် ဝန်ကြီးအဖြစ်ခန့်အပ်ခံရပါက လွှတ်တော်အမတ်အဖြင့်မှ ထွက်ပေးရခြင်း၊ ဆီးနိတ်အမတ်တဦးသည် နိုင်ငံရေးပါတီတခုနှင့် သက်ဆိုင်မှုမရှိရခြင်း၊ ဝန်ကြီးမဖြစ်နိုင်ခြင်း၊ တရားသူကြီးတဦးသည် နိုင်ငံရေးပါတီတခု ၏ အဖွဲ့ဝင်မဖြစ်ရခြင်း အစရှိသည်တို့သည် နိုင်ငံတော်အာဏာသုံးရပ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ တို့အား တာဝန်ထမ်းဆောင်ရာတွင် ထပ်နေမှုမရှိခြင်းနှင့် သီးခြားလွတ်လပ်ခြင်းအား ရည်ညွှန်းထားပါ သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံး၊ တရားရေးတရားရုံး၊ စီမံအုပ်ချုပ်ရေးတရားရုံး၊ နိုင်ငံရေးရာထူးယူထားသူများ ပြစ်မှုတရားရုံးနှင့်တကွ စစ်တရားရုံးများအား လွတ်လပ်စွာတည်ထောင်ထားပေးခြင်းတို့သည် တရားဥပဒေစိုးမိုးရေးအား အကောင်ထည်ဖေါ် ခြင်းပင်ဖြစ်သည်။

ထိုင်းနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ(၄၅) တွင်လူတိုင်းသည် အဖွဲ့အစည်း၊ အဖွဲ့ချုပ်၊ သမဝါယမ၊ လယ်သမားအစည်းအရုံး၊ သမဂ္ဂ၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် အခြားအစုအစည်း အသင်းအပင်းများကို လွတ်လပ်စွာဖွဲ့စည်းခွင့်ရှိကြောင်း အတိအလင်းပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်၏ အောက်တွင် နိုင်ငံရေးပါတီများ အလုပ်သမား၊ လယ်သမား သမဂ္ဂများ၊ အတတ်ပညာရှင်အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ စီးပွါးရေး လုပ်ငန်းရှင်အဖွဲ့အစည်းများ၊ (NGO)များစသဖြင့် အသင်းအဖွဲ့ပေါင်းစုံသည် အပြိုင်အဆိုင် အားကောင်းစွာကြီးထွားလာခဲ့သည်။ သာမန်ပြည်သူလူထုမှာ ရွေးချယ်စရာလမ်းကြောင်းများ မိမိတို့၏ဆန္ဒနှင့်အသံကို ဖေါ်ထုတ်ရန်နေရာများ ယခင်ကထက် အဆများစွာပို၍ တိုးတက်များပြားလာခဲ့သည်။

ကိုယ်စားလှယ်တဦးသည် အရွေးချယ်ခံရပြီးနောက် လူထုအကျိုးကို မျက်ကွယ်ပြုကာ ချစားပြီး၊ မိမိပုဂ္ဂလိကအကျိုးစီးပွားကိုသာ လုပ်ဆောင်နေသည်ဟု သုံးသပ်ခြင်းခံရသည်။ ထိုအခါ အခြေခံဥပဒေနှင့်အညီ မဲဆန္ဒရှင်(၅၀၀၀၀) ပြည့်အောင်စု ဆောင်းလက်မှတ်ထိုးကာ ယင်းကိုယ်စားလှယ်ကို ဖြုတ်ချရန်ကြိုးပမ်းသော ( NGO) အဖွဲ့များ၏လှုပ်ရှား မှုပင်ပေါ်ခဲ့သည်။ ထိုင်းနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အသစ်အောက်တွင်လူထု၏ အခန်းကဏ္ဍမှာပို၍ အရေးပါလာခဲ့လေသည်။ လူထုအဓိကလူ့အဖွဲ့အစည်း(civil society)မှာ များစွာအားကောင်းလာခဲ့သည်။

အခြေခံဥပဒေ ပုဒ်မ(၅၆)နှင့်(၇၉)အရ တိုင်းပြည်ရှိသဘာဝသယံဇာတ ပစ္စည်းများ၊ သက်ရှိသတ္တဝါများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို စီမံခန့်ခွဲလုပ်ကိုင်ရာတွင် အစိုးရတရပ်တည်း၏ သဘောဆန္ဒဖြင့် ထင်သလိုချယ်လှယ် လုပ်ဆောင်ခွင့်မရတော့ချေ။ ပြည်သူလူထု၏ ပါဝင်ပတ်သက်မှုကိုအခြေခံဥပဒေနှင့်အညီ အတိအလင်းပြဋ္ဌာန်းခွင့်ပြုချက်ပေးလာရလေသည်။ ပုဒ်မ(၅၆) ဒုတိယပုဒ်တွင် သဘာဝပတ်ဝန်းကျင်ကို ပြင်းထန်စွာထိခိုက်အကျိုးသက်ရောက်စေမည့် မည်သည့်စီမံဆောင်ရွက်မှုကိုမျှ ခွင့်မပြုရ။ ယင်းသို့ထိခိုက်ရန်ရှိလျှင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများနှင့် သဘာဝပတ်ဝန်းကျင်ကို ပညာရပ်တခုအဖြစ် လေ့လာလုပ်ဆောင်လျှက်ရှိသောအသင်း၊ အဖွဲ့များ၏ သဘောထားအမြင်များကို လေ့လာအကဲဖြတ်ပြီးမှ လုပ်ဆောင်ရမည်–ဟူ၍ အတိအလင်းပြဋ္ဌာန်းထားသည်။

ထိုင်းအခြေခံဥပဒေ၌ ယင်းသို့သောပြဋ္ဌာန်းချက်မျိုးမှာ ခေတ်သစ်အခြေခံ ဥပဒေများ၏ တိုးတက်သောပြယုဂ်ဟူ၍ပင်ဆိုသော် မှားမည်မဟုတ်ချေ။ လက်တွေ့တွင်လည်း ယင်းအခြေခံဥပဒေ ပြဋ္ဌာန်းချက်ပေါ်ထွက်လာပြီးနောက်ပိုင်းတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများသည် များစွာပို၍အားကောင်းစွာ လှုပ်ရှားလာနိုင်ခဲ့သည်။ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးတွင် ပြည်သူလူထု၏ပါဝင်ပတ်သက်မှုမှာ သိသိသာသာ တိုးတက်လာခဲ့သည်။ ထိုင်းနိုင်ငံမှနေ၍ မြန်မာနိုင်ငံမှဝယ်ယူသွယ်တန်းခဲ့သော သဘာဝဓါတ်ငွေ့ပိုက်လိုင်းကိုထိုင်း (NGO)များက ပြင်းထန်စွာကန့်ကွက် နိုင်ခြင်းကို တိုးတက်မှုတရပ်အဖြစ် တွေ့မြင်နိုင်သည်။

ထိုင်းအခြေခံဥပဒေ၏ အခြားထူးခြားသောပြဋ္ဌာန်းချက်တခုမှာ နိုင်ငံတော်သည် ဗဟိုချုပ်ကိုင်မှုကိုလျှော့ချကျင့်သုံးမည်ဖြစ်ကြောင်း ပုဒ်မ(၇၈)တွင် အတိအလင်းပြဋ္ဌာန်း

ထားခြင်းဖြစ်သည်။ သက်ဆိုင်ရာဒေသတွင်းရှိ ပြည်သူများ၏သ ဘောဆန္ဒကိုအ လေး ထားလျက် အများပြည်သူနှင့်ဆိုင်သောလုပ်ငန်းများ၊ ဒေသဆိုင်ရာ စီးပွားရေးဖွံ့ ဖြိုး မှုလုပ်ငန်းများ၊ ဒေသတွင်းလုပ်ငန်းများကို ဒေသဆိုင်ရာပြည်သူများက လွတ်လပ်စွာ ကိုယ်ပိုင်ဆုံးဖြတ် လုပ်ဆောင်ရန် ခွင့်ပြုထားသောပြဋ္ဌာန်းချက်ဖြစ်သည်။

လေ့လာသင့် အတုယူသင့်သည်ဟုယူဆရသော အခြားသောပြဋ္ဌာန်းချက်တခု မှာ ပုဒ်မ(၂၄၀)ဖြစ်ပြီး၊ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့်သက်ဆိုင်သော ပြဋ္ဌာန်းချက်ဖြစ်သည်။ အခြေခံဥပဒေများ၌ ဖမ်းဆီးခံရသူများ၏ အခွင့်အရေးကိုယေဘုယျ အားဖြင့်ပြဋ္ဌာန်း သည်ကများပြီး အသေးစိပ်ပြဋ္ဌာန်းချက်များကို တွေ့ရခဲပေသည်။

"မည်သည့်မှုခင်းနှင့်ဖမ်းဆီးခံရသည်ဖြစ်စေ ဖမ်းဆီးခံရသူ သို့မဟုတ် အစိုး ရရှေ့နေ သို့မဟုတ် ဖမ်းဆီးခံရသူ၏အကျိုးအတွက်လိုက်ပါဆောင်ရွက်သူမည် သူကမဆို ဖမ်းဆီးခြင်းသည် တရားမဝင်ကြောင်းတရားရုံးတွင် တရားစွဲဆိုခွင့်ရှိ သည်။ စွဲလွှာကိုလက်ခံရရှိသောအခါ တရားရုံးသည် လျှောက်ထားစွဲဆိုသူကို တဖက်သတ်ကြားနာစစ်ဆေးနိုင်သည်။ စွဲဆိုချက်သည် ကျိုးကြောင်းခိုင်လုံသည် ဟု တရားရုံးကထင်မြင်လျှင် ဖမ်းဆီးခံရသူအားရုံးရှေ့သို့တင်ပို့ရန် သက်ဆိုင်ရာ တာဝန်ရှိသူအား တရားရုံးက ဆင့်ဆိုခွင့်ရှိသည်။ သက်ဆိုင်ရာတာဝန်ရှိသူက ယ င်း သို့ဖမ်းဆီးခြင်းသည် တရားဝင်ဖမ်းဆီးခြင်းဖြစ်ကြောင်း တရားရုံးကို ကျေနပ်အောင် ရှင်းလင်းထွက်ဆိုနိုင်ခြင်းမရှိပါက တရားရုံးသည် ဖမ်းဆီးခံရသူ အား ချက်ခြင်းလွှတ်စေရန် အမိန့်ထုတ်ဆင့်ရမည်။" –ဟူ၍ပြဋ္ဌာန်းထားသည်။

ထိုင်းနိုင်ငံသည် ကျွန်တော်တို့နှင့် ကျောခြင်းကပ်နေသော အိမ်နီးခြင်းနိုင်ငံတခု ဖြစ်ပါသည်။ ၎င်းတွင်ပြဿနာတွေများစွာရှိနေသေးသည်မှာ အမှန်ပင်ဖြစ်သည်။ စီး ပွားရေး အခက်အခဲများနှင့်ကြုံတွေ့နေဆဲဖြစ်သည်။ အလုပ်လက်မဲ့များတိုးများလာ လျက်ရှိသည်။ ရွေးကောက်ပွဲ၌ မဲဝယ်မှုများကြီးမားစွာရှိနေဆဲဖြစ်သည်။ နိုင်ငံရေးသ မား များ ချစားကြသည်။ ပြည့်တန်ဆာလုပ်ငန်းများ မှိုလိုပေါက်လျက်ရှိသည်။ သို့ရာ တွင် ကျွန်တော်တို့၏မျက်မှောက်မှာပင် ထိုင်းနိုင်ငံသည်တိုးတက်ဖြစ်ထွန်းလာလျက် ရှိသည်။ လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်က ထိုင်းနိုင်ငံမဟုတ်တော့ပါ။

(Infrastructre)ဟုခေါ်သော လမ်းပန်းဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ လျှပ်စစ်၊ တယ်လီဖုံး၊ ကြေးနန်း၊ စွမ်းအင် စသည်တို့သည် အားကောင်းစွာ ပေါ်ထွန်းလာသည်။ လူထုကြီးတရပ်လုံး၏ စီးပွားရေးဘဝတိုးတက်လာသည်။ အာရှနိုင်ငံများ၏ စီးပွားရေး အကြပ်အတည်းကြီးကာလအတွင်းမှာပင် ထိုင်းစီးပွားရေးမှာတစုံတရာပြန်လည် နလံ ထူလာပြီဟုသုံးသပ်သူများရှိကြသည်။ သတင်းစာ(media) လွပ်လပ်ခွင့်များ အပြည့် အဝကျင့်သုံးလျက်ရှိသည်။ ပညာတတ်များ၊ လူလတ်တန်းစားများ(NGO) များအပါအ ဝင် အခြခံလူထုကြီး၏ အခန်းကဏ္ဍမှာ သိသိသာသာ အရေးပါလာသည်။ စစ်တပ်အာ ဏာသိမ်းမည့် အရိပ်အယောင်မျိုးကို မတွေ့ရတော့ပါ။ ထိုင်းစစ်တပ်သည် နိုင်ငံရေး ဇာတ်ခုံမှသိသာစွာ နောက်ဆုတ်သွားခဲ့ပြီ။

ထိုင်းနိုင်ငံတွင် ပထမဆုံးအရပ်သား ကာကွယ်ရေးဝန်ကြီးဖြစ်သော ချွမ်လိပိုင် သည် စစ်တပ်ကိုတစုံတရာနိုင်နင်းစွာ ထိမ်းကွပ်ထားနိုင်လျက်ရှိသည်။ မည်သို့သော နောက်ခံအကြောင်းများရှိသည်မသိ၊ ဝန်ကြီးချုပ်ချွမ်လိပိုင်က အာဏာသိမ်းစစ်ဗိုလ်

ချုပ်ဟောင်း ကျောင်းသားများကိုသတ်ခဲ့သူ ထနွန်ကစ်တီကာချွမ်ကို စစ်တပ်အကြံပေးအရာရှိခန့်အပ်ခဲ့သည်။ ထိုင်းနိုင်ငံလက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏အောက် တွင်ရရှိထားသောလွတ်လပ်မှု၊ အခွင့်အရေးများ၊ ဆန္ဒပြပိုင်ခွင့်များ၊ အသင်းအပင်း ဖွဲ့ စည်းလှုပ်ရှားခွင့်များကို၊ အသုံးချကာ လူထုကကန့်ကွက်လိုက်ရာ ထနွန်ကစ်တီကာ ချွမ်မှာ တာဝန်မှမထမ်းဆောင်ရသေးမီ ရာထူးကနုတ်ထွက်သွားခဲ့ရသည်။ လူထု၏ ဆန္ဒနှင့်အသံကို ဦးထိပ်ထားနာခံကာ ဆောင်ရွက်လာရသော ထိုင်းနိုင်ငံ ဖြစ်လာခဲ့ပြီ။

လက်ရှိထိုင်းနိုင်ငံအခြေခံဥပဒေသည် ထိုင်းနိုင်ငံပြည်သူများ၏ ဘဝတိုးတက်မှုလမ်းကြောင်းကို ဖွင့်ပေးလျှက်ရှိသည်။ လွတ်လပ်မှုကိုအာမခံလျှက်ရှိသည်။ နိုင်ငံရေးတာဝန်ကြီးကြီးယူထားသူများ၊ အစိုးရအရာရှိများကို ထိမ်းကွပ်လျှက်ရှိသည်။ လူတဦးချင်းစီ၏လုံခြုံမှုများကို အကာအကွယ်ပေးလျှက်ရှိသည်။ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား စသောသတင်းဌာနအားလုံး လွတ်လပ်စွာ လှုပ်ရှားလုပ်ဆောင်ဖြန့်ချိမှုကို ခွင့်ပြုအားပေးလျှက်ရှိသည်။ (NGO)များ လူထုအဖွဲ့အစည်းများ၏ လွတ်လပ်စွာ စည်းရုံး၊ ဖွဲ့စည်းလှုပ်ရှား၊ ဆန္ဒပြတောင်းဆိုမှုများကို အကာအကွယ်ပေးလျှက်ရှိသည်။

ထိုင်းနိုင်ငံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များ၊ အကျိုးသက်ရောက်မှုများ၊ နှင့်ဆက်စပ်ကာ ကျွန်တော်တို့လူထုသည် မြန်မာနိုင်ငံအတွင်း၌ တည်ရှိခဲ့သော အခြေခံဥပဒေများ နောင်တွင်တည်ရှိလာစေရန်ရေးဆွဲလျှက်ရှိသော အခြေခံဥပဒေများ၊ အကြောင်းကို တစေ့တစောင်းလေ့လာရန် အချိန်ရောက်လာပြီဖြစ်ကြောင်း စေတနာရိုးဖြင့် တိုက် တွန်းနှိုးဆော်အပ်ပါသည်။

## References


- *Constitution of the Kingdom of Thailand,* Published in the Government Gazette, Vol 114, Part 55a , dates 11th October B.E. 2540 (1997)

- Robert L. Maddex, *Constitutions of the World*, Congressional Quarterly Inc Washington, DC

- Professor Vitit Muntarbhorn, *Burma, South –east Asia and the Rood to a Democratic Constitution*, Keynote Speech delivered at Seminar on the Democratization, Peace and Economic Development and Burma's Future, Bangkok. (5-6 June,1998)

- *Thailand's 1997 Constitution and Its Counter Corruption Mechanisms*, by

Kramol Tongdhamachart, Ph.D Professor Emeritus, Chulalongkorn University Former First Vice President, The Constitution Drafting Assembly Thailand.

# (အနာဂတ်) ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ **ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ** (အဆိုပြုမူကြမ်း) အပေါ်အဓိကထား၍ **နှီးနှောဖလှယ်ပွဲကျင်းပခြင်း**

*ချူလာလောင်ကောင်တက္ကသိုလ်၊ ဘန်ကောက်မြို့*

၁၉၉၈ခုနှစ်၊ ဇွန်လ(၅–၆)ရက်နေ့များတွင် ဘန်ကောက်မြို့ ချူလာလောင်ကောင်တက္ကသိုလ်တွင် "အရှေ့တောင်အာရှနိုင်ငံများအား ဒီမိုကရေစီစနစ်သို့ကူးပြောင်းရာ၌ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏အခန်းကဏ္ဍ" ဟူသောခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲကြီးကို Forum Asia နှင့် ချူလာလောင်ကောင်တက္ကသိုလ်၊ အာရှလေ့လာရေးသုတေသနဌာနတို့မှ ကမကထပြုကာ ကျင်းပခဲ့သည်။ ယင်းနှီးနှောဖလှယ်ပွဲတွင် ပြည် ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ အဆိုပြုပထမမူကြမ်းအဖြစ် အတည်ပြု ထားသော "အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့၊ စည်းအုပ်ချုပ်ပုံအခြေခံဥ ပဒေမူကြမ်း"ကို အဓိကထားကာ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနိုင်ငံများ၏ ဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေများနှင့် ဆက်စပ်၍ဆွေးနွေးခဲ့ကြသည်။

## ဒေသအတွင်းမှကိုယ်စားလှယ်များ စုံညီတက်ရောက်

နှီးနှောဖလှယ်ပွဲသို့ ဘန်ကောက်မြို့ရှိ နိုင်ငံတကာသံရုံးများမှ သံအရာရှိများ၊ NGOများ၊ သတင်းဌာနများ၊ ထိုင်းတပ်မတော်မှအရာရှိများ၊ ထိုင်းနိုင်ငံ ချူလာလောင်ကောင်တက္ကသိုလ်မှဥပဒေပညာဌာနပါမောက္ခ Vitit Muntarbhorn၊ နိုင်ငံရေးသိပ္ပံဌာနမှ ပါမောက္ခလည်းဖြစ်၊ ထိုင်းနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးကော်မတီတွင် ဒု–ဥက္ကဌအဖြစ်တာဝန်ယူခဲ့သော ပါမောက္ခDr.Kramol Tongdhamachart၊ အာရှလေ့လာရေးသုတေသနဌာနမှ ဒေါက်တာဆူနစ်တို့ခေါင်းဆောင်လျှက် ချူလာလောင်ကောင်၊ သမာဆတ်နှင့် မဟီဒေါတက္ကသိုလ်များမှ ပါမောက္ခများ၊ ကထိကများ၊ သုတေသနပညာရှင်များ၊ ဖိလစ်ပိုင်နိုင်ငံမှ Senator Aquilino Q. Pimental Jr. နှင့် မနီလာတက္ကသိုလ်မှ ဥပဒေပါမောက္ခလည်းဖြစ်သည့်အပြင် ဖိလစ်ပိုင်နိုင်ငံအခြေခံဥပဒေရေးဆွဲရေးကော်မတီတွင်ပါဝင်တာဝန်ယူခဲ့သော ပါမောက္ခ Joaquin G. Bernas တို့အပါအဝင် နိုင်ငံခြားတိုင်းပြည်များမှ တက်ရောက်သူဦးရေ (၈၀)ကျော်ရှိခဲ့သည်။ အမျိုးသားကောင်စီသဘာပတိအဖွဲ့ဝင် ဦးတင်မောင်ဝင်းနှင့် အမျိုးသားညွန့်ပေါင်း အစိုးရဝန်ကြီးများဖြစ်သော ဦးမောင်မောင်အေး၊ ဦးတယ်ရီဘူးရီး၊ ဦးသိန်းဦး၊ အမျိုးသားကောင်စီအတွင်းရေးမှူး အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာနိုင်အောင်၊ ဦးသန်းထွတ်၊ ကေအင်ယူအမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖဒိုစောဘသင်တို့ အပါ

အဝင် ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားအင်အားစု အဖွဲ့အစည်းပေါင်း(၂၀) တို့မှ (၅၀) ဦးတက်ရောက်ခဲ့ကြသည်။

### မြန်မာနိုင်ငံအခြေခံဥပဒေနှင့် စစ်တပ်ကြီးစိုးရေးမူ

ဝန်ကြီးဦးမောင်မောင်အေးမှ အဖွင့်မိန့်ခွန်းပြောကြားရာတွင် ဗိုလ်ချုပ်အောင်ဆန်းချမှတ်သွားခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာလမ်းညွှန်မူ(၇) ချက်မှ အစပြုကာ ၁၉၄၇ခုနှစ်အခြေခံဥပဒေသည် အသွင်သဏ္ဍာန်အရ ဖက်ဒရယ်ဖြစ်သော်လည်း အနှစ်သာရအရ တပြည်ထောင်စံနစ်ဖြစ်ကြောင်း၊ ၁၉၆၂ခုနှစ်တွင် စစ်တပ်အာဏာသိမ်းပြီးနောက် ၁၉၇၄ခုနှစ်၌ ပေါ်ပေါက်လာသော ဖွဲ့စည်းပုံသည်လည်း တပါတီစနစ်ကိုအခြေခံသည့်အပြင် စစ်တပ်ကြီးစိုးရေး၊ စစ်ခေါင်းဆောင်များကြီးစိုးရေးကိုသာ အာမခံချက်ပေးခဲ့သည့် အခြေခံဥပဒေဖြစ်ကြောင်း၊ ၁၉၉၃ခုနှစ်တွင် စတင်ကျင်းပခဲ့ သော အမျိုးသားညီလာခံသည်လည်း တပ်မတော်၏နိုင်ငံရေးဦးဆောင်မှုကို ဖေါ်ဆောင် ရမည်ဟူသောအခြေခံမူပေါ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ဖွဲ့စည်းပုံကို အတုယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တခုရေးဆွဲနေခြင်းဖြစ်ကြောင်း၊ ဆူဟာတိုကျဆုံးပြီးနောက်တွင် စစ်အစိုးရအနေဖြင့် လူထုအပေါ်အင်ဒိုနီးရှားပုံစံ အာဏာရှင်စနစ်ကျင့်သုံးရန် ကြိုးပမ်းနေခြင်းကို ပြန်လည်သုံးသပ်ရန်လိုအပ်ပြီဖြစ်ကြောင်းဖြင့်ပြောကြားသွားခဲ့သည်။

### ထိုင်းနိုင်ငံအတွေ့အကြုံရှင်းပြ

ထိုင်းနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီတွင် ဒု–ဥက္ကဋ္ဌ အဖြစ်တာဝန်ယူခဲ့သော ဒေါက်တာ Kramol က ဒီမိုကရေစီကို ဖေါ်ဆောင်မည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတခုပေါ်ပေါက်လာစေရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်သည် အရေးကြီးကြောင်း၊ ယင်းလုပ်ငန်းစဉ်မှာ လွတ်လပ်ပွင့်လင်းမှုရှိပြီး လူထု၏သဘောထားဆန္ဒကိုရယူကာ လူထုကိုယ်တိုင်ကို ပါဝင်ပက်သက်မှုပေးရမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီကို ပြည်နယ်အသီးသီးမှ ရွေးကောက်ပွဲများဖြင့် ရွေးချယ်စေလွှတ်သော လူထု ကိုယ်စားလှယ်များနှင့် တက္ကသိုလ်များမှ ပညာရှင်များပေါင်းစပ်ကာ ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းကော်မတီဝင်များသည် ပြည်နယ်အသီးသီးသို့ ပြန်သွားကာလူထု ကြားတွင် ဆွေးနွေးပွဲများပြုလုပ်၍ သဘောထားဆန္ဒများရယူခဲ့ကြောင်း၊ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားများတွင် ထိုင်းလူထုသည်ဖွဲ့စည်းအုပ်ချုပ်ပုံကိစ္စကို မည်သည့် ချုပ်ချယ်ဟန့်တားမှုမျှမရှိဘဲ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးခွင့်ရခဲ့ကြောင်း၊ ထိုင်းနိုင် ငံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် လူထုဦးရေတသန်းမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်ခွင့်ရခဲ့ကြောင်း၊ ထို့ကြောင့်ထိုင်းနိုင်ငံတွင် ပေါ်ပေါက်ခဲ့သောအခြေခံဥပဒေ(၁၆)ခုအနက် ယခုနောက်ဆုံးအခြေခံဥပဒေသည် ဒီမိုကရေစီအကျဆုံးဟု ပြော၍ရကြောင်းဖြင့် ဆွေးနွေးသွားခဲ့သည်။

### ဖိလစ်ပိုင်အတွေ့အကြုံ

ဖိလစ်ပိုင်နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးကော်မတီတွင် ပါဝင်ရေးဆွဲခဲ့သော ပါမောက္ခ Bernas က အခြေခံဥပဒေဟူသည် အုပ်ချုပ်သူများကိုပြောင်းလဲနိုင်ပြီး ၎င်းတို့၏အာဏာကို ကန့်သတ်ထားသည့်ပြဋ္ဌာန်းချက်များဖြစ်ကြောင်း၊ မတရားအုပ်ချုပ်မှုများမှကာကွယ်ရန် ဒေါင်လိုက်နှင့် အလျားလိုက် ထိန်းချုပ်မှုများရှိရန်လိုကြောင်း၊ ဒေါင်လိုက်ထိန်းချုပ်မှုမှာ အမျိုးသားအစိုးရနှင့် ပြည်နယ်အစိုးရများကြားတွင် အာဏာနှင့်လုပ်ပိုင်ခွင့်ခွဲခြားထားခြင်းဖြစ်ကြောင်း၊ အလျားလိုက်ထိန်းချုပ်မှုမှာ နိုင်ငံ၏ အာဏာကြီးသုံးရပ်ကို ခွဲခြားကျင့်သုံးခြင်းဖြစ်ကြောင်း၊ ၁၉၈၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ ၏ လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် ရေးဆွဲရေးကော်မရှင်ကို လွတ် လပ်စွာလုပ်ဆောင်ခွင့်ပေးခဲ့ကြောင်း၊ ထိုစဉ်ကသမတ ဖြစ်သူမစ္စစ်အကွီနိုကသူမပြော တာကို ဘာမျှဂရုစိုက်စရာမလို၊ လူထု၏ဆန္ဒကို ယူကာကော်မရှင်အနေဖြင့် လွတ်လပ် စွာ ရေးဆွဲသွားရန်ပြောကြားခဲ့ကြောင်း၊ ကော်မရှင်ကလည်းလူထုစည်းဝေးပွဲများ ပြု လုပ်ကာ သဘောထားယူပြီးရေးဆွဲခဲ့ကြောင်း၊ ယခုအချိန်ထိ(၁၂)နှစ်ကြာခဲ့ပြီဖြစ်သော် လည်း ပြင်ရန်မလိုအပ်ခဲ့ကြောင်း၊ ဖိလစ်ပိုင်ဖွဲ့စည်းပုံအရ သမတမှာတကြိမ်သာ တာဝန်ထမ်းဆောင်ခွင့်ရကြောင်း၊ သမတရားမို့စ်သမတဖြစ်နေစဉ်အတွင်းတွင် သမတအ ဖြစ် ဆက်လက်တာဝန်ယူနိုင်ရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥဒေကို ပြင်ရန် ကြိုး စားခဲ့ကြောင်း၊ သို့ရာတွင်ဖိလစ်ပိုင်လူထုက လက်မခံဘဲကန့်ကွက်ကြသဖြင့် အာဏာ ပိုင်များ၏ ကြိုးပမ်းချက်မှာ မအောင်မြင်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသွားခဲ့သည်။

**စစ်အစိုးရထိမ်းချုပ်သော မြန်မာနိုင်ငံမှ အခြေခံဥပဒေရေးဆွဲရေး**

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သူ ဒေါက်တာမာတာ (ကရင်အမျိုးသားအစည်းအရုံး) မှမြန်မာနိုင်ငံတွင် အာဏာရ၏အစိုးရသည် ဖွဲ့စည်းပုံရေးဆွဲရေးလုပ်ငန်းစဉ်ကြီး တခုလုံးကိုထိန်းချုပ်ထားပုံ၊ ၁၉၉၀၊မေလ ရွေးကောက်ပွဲအပြီးတွင် အာဏာလွှဲပြောင်းမပေးဘဲ ကြေငြာချက် ၁/၉၀ ကိုထုတ်ပြန်ကာ ရွေးချယ်တင်မြှောက်ခြင်း ခံရသူတို့၏တာဝန်မှာ အခြေခံဥပဒေရေးဆွဲရန်သာဖြစ်ကြောင်း စစ်အစိုးရမှကြေငြာခဲ့ပုံ၊ သို့ရာတွင်အခြေခံဥပဒေရေးဆွဲရန် တာဝန်ပေးထားသည့် အမျိုးသားညီလာခံမှာမူ ခုနစ်ပုံတပုံသာရွေးချယ်တင် မြှောက်ခံရသော ကိုယ်စားလှယ်များဖြစ်နေပြီး ခုနစ်ပုံခြောက်ပုံမှာမူ စစ်အုပ်စုစိတ်ကြိုက်ခေါ် ယတက်ခိုင်းထားသော ကိုယ်းစားလှယ်များဖြစ်နေကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သပိတ်မှောက်ထွက်ခွာပြီးနောက်တွင်မူ အမျိုးသားညီလာခံ၌ ရွေးချယ်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်မှာ မပါသလောက်ပင်လွန်စွာ အချိုးအစား နည်းသွားခဲ့ကြောင်း၊ ၎င်းညီလာခံတခုလုံးမှ ချမှတ်ရေးဆွဲနေသော အခြေခံဥပဒေမှာ စစ်တပ်ကြီးဦးရေနှင့် စစ်အာဏာရှင်များကောင်းစားရေး၊ နေရာရရေးသာစီစဉ်ချမှတ် ရေးဆွဲနေခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်များ၌ လူထုတရပ်လုံးကို ကျယ်ပြန့်လွတ်လပ်စွာ ပါဝင်ပတ်သက်ခွင့် ပြုလာနေကြပြီဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ စစ်အုပ်စုက ထိမ်းချုပ်ထားရုံမက အခြားပါတီအဖွဲ့အစည်း

များ၊ လူထုများက အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်လျှင်ပင် ထောင်ဒဏ် (၅) နှစ်မှ အနှစ်နှစ်ဆယ်ထိ ချမှတ်မည်ဖြစ်ကြောင်း၊ ဥပဒေအမှတ် ၅/၉၆ ဖြင့်အတိအလင်းပြဋ္ဌာန်းထားခြင်းမှာ လူထု၏အခွင့်အရေးကို လုံးဝရုပ်သိမ်းထားခြင်း ဖြစ်ကြောင်းဖြင့် ဒေါက်တာမာတာမှ ဆွေးနွေးသွားခဲ့သည်။

**စစ်အစိုးရမူနှင့် အမျိုးသားကောင်စီမူ နှိုင်းယှဉ်**

မြန်မာနိုင်ငံရှေ့နေများကောင်စီ အတွင်းရေးမှူးဦးအောင်ထူးမှ လက်ရှိစစ်အစိုးရ ၏ အမျိုးသားညီလာခံမှ ရေးဆွဲချမှတ်ထားပြီးဖြစ်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံမူများ ပေါ်တွင်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ အဆိုပြုပထမမူ ကြမ်းဖြစ်သော "ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ" အပေါ်တွင်လည်းကောင်း အားကောင်းချက်၊ အားနည်းချက်များကို ရှင်းလင်းဆွေးနွေး သွားခဲ့သည်။ စစ်အစိုးရ၏အမျိုးသားညီလာခံမှ အတည်ပြုရေးဆွဲထားသော အခြေခံမူ များအရ ဥပဒေပြုအာဏာကို ကျင့်သုံးမည့်လွှတ်တော်နှစ်ရပ်လုံးတွင် စစ်တပ်၏ကိုယ်စားလှယ်များက လေးပုံတပုံစီပါဝင်နေခြင်း အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးမည့် သမ တကို ရွေးချယ်မည့်ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် စစ်တပ်၏ကိုယ်စားလှယ်များက သုံးပုံတပုံစီပါဝင်နေခြင်း၊ သမတလောင်းသုံးဦးအနက် တဦးမှာသမတဖြစ်ပြီး နှစ်ဦးမှာ ဒုတိယသမတများဖြစ်ကမည်ဖြစ်သဖြင့်၊ စစ်တပ်မှတဦးရွေးချယ်စေလွှတ်၍ရှိနေ ကြောင်း၊ ထိုစစ်ဗိုလ်သည် သမတဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင်အနည်းဆုံး ဒုတိယသမတဖြစ်မှာသေချာခြင်း၊ ပြည်ထောင်စုအစိုးရဖွဲ့စည်းရာတွင်လည်း ကာကွယ်ရေး၊ လုံခြုံရေးနှင့် ပြည်ထဲရေး၊ နယ်စပ်ရေးရာစသော ဝန်ကြီးဌာနများအတွက် စစ်တပ်မှစေလွှတ်သူ စစ်ဗိုလ်များကိုသာခန့်အပ်ရမည်ဖြစ်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များကိုလည်း သမတကသာ ရွေးချယ်ခန့်အပ်ရမည်ဖြစ်သဖြင့် စစ်တပ်ကခန့်အပ်မည့် ပုဂ္ဂိုလ်များသာလျှင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ဝန်ကြီးချုပ်များ ဖြစ်လာမည်မှာသေချာခြင်း၊ ထို့အပြင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများအတွက် စစ်တပ်မှစေလွှတ်သူများကိုသာ ခန့်ထားရမည်ဟု ပါရှိခြင်းစသည်တို့ကြောင့် လက်ရှိစစ်အစိုးရမှ ချမှတ်ထားသောအဖွဲ့ အုပ်ချုပ်ပုံ အခြေခံမူ ကြောရိုးများအားလုံးသည် ဗဟိုအဆင့်၊ ပြည်ထောင်စုအဆင့်မှ အောက်ခြေအဆင့်အထိ စစ်အာဏာရှင်များသာ နေရာတိုင်း၌အာဏာကို ချုပ်ကိုင်သွားနိုင်ရန်စနစ်တကျ စီစဉ်ချမှတ်ရေးဆွဲထားခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသွားခဲ့သည်။

ထို့အပြင် "ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း" နှင့်ပတ်သက်၍ ပြည်ထောင်စုနိုင်ငံအတွင်း တိုင်းရင်းသားအားလုံး၏ တန်းတူအခွင့်အရေးကို ကျင့်သုံးနိုင်ရန်လည်းကောင်း၊ ဒီမိုကရေစီအခွင့်အရေးများနှင့် ဒီမိုကရေစီစနစ်ကို ကာကွယ်နိုင်ရန်လည်းကောင်း၊ ဥပဒေစိုးမိုးရေးကို အာမခံနိုင်ရန်လည်းကောင်း၊ မည်သည့်ပြဋ္ဌာန်းချက်များကဖော်ပြထားကြောင်း၊ မြန်မာနိုင်ငံ၌ လူထုကြီးစိုးသည့် လူ့အဖွဲ့အစည်း(civil society) တည်ဆောက်နိုင်ရန် ပါတီစုံဒီမိုကရေစီ နိုင်ငံရေးစနစ်၊ လွတ်လပ်သောသတင်းဌာနများ (medias)/ NGO များအပါအဝင် လွတ်လပ်

စွာ ဖွဲ့စည်းခွင့်ရှိမည့်အသင်းအဖွဲ့များ၊ လွတ်လပ်သောတရားစီရင်ရေးစံနစ်၊ လူ့အခွင့်အရေးကော်မရှင် စသည်တို့ဖြင့် အခြေခံဥပဒေနှင့်အညီ တည်ဆောက်နိုင်ရန် မည်သို့ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်းဖြင့် ဦးအောင်ထူးမှ ရှင်းလင်းဆွေးနွေးသွားခဲ့သည်။

**အလုပ်အဖွဲ့များ**

နှီးနှောဖလှယ်ပွဲ၏ ဒုတိယနေ့တွင် တက်ရောက်သူများအားလုံးသည် အလုပ်အဖွဲ့(၄)ဖွဲ့တွင် အသီးသီးခွဲခြားတက်ရောက်ကာ ဆက်လက်ဆွေးနွေးခဲ့ကြသည်။ "ဥပဒေစိုးမိုးရေးနှင့်အခြေခံဥပဒေ" အလုပ်အဖွဲ့တွင် Forum Asia ၏အတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Somchai Homloar မှဦးဆောင်၍လည်းကောင်း၊ "ဒီမိုကရက်တစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏အသွင်လက္ခဏာများ" အလုပ်အဖွဲ့တွင် ပါမောက္ခ Vitit Muntarbhorn မှဦးဆောင်၍လည်းကောင်း၊ "အခြေခံဥပဒေ၊ ဒီမိုကရေစီနှင့်တိုင်းရင်းသားအခွင့်အရေး" အလုပ်အဖွဲ့တွင် ညောင်ရွှေစော်ဘွားကြီး စပ်ရွှေသိုက်၏သားဖြစ်ပြီး Shan Demoratir Umion ၏ခေါင်းဆောင်တဦးဖြစ်သူ Chao-Tzang Yawnghwe မှဦးဆောင်၍လည်းကောင်း၊ "အခြေခံဥပဒေနှင့်စီးပွါးရေး၊ တိုးတက်ဖွံ့ဖြိုးမှု" အလုပ်အဖွဲ့တွင် မြန်မာနိုင်ငံ၏အနာဂတ်စီးပွါးရေးအတွက် အဆိုပြုမူနှင့်လုပ်ငန်းစဉ်များချမှတ်နိုင်ရန် စီးပွါးရေးပညာရှင်များမှ စုစည်းကြိုးစားနေကြသည့်အဖွဲ့တွင် Coordinator တာဝန်ယူထားသော ကိုဇော်ဦးမှ ဦးဆောင်၍လည်းကောင်း ဆွေးနွေးခဲ့ကြ သည်။

အလုပ်အဖွဲ့များ၏ တွေ့ရှိချက်များသို့ နှီးနှောဖလှယ်ပွဲမျက်နှာစုံညီသို့ ပြန်လည်တင်ပြကြပြီး အားလုံးသဘောတူညီသည့် အချက်များကိုအနာဂတ် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲရာ၌ထည့်သွင်းစဉ်းစားနိုင်ရန် အကြံပြုချက်များအဖြစ် တင်သွင်းရန် ဆွေးနွေးခဲ့ကြပြီး ဒုတိယနေ့ကို နိဂုံးချုပ်ခဲ့သည်။


Constitution in Democratization of Southeast Asi
d by Institute of Asian Studies,and FORUM-ASIA
June 5-6, 1998











ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ
ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနီးနှောဖလှယ်ပွဲ
နယူးဒေလီမြို့၊ ၁၉–၂၀ ဒီဇင်ဘာလ ၁၉၉၉








